# သွေးက ပြောသော ဘာသာစကား

✧ လူ့အသက်သည် သွေး . . .
သွေးမရှိ အသက်မရှင်နိုင်။

✧ လူ့မျက်လုံးသည် ဘာသာတရား . . .
ဘာသာမရှိလျှင် သွားလမ်း မမြင်နိုင်။

✧ လူ့အစားအစာသည် ကိုယ်ကျင့်တရား . . .
လူ၌ ကိုယ်ကျင့်တရား မထွန်းကားသမျှ . . .
လူ့အမြင် မြင်ဖို့ နေနေသာသာ . . .
"လူ" ဟူ၍ပင် အမည်မခံထိုက် . . .

သွေးက ပြောသော ဘာသာစကား ■ မဟာဗောဓိမြိုင်ဆရာတော်

လေခကွန္တကထာ
ကျမ်းစာအမှတ် (၁၇)
အတွဲ - ၅/၂

အနန္တကျေးဇူးတော်ရှင်
## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသည့်



# သွေးက ပြောသော ဘာသာစကား

( လောဟိတုပ္ပတ္တိ ဝါဒ ကထာ )

သာသနာ - ၂၅၅၇ ကောဇာ - ၁၃၇၅ ခရစ် - ၂၀၁၄

KoKo Latt(ShweMahar) မိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။

KoKo Latt(ShweMahar) ဓါတ်ပုံ စာအုပ်ကို ပူဇော်သည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

လေခကန္တကထာ

ကျမ်းစာအမှတ်- ၁၇၊ အတွဲ-၅/၂

အနန္တကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

ရေးသားစီရင်အပ်သော

# သွေးကပြောသော ဘာသာစကား

(လောဟိတုပ္ပတ္တိဝါဒကထာ)

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျမ်းဦးနိဒါန်း | ၁ |
| ၂။ | ယုံကြည်ချက်သည် အခန်းတိုင်းဖွင့်ရာ၏ ရွှေသော့ | ၃ |
| ၃။ | သွေးသည်အသက် | ၈ |
| ၄။ | သွေးမှဖြစ်သောဉာဉ်များ | ၁၅ |
| ၅။ | အရင်းအနှီးများစွာဖြင့် အောက်သားများ အညာတက်လာသောအခါ | ၂၄ |
| ၆။ | သွေးမှဖြစ်သော အကျင့်များ | ၂၉ |
| ၇။ | အကြောင်းမဲ့သွေးက အကြောင်းမဲ့များ မွေးဖွားပေးခဲ့ရာ | ၃၅ |
| ၈။ | လူဖြစ်လျှင် လူလိုလုပ်၊ လူရုပ်နှင့် တူကြပစေ | ၄၄ |
| ၉။ | သွေးပြေးကိုကြည့် ကိုယ်အရေးကိုယ်သိကြကုန် | ၅၁ |
| ၁၀။ | ဘာသာသွေး အလေးပေးကြကုန် | ၆၃ |
| ၁၁။ | သွေးပေး၍ သီးသန့်မွေးထုတ်ခြင်း | ၇၃ |
| ၁၂။ | အလေ့ချ၍ အထ ပုံသွင်းပေးခြင်း | ၈၂ |
| ၁၃။ | သညာတွင် ပညာတင်၍ သင်ပေးခြင်း | ၉၄ |
| ၁၄။ | သဒ္ဓါလက်နက် ဤသုံးချက်ဖြင့် ထက်နေအောင်သွေးပါ | ၁၀၆ |
| ၁၅။ | သွေးမှဖြစ်သော ဘာသာစကား | ၁၁၉ |
| ၁၆။ | ကျမ်းပြီးနိဂုံး | ၁၂၅ |

KoKo Latt(ShweMahar) ဓိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



## ကျမ်းဦးနိဒါန်း

**ဘာသာဝါဒါယ ပဝတ္တံ၊ လောဟိတံ သဒ္ဓံ ပစ္စယော။**
**သာပန စတ္တာရော ဓာတော၊ သံဝဗ္ဗုန္တိ မိပတေယျာ။**
**တေဟိ ဗလဝတော ကိစ္စံ၊ သိဗ္ဗတိယေဝ ကိံနာမ။**

**ဘာသာဝါဒါယ** - ဘုရားအစထား ဆရာ ဆရာ့ စကား အစဉ်လိုက်စားခဲ့ရာမှ၊

**ပဝတ္တံ** - ဖြစ်ပေါ်စီးဆင်းလာသော၊

**လောဟိတံ** - သွေးအားများသည်၊

**သဒ္ဓံ (သဒ္ဓါယ)** - အသက်ချင်းနှော သွေးချင်းပြောရာမှဖြစ်သော ယုံကြည်ချက်အား၊

**ပစ္စယော ဥပကာရကော** - ကျေးဇူးပြု၏။

| | |
|---|---|
| **သာပန** | - ထိုယုံကြည်ချက်သည်ကား၊ |
| **စတ္တာရော** | - လေးပါးတစ်တွဲ ကဲဆင့်လျက်က ရှိကုန်သော၊ |
| **ဓမ္မေ အဓိပတေယျာ** | - ဆန္ဒကြီးမှု၊ ဝီရိယကြီးမှု၊ စိတ်ကြီးမှု၊ ပညာကြီးမှုတို့ကို၊ |
| **သံဝုမုန္တိ** | - တိုးပွားစေကုန်၏။ |
| **တေဟိ** | - ထိုအဓိပတိလေးမျိုးတို့ကသာ၊ |
| **ဗလဝတောပန** | - အားကောင်းလာပါမူကား၊ |
| **ကိံနာမ ကိစ္စံ** | - အဘယ်ကိစ္စမဆို၊ |
| **သိဇ္ဈတိယေဝ** | - ပြီးစီးရတော့သည်သာ။ |

## ယုံကြည်ချက်သည် အစမ်းတိုင်းဖွင့်ရာ၏ ရွှေသော့

ဘာသာသည် ယုံကြည်ရာမှ ဖြစ်ပေါ်လာခဲ့၏။ ယုံကြည်ထိုက်သူတို့၏ စကားကို လက်ခံကျင့်သုံး ကိုယ်တွေ့ထုံး ပွင့်ပေါ်ရာမှတည်း။ သို့ကြောင့် ဘာသာဟူသော စကား၏နောက် ဝါဒ တစ်လုံး ကောက်ထည့်ပေးထားရ၏။

ဘုရားစကား ယုံကြည်စွာလက်ခံ ကျင့်သုံးက ဗုဒ္ဓဘာသာဝင်။ အခြားစကား ယုံကြည်လက်ခံ ကျင့်သုံးပါက အခြားဘာသာဝင်။ ဤမျှသာ ကွာ၏။ ဘာသာကား ဘာသာချည်းပင်တည်း။

ယနေ့ လက်ခံ ကျင့်သုံးနေကြသော ဘာသာတို့ မပေါ်ထွန်းမီက ဆိုပါမူ တော၊ တောင်၊ သစ်ပင် နှင့် အရာမဲ့ဥယျာဉ်များကို တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် အားကိုးကြရ၏။ ပူဇော်ပသကြရ၏။ ပူဇော်မှန်းသိ၍ ပိုင်လို ကိုင်လိုသူ လှည့်ဝင်လာသော

KoKo Latt(ShweMahar) ဝိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



အခါတွင်မူကား . . . အိပ်မက်ပေး၍လည်း ယုံကြည်ရန်စကား အာမခံထားလာကြ၏။ ပူးဝင်ပူးကပ်ဖြင့်လည်း ယုံကြည်ရန် စကား အားပေးအားမြှောက်ထားလာကြ၏။ ကိုယ်ထင်ပြခြင်းဖြင့် လည်း ယုံကြည်ရန်စကား ကိုယ်တွေ့ထားလာကြ၏။

ယနေ့တိုင် တောတောင်ထူထပ်ရာ လူသူပါးကျဲရာတို့၌ အစွမ်းပြသကြဆဲတည်း။ မြို့ကြီး ပြကြီးထဲကနေ ဟိုဖယ်၊ သည် ပုတ် လုပ်နေခြင်းကား အသိမန့်စပ်ခြင်းကြောင့်သာ။ ထိုစဉ်က ယုံကြည်ခြင်းကား ကြောက်လန့်ခြင်းကို အရင်းပြု၍ ယုံကြည် ကြရခြင်းပင်။ အင်အားမရှိသေးသောသူအား ကြောက်လန့်စရာ ကား ခြောက်လှန့်မြဲမဟုတ်လော။ လူသူအင်အားကလည်း ယနေ့လို တစ်စုတစ်ဝေးတည်း မစုမိကြသေး။ စိတ်ဓာတ်အင် အားကလည်း ယနေ့လို အသိကြွယ်၊ အမြင်ကြွယ် မဝင့်ထည်ကြ သေး။

ထိုမှနောက် "ကမ္ဘာအစ ဗြဟ္မာကြီး လေးယောက်က" တွင် နှစ်ယောက်ကသာ ဖိုမ ဆက်ဆံရေး ကောက်ကိုင်ပြီး အိမ်ထောင် သားမွေး မျိုးဆက်သွေး ထားရေးသို့ ရှေးရှုသွားကြပြီး ကျန်နှစ် ယောက်တို့မှာမူကား ဗြဟ္မာ့ပြည်က ပါသော ဈာန်တရားအတိုင်း ညွတ်ကိုင်း အားထားလျက်က အိမ်ရာမထောင် အမှောင်မချ နေမြဲ နေလာခဲ့ကြရာ ယခင်များကကဲ့သို့ပင် ဈာန်စိတ်များ ဖြစ်ပွား လာကြ၏။ ဈာန်ဝသီဘော်များ ပွားများလာနိုင်ကြ၏။

KoKo Latt(ShweMahar) ဖိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



ထိုအခါ နောက်ဘဝများကို ပြန်အောက်မေ့နိုင်သောဉာဏ် ဖြစ်ပေါ် လာချေတော့ရာ “ ငါတို့ကား . . . ထာဝရဘုရား၏ သားတော်များ၊ ငါတို့ကား . . . ထာဝရဘုရား ကိုယ်ပွားထားသော တမန်တော်များ၊” ဤသို့လျှင် ကြွေးကြော်လာကြကုန်၏။

ထိုစဉ် လင်ထား၊ မယားဖက်တို့လို မကလက်သည်ကို လည်း အများအသိ၊ အိမ်ထောင်သားဖွင့် အကျင့်မျိုးမဟုတ် သောအကျင့် ကျင့်နေသည်ကိုလည်း အများအမြင်။ ထိုနှစ်ချက် ကပင် ယုံလောက်စရာ ဖြစ်နေချေရာ လူအင်အား၊ စိတ်ဓာတ် အင်အားများကလည်း ကိုယ့်ကိုယ်ကို အားမကိုးလောက် ဖြစ် နေရကား ယင်းတို့အပေါ် အကြွင်းမဲ့ယုံ ပုံအပ်လိုက်ကြပြီ။

သဒ္ဓါသည် ဆေးဝါး မန္တန်များထက်လည်း အစွမ်းထက်၏။ သဒ္ဓါသည် ဘုရင်၊ စစ်သူကြီး၊ သက်ဦးဆံပိုင်ကြီးများထက်လည်း အာဏာကြီး၏။ သို့ကြောင့် ထိုသူများက ငါတာဝန်ယူသည် ဆိုရုံမျှဖြင့်ပင် အရဲပိုလာတော့၏။ “ငါ့အမိန့်တော်” ပြောကာမျှ ဖြင့်ပင် ရောဂါရော၊ ဘယပါ ပျောက်ကင်းသွားကြတော့၏။

ခေတ်မီသူတို့ကား တမန်တော်၏ ထံတော်ပါး ဘာသာဝင် သွားကြပြီ။ ရိုးစွဲတို့ကား ထုံးစံအတိုင်း နတ်ကိုးကွယ်ခြင်းဖြင့်ပင် သောင်တင်နေကြပြီ။ ထိုမှတစ်ဆင့် ဗုဒ္ဓဟူ၍ ဘုရားပွင့်လာ သောအခါတွင်မူကား မိမိကိုယ်ပိုင်ဉာဏ် အသုံးချကာ ခွဲခြမ်း ဝေဖန်တတ်လာသူများက ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်း

KoKo Latt(ShweMahar) ဝိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



ခံယူလာကြပြီး၊ မိမိကိုယ်ပိုင်ဉာဏ် အသုံးမချတတ်သေးသူများ ကား တမန်တော် အမည်ခံသူများ၏ တစ်ဆင့်စကား၌ပင် နား သက်နေခဲ့ကြပြီ။

အားလုံးချို့သော် ယုံကြည်ခြင်းဖြင့် ဘာသာထွန်းကားစေ ၏။ ကြောက်ရွံ့ခြင်းကို အရင်းတည်၍ ဘာသာဝင် ခံယူလာကြ ၏။

ကမ္ဘာကြီးလည်း သက်တမ်းရင့်၊ လူအများလည်း ဘဝစုံ၊ ဘာသာများလည်း အသားကျ ဖြစ်လာသော ယနေ့ကာလ အခါ သမယတွင်ကား ဘာသာရေး သွေးဖြင့် မွေးထုတ်နိုင်ကြပြီ။ ခေတ်မီခြင်း၏ သင်္ကေတတည်း။ ဘာသာသွေး အစွဲဖြင့်ပင် သွင်းပေးနိုင်ကြပြီ။ နည်းပညာ ထွန်းကားခြင်း၏ သင်္ကေတ တည်း။

ဤစာစဉ်ကား . . . အကျင့်မှဖြစ်သောသွေး(စရိုက်သွေး) တို့ကို အခြေခံ၍ ဘာသာသွေး မွေးမြူပေးရပုံများကို ဖွင့်ဆိုပြသ မည်ဖြစ်ရာ မိဘတို့က လက်ခံသင့်သောသွေး၊ လက်မခံသင့် သော သွေးများကို ရွေးစီစစ်၍ မျိုးဆက် သားသမီးများအား ဘာသာအမွေပေးခဲ့ကြရန်နှင့် လက်ဆင့်ခံ သားသမီးများကလည်း ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းကာ အမွေပေးထားခဲ့ပါသော ဘာသာသွေးနှင့် ဘာသာရေးအမွေများကို သွေးမပျက် လက် မပြောင်း တစ်ကြောင်းတည်း လမ်းအတိုင်း ဆက်လက်ထမ်း

KoKo Latt(ShweMahar) ဖိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



ကြရန် တိုက်တွန်းလိုသော စာစဉ်တည်း။

**ဘာသာသွေးလှ၍ ဘာသာအသားကျ ကြပါစေ။**

၁၃၆၄-ခု တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့၊
စံရိပ်ငြိမ် (ကျော်တော)။

## သွေးသည်အသက်

သွေးသည် လူသားတိုင်းအတွက် အသက်တည်း။

ထိုလူသားတိုင်း သွေးဖြင့်ပင် ခန္ဓာကိုယ်ထောက်ပံ့ပေးနေသော ဘုတ်တို့ကို ကြီးထွားစေ ခိုင်မာစေ၏။ သွေးဖြင့်ပင် ခန္ဓာကိုယ် အလုပ်လုပ်စေ၏။ သွေးဖြင့်ပင် စိတ်ကို ဖြစ်ပွားစေ၊ နိုးကြားစေ၊ ဝေဖန်စေ၏။ သွေးသည် လူသားတို့အားကိုးရာ ထောက်ပံ့ရေး စခန်းတည်း။ သွေးသည် လူသားတို့မှီခိုရာ ဝါဒရေးရာ သင်တန်းကျောင်းတည်း။

လေသည် လူသားတိုင်းအတွက် အလုပ်ခွင်လက်နက်တည်း။ ထိုလူသားတိုင်း လေဖြင့် ခန္ဓာကိုယ်အား လှုပ်ရှားစေ၏။ လေဖြင့်ပင် ကိုယ်အမူရာ၊ နှုတ်အမူအရာ သရုပ်ပါစေ၏။

ထိုလေဖြင့်ပင် စိတ်ကိုဆင်ခြင်စေပြီး အခြေနေကို ငံ့လင့်စေခြင်း၊ သေချာသည်နှင့် ဆုံးဖြတ်စေခြင်း၊ ဆုံးဖြတ်ပြီးသည်နှင့် နေရာမှ ထစေကာ ကောင်းရာ ဆိုးထား အာရုံခံစားစေခြင်း မှတ်ချက်ပေး၍ နောင်အတွက် အတေးအစွဲ ချန်ထားခဲ့စေခြင်းအထိ အသိဝင်စေ၏။ သို့ကြောင့် လေသည် လူသားတိုင်း၏ အလုပ်ခွင်သုံး လက်နက်တည်း။ သွေးသည်ကား လူသားတို့ အားကိုးရာ ပို့ဆောင်ရေး ယာဉ်စခန်းတည်း။ သွေးသည် ဝါဒရေးရာ ပင်မစခန်းတည်း။

အမာခံ ကိုယ်ထည်ကြီးသည်ကား သွေးဖြစ်ပစ္စည်းများ ထားသိုရာ ဂိုဒေါင်။ အပူပေး ဓာတ်အားများသည်ကား လေသွားခရီးကြားက စောင့်ကြိုနေကြသော ခရီးသည်များ။

ရေဓာတ်ဖြင့် မြေ,ကြီးပွားစေခဲ့ပြီး လေဓာတ်ဖြင့် မီးဖြစ်ပွားလာစေခဲ့ခြင်းများတည်း။ အများမြင် အထင်ဖြစ်စေသော ဘူတရုပ် ခန္ဓာကို တည်ဆောက်ကြရာ၌ အခြေခံ ထိုဘုတ်ကြီးလေးမျိုးတို့သည် အဓိကဇာတ်ဆောင်များပင်တည်း။

ထိုဘုတ်ကြီးလေးပါး မွေးဖွာပေးရာ (ဘုတ်ပစ္စည်း အမျိုးအစား ၄၂-ပါး ထုတ်လုပ်ပေးရာ) ဌာနကား အာဟာရ ခြောက်ပါးပင်ဖြစ်ရာ. . .

ဆန်၊ ဂျုံ မှသည် အချို၊ အဆိမ့် သတ္တိများ အများအစားထုတ်ယူနိုင်သော အစားအစာများက အမာခံကိုယ်ထည်၊ မြေ

KoKo Latt(ShweMahar) ပိသားစုမှ ဖမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



ဓာတ်၏ ရိက္ခာဖြည့်အာဟာရ။

ဘူး၊ ဖရုံ၊ သခွား၊ ကြံ စသည်များမှသည် ချိုအေးသတ္တိများ အများအစား ထုတ်ယူနိုင်သော အစားအစာများက အမာခံ ကိုယ်ထည်အား မွမ်းမံပေးရသော ရေဓာတ်၏ ရိက္ခာဖြည့် အာဟာရများ။

ဂျင်း၊ ငရုတ် စသည် အပူပေးအခိုး၊ ရှောက်၊ သံပရာ စသည်မှသည် အအေးပေးအခိုးပါသတ္တိများ အများအစား ထုတ်ယူနိုင်သော အစားအစာများက အမာခံ ကိုယ်ထည်လည်း ကြီထွား ရင့်ကျက်စေ၊ သတ္တိကုန် အဟောင်းများလည်း ဖျက် သိမ်းပြီးဖြစ်စေ ပြုပြင်ပေးရန် လေဓာတ်နှင့် ပူးတွဲတာဝန်ယူ။

လက်ဖက်၊ ကြက်ဟင်းခါး စသည်များမှသည် ဖန်၊ ခါး လေသတ္တိများ အများအစား ထွက်ရှိတတ်သော အစားအစာများ က အမာခံ ကိုယ်ထည်ကြီး၏ တစ်ကိုယ်လုံးသို့ သွေးများကို တွန်း ပို့ပေးရန်၊ အပူအားများကိုလည်း ဖြန့်ဖြူးပေးရန် ကိုယ်တိုင်လည်း ကိုယ်ကာယ၊ အမူရာပြတိုင်း ပါဝင်ရန် တာဝန်ယူ။

**မှတ်ချက်**။ ။ ချို၊ ချဉ်၊ ငန်၊ ဖန်၊ စပ်၊ ခါး ၆-ပါးတွင် အငန်ကား ဝမ်းတွင်းဝယ် ကျန်အရသာ ငါးပါးတို့ အပူလွန် ပုပ်သိုးရာမှ လည်း အလိုလိုရနေခြင်း၊ ဓာတ်ထိန်းမျှ ဖြစ်ခြင်းများကြောင့် ဘုတ်လေးပါးတို့၏ အဓိကဇာတ်ဆောင်နေရာ၌ မပါဝင်။

ထိုအာဟာရများ သူတို့သတ္တိသူတို့ အစွမ်းပြလျက်က

KoKo Latt(ShweMahar) ဗိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



တစ်ဖက်နှင့် တစ်ဖက် ခတ်ဖက်လုပ်ကြရာ ဆိုင်ရာဓာတ်အား များ ရုပ်ကိုယ်တွင်း၌ ဖြစ်ပွားလာစေ၏။ ဖြစ်ပွားလာစေရန် အစာ အိမ်၏ အတွင်းရှိ အစာကို ကျေညက်စေနိုင်စွမ်းသော ပါစက တေဇောဓာတ်၏ လောင်စာကူ အပူဓာတ်အားက ဝင်လာသမျှ သော အစာများကို ချေဖျက်ပေးခြင်း ဓာတ်အမျိုးအစား ခွဲခြား သန့်စင်ပေးခြင်းများဖြင့် ဆိုင်ရာဓာတ်အားများ ဖြစ်ပွားလာစေ ခဲ့ကြ၏။

ပါစကတေဇော(အစာအိမ် အလုပ်ခန်း တာဝန်ခံ) က ချက်ဖျက်ပေးသဖြင့် သွေ့အစုနှင့်သူ ကွဲပြားလာသော ထိုဓာတ် သတ္တိ အစိတ်အပိုင်းများကိုကား လေ ၆-မျိုးတို့တွင် စုန်လေ၊ ဆန်လေကို ချန်လှပ်၍ ကျန်လေးမျိုးတို့ဖြင့် ခန္ဓာကိုယ်တစ်ခွင် လုံးသို့ အစာများကို သွေးအဖြစ်ဖြင့် သယ်ဆောင် ဖြန့်ဖြူးပေး၏။

လေများနှင့်အတူ အပူခိုးများကလည်း ဝိုင်းကူတွန်းပေး၏။ သို့ဖြင့် ခန္ဓာခွင်တစ်ခုလုံး သွေးနေရာ သွေးအား သည်းခြေနေရာ သည်းခြေအားမှသည် အရိုး၊ အသား၊ အရေ၊ အကြော စသည်များသို့ပါမကျန် ၃၂-ဌာနစလုံးတို့သို့ ဆိုင်ရာသတ္တိပြ အစိတ်အပိုင်းများ ဖြန့်ပို့ပေးကြ၏။

ဤလူ့ဘဝ စတင်ချိန် အစစွာသော အခြေအနေကား . . . ဘဝ၏ အသက်ဖြစ်သော သွေးကို မိဘတို့၏ သုက်သွေး အမှီ ပြုခဲ့ရ၏။ မိဘတို့၏ သွေးနှစ်မျိုးကြားမှ ထွန်းကားလာသော

ဘ၀ စတင်စ ထိုကလလ ရေကြည်ဥလေးကို ကြီးထွားရင့်ကျက် စေရာ၌ကား မိခင်၏သားအိမ်တွင်းရှိ လေနှင့်အပူအားများကို အမှီပြုခဲ့ရ၏။ ဘုတ်သွင်းဓာတ်အားများကိုလည်း မိခင်စားသုံး သော အစာများကို မိခင်ဝမ်းတွင်းနှင့် မိမိချက်ကြိုး နှစ်ခု ဆက်သွယ်ပေးထားကာ ချက်မမှနေ သွင်းယူ အားဖြည့်ခဲ့ရ၏။ လူ့ဘ၀ လူဖြစ်လိုသူတိုင်း၏ အစစ္စာသော ကံအကျိုးဆက် အဖက်လုပ်ခြင်းများတည်း။

* ဤ လူ့ဘ၀ စတင်စ မိဘသွေးမှချည်း။
* အဖတ်တင်ဖို့ ပီပြင်ဖို့ မိခင်နို့မှ ဖြစ်သည်ချည်း။
* အစာမှချက် သွေးအစက် ချက်ကြိုးဆက်မှ ထွက်သည်ချည်း။

ဤနည်းဖြင့် မိခင်ဝမ်းတွင်းဝယ် ကိုးလကျော်ကြာ ခို အောင်းနေကြရပြီး ခန္ဓာများ ရင့်ကျက်စေခဲ့ရ၏။ အာယတန ခေါ် ဆိုင်ရာတံခါး အကြည်ထားများ ထင်ရှားစေခဲ့ရ၏။ ဘ၀ ရုပ်လုံးကို သွေးဖြင့်ဖော်၍ လေအပူတို့ဖြင့် ဤအခြေသို့ ရောက် အောင်ခေါ်ခဲ့ရ၏။

ယနေ့အခြေအနေကား မိမိခန္ဓာရှိ ၃၂-ဌာနတို့၏ လိုအပ် ချက် သွေးဖြင့် ဆက်သွယ်၍ ပံ့ပိုးရာတိုင်း မိမိ၏ကံ၊ စိတ်တို့က မိဘအရာ၊ ဥတုက သွေးချက်စက်ရုံအရာ၊ အာဟာရ များက သွေးထွက်ပစ္စည်း ကုန်ကြမ်းကြီးအရာတို့ဖြင့် ကိုယ်တိုင် စီမံခွင့်ရနေကြရာ . . .

အစာစားချင်စိတ် ဖြစ်ပေါ်လာပြီ။ စိတ်က နှိုးဆော်ရေးသမား။ အစာစားခြင်းကိစ္စ အကောင်ထည်ဖော်လိုက်ပြီ။ ကံက အိမ်သူမယား။ ဤနည်းဖြင့် အရသာခြောက်မျိုး ခန္ဓာတွင်း အတင်းထိုးပေး နေကြရပြီ။ ဤနည်းဖြင့် အတွင်းအပြင် ဥတုခိုး ခန္ဓာတွင်းဓာတ် မပြတ် နှိုးပေးနေကြရပြီ။

ထိုနည်းအတိုင်း အစာမှသွေး၊ သွေးမှအသား၊ အသားမှ အဆီ၊ အဆီမှအဆီခဲ၊ အဆီခဲမှသုက်သွေးသို့အထိ သွေးများကိုညှစ် သွေးဆီအနှစ်ဖြစ်ပေါ်လာစေရာ စင်စစ် သွေးသည် အသက်တည်း။ စင်စစ် သွေးသည် အသက်ပွား ရတနာ တစ်ပါးတည်း။ စင်စစ် သွေးသည် ဘဝအတွက် အသက်ဆက်ကိရိယာ တစ်ပါးတည်း။

* သွေးသည်အသက် ထိုအချက်
  လက်သင့်ခံကြပါ။
* သင့်သွေးဖြင့်ပင် သင့်အသွင်
  ပီပြင်ကျန လှပြပါ။
* သင့်သွေးဖြင့်သာ သင့်ဘာသာ
  စည်သာထင်းထင်း လင်းပြပါ။
* သွေးဖြင့်အသက် ပန္နက်ကွက်ရိုက်
  ဦးရီးစိုက်၍ လူ့ဥမျိုးရိုး
  ကိုးစားဘာသာ သာသနာ၏

ဂေဟာဆောက်အုံ နန်းမြို့ပုံ
အံ့ဂုဏ်ဖြစ်စေမင်း . . . ။

♦ ♦ ♦

## သွေးမှဖြစ်သောညဥ်များ

လူ၌ ဖြစ်ပွင့်နေကြသော ကျင့်စဉ်များကား အဆိုး သုံးစား၊ အကောင်း သုံးပါးတည်း။ အဆိုးကား တိရစ္ဆာန်ပြည်မှ အမွေခံလာသော ကျင့်စဉ်များ။ အကောင်းကား ဤလူ့ပြည်ရောက်မှ လူနှင့်တူစွာ ပြင်သုံးထားသော ကျင့်စဉ်များ။

ယင်းတို့ကို စရိုက်(စရိတ) ဟူ၍ ခေါ်ဝေါ်သုံးစွဲ၏။ ထိုစရိုက်များကို ညဥ်က ဦးစီး၏။ ညဥ်ကိုကား မနောတွင်းနေ သွေးကပင် စီစဉ်ညွှန်ကြားပေးနေ၏။

ညဥ်သည် လူဖြစ် လူလိုသိ၊ ခွေးဖြစ် ခွေးလိုသိ စသည်ကိုလည်း စီမံခန့်ခွဲပေး၏။ ညဥ်သည် ခန္ဓာအကြိုက် အလိုက်ပေးရာ၌လည်း ဘုတ်အဖွဲ့ဥက္ကဋ္ဌ ဝင်လုပ်သေး၏။ ညဥ်သည် အတိတ်စွဲ ပွဲထုတ် ကပြသရုပ်ဆောင်စေရာ၌လည်း ဒါရိုက်တာ ဝင်လုပ်ပေးသေး၏။

ဉာဉ်သည် ဘဝကောင်းဆိုးအမျိုးမျိုး ကျင်လည်ခဲ့ရစဉ်က စွဲကျန်နေရစ်ခဲ့ကြသော အလေ့များကို အနုသယနှစ်မျိုး (သဏ္ဍာန်မှီ၊ အာရုံမှီ) မှ တစ်ဆင့် လက်သင့်ခံကာ မူရင်းဟန်ပန်အတိုင်း ပြန်လည်ဖော်ထုတ်ရာ၌ သူ့အတူ နှစ်ယောက်မရှိ တစ်ဖက်ကမ်းခပ် စွမ်းနိုင်၏။

သို့ကြောင့် ဉာဉ်စကားပြောလျှင် တိရစ္ဆာန်မပါ ပွဲမပြီး၊ ဘဝသည် တိရစ္ဆာန်မှစခဲ့ရသောကြောင့်။ လူ့အကြောင်းပြောလျှင်လည်း တိရစ္ဆာန်မပါ ပွဲမပြီး။ တိရစ္ဆာန်မှ လူသို့ကူးခဲ့ရသောကြောင့်။ လူနှင့် တိရစ္ဆာန်အကြောင်း ပြောလျှင်လည်း မူလအခြေခံ ဘုတ်မလှန်လျှင် ပွဲမပြီး။ လူရော တိရစ္ဆာန်များပါ ဘုတ်သက်ဖြင့် အသက်ရှင်၊ ဘုတ်အလျင်ဖြင့် ဉာဉ်ဖြစ်လာသောကြောင့်။

ထိုတွင် လူသိ၊ ခွေးသိ သိစေသော ဉာဉ်မှီခိုသော ဟဒယဝတ္ထုခေါ် မနောတည်ရာ နှလုံးအိမ်သည် ကံဖြင့်စီရင်ထားသောအရာ။ ဘဝင်လေခေါ် စိတ်ဆင်ခြင်ရန် နှိုးဆော်ပေးရသော ဇီရဏတေဇောနှင့် တွဲဖက်ရာ ကုစ္ဆိသယလေသည်လည်း ကံဖြင့်စီရင်ထားသောအရာ။

အာရုံကိုဆင်ခြင်ရာ၊ ဘဝကိုနှိုးထစေရာ ထိုနှစ်ခုစလုံးပင် ကံမျိုးချည်းဖြစ်ကြရာ ဘဝင်လေ ဆင်ခြင်စိတ်မှ ထဖြစ်သော ဉာဉ်သည်လည်း ကံနှင့် မကင်းရချေပြီ။

လက်ရှိကံနှင့် အတိတ်ကံတို့ ဆက်သွယ်ရာ ကိရိယာ အစိတ်အပိုင်းတည်း။ သို့ကြောင့် ကောင်းမှုကံမှ ဖြစ်ပွင့်လာသော လူကို လူလိုသိစေလိုသော် ဉာဉ်သည် အတိတ်ကျန် ကံဟောင်း ကံကပ်များနှင့် လက်ရှိကံများဖြစ်သော စိတ်နှီး၊ ကိုယ်လှုပ်၊ နှုတ်ဖွင့် အားလုံးကို ဆက်စပ်ပေးမှ လူသိ သိခွင့်ရသည်။

ထိုစဉ် နှလုံးသွေးနုနု ဘဝင်လေထု မကောင်းမီ ကလေးအရွယ် လူမမယ်များမှနေ မသိမသာ လူလားမြောက်ကာလတွင်ကား လူသားတိုင်း ကြိုက်သင့်ရာ၊ ကြောက်သင့်ရာ သိလာပြီဖြစ်သော အရွယ်တည်း။ ထိုအရွယ်တွင်ကား ဉာဉ်အစွမ်းပြဖများပါ ပြသလာကြပြီ။ စရိုက်ဘက် လုထွက်လာချေပြီ။ ကာလသား လက်,စမ်းပြချိန်တည်း။

မကောင်းမှုကံ အမျိုးမျိုးတို့မှ ဖြစ်ပွင့်လာကြသော ခွေးစသည် တိရစ္ဆာန်များ၌ ဘဝနှင့် လိုက်ဖက်ရာ အသိ သိစေ၊ ရှိစေကြရာ၌လည်း သည့်အတူချည်းတည်း။

လူသည် ခွေးလို မကျင့်တတ်၊ ဉာဉ်က ဇာတ်ကိုဖြတ်ချပေးထားခြင်းကြောင့်။ ခွေးသည်လည်း ကြောင်လို မကျင့်တတ်၊ ခွေးနှင့် ကြောင်တို့အကြား ဉာဉ်က ဇာတ်ခြားပေးထားခြင်းကြောင့်။

တစ်ဖန် ဉာဉ်သည် ခန္ဓာအကြိုက် အလိုက်ပေးရာ၌လည်း မိမိ စတည်းချရာခန္ဓာသည် မည်သည့်ဓာတ် ဘုတ်ကို အမာခံ

ထား မည်သည့်ဓာတ် ဘုတ်များ အရံအဖြစ်ထားသည်ကိုလည်း လှုပ်ရှားပုံကြည့်၍ လှုပ်ရှားမှု သူသိ၏။ မည်သည့်အစာ အား သွန်ခွန်စိုက် အလိုက်ပေးရမည်ကိုလည်းကောင်း၊ မည်သည့် အကျင့် ကျင့်တော့မည်ကိုလည်းကောင်း သူသိ၏။ သိသည့်အ လျောက်လည်း ခန္ဓာရှင်အား ခန္ဓာခွင်နေ သွေးတို့က ဆန္ဒပြ အစာ တောင်းတိုင်း တောင်းတိုင်း မိခင်သည် သားသမီးတစ်ဦးစီတို့၏ အကြိုက်ဟင်းတို့ကို လိုက်ဆယ်ပေးကျွေးနေသည့်ပမာ။ ဆေး ဆရာသည် လူနာနှင့် သင့်ရာ ဓာတ်စာကို ရွေးချယ်၍ ပေးကျွေး စေသည်ပမာ။

ပထဝီဆောင်ခန္ဓာရှင်အား ချိုဆိမ့်များများ၊ အခြား အရံ ထား ဓာတ်ညှိရုံသာ စား။ အာပေါဆောင်ခန္ဓာရှင်အား ချိုအေး များများ၊ အခြားကား အရံထား ဓာတ်ညှိရုံသာ စား။ တေဇော ဆောင်ခန္ဓာရှင်အား ချဉ်ပူစပ်များများ၊ အခြားကား ထိန်းပေးရုံ လေး။ ဝါယောဆောင်ခန္ဓာရှင်အား ဖန်ခါးများများ၊ အခြားကား ထိန်းပေးရုံလေး။

ဤအမာခံအချက်တို့ကို မူတည်၍ ပြောင်းဖူးချက်ဟင်း ကလေး စားချင်လိုက်ထာ၊ ဘူးသီးဟင်းချိုလေး သောက်ချင် လိုက်ထာ၊ ငရုတ်သီးထောင်းပါလျှင်သာကောင်း၊ လက်ဖက်သုပ် ကလေးနှင့် ဆို ပိုသင့် စသည်စသည့် ဓာတ်သက်ဝင် အစာများကို ထိုညဉ့်က ရွေးကောက်ပေးလေ့ရှိသည်သာ။ မွေးရာပါညဉ့်က

ခန္ဓာရှင်အား (ပွဲကိုင်နေရာမှနေ) အစာရှာဖွေ ကျွေးမွေးနေခြင်း တည်း။

**မှတ်ချက်**။ ။ ထမင်း၊ ခေါက်ဆွဲ၊ ကြာဇံစသည်များကား မည်သည့် ခန္ဓာမဆို ပထဝီ-၂၀ တို့ကို အမာခံထား တည်ဆောက်ထားရခြင်းကြောင့် အားလုံးဆိုင် ဘုံစာများမှတ်ပါ။

ထိုမှနောက်တွင်ကား အစာမှဖြစ်သော သွေးအားများ၏ လှုပ်ရှားပုံ အမူရာပြ အတွင်းနေ ကာယဝိညတ်(ကာယတွင်းက ဇ,ထပြနေသော ဉာဉ်သိ) များကြောင့် ဉာဉ်ဖြစ်လာကြရတော့သည်သာ။ လူလားမြောက်လေ သွေးများက သွေးစကားပြောလေလေတည်း။ ထိုဉာဉ်မှ လှုပ်ရှားပြသလာကြသော အမူအကျင့်များကား တစ်ဦးနှင့် တစ်ဦး မတူညီကြပြီ။

(က) ပထဝီဆောင်ကား နှေးကွေး၏။ ဣန္ဒြေကြီး၏။ တန်ရုံနှင့် စိတ်မဆိုး။

(ခ) အာပေါဆောင်ကား အေးဆေးပြီး သွက်လက်၏။ တန်ရုံနှင့် အပြုံးမပျက်။

(ဂ) တေဇောဆောင်ကား ဂနာမငြိမ်၊ ဣန္ဒြေမရ ထစ်ခနဲဆို တုတ်ကြိမ်း၊ ဓားကြိမ်း။

(ဃ) ဝါယောဆောင်ကား ပေါ့ပျက်ပျက် နှစ်ဖက်လှ ထစ်ခနဲဆို သာရာဘက်ပါပြီး။

(င) ခတ်ရော ခတ်ဖောက်များကား များရာစု၊ လုယက်ဝင်၊

ဘာမဆို သူတင်ကိုယ်တင်။

ပွဲကိုင်ဉာဉ်၏ အစီအစဉ်အတိုင်း ထိုခန္ဓာရှင်များ လှုပ်ရှား ပြသလာကြလေသောအခါ အားလွန်ပေါ် သိစိတ်က အသေ ထိုင်၍ ဆန့်ကျင်ဘက်များ၊ သဘောတူများ အားပြိုင်လာချိန် ဉာဉ်အပြင် စရိုက်ဟူ၍ သီးခြား ပြောဆိုခွင့်ရလာချေပြီ။

စိတ်၏ကြံစည်ပုံ၊ နှုတ်ဖွင့်လွှတ်ပုံ၊ ကိုယ်အမူရာစုံများသည် အထက်က ဆိုခဲ့သော ဓာတ်ဆောင်များအတိုင်း ဉာဉ်စရိုက်များ ဖြင့် ဓာတ်ကောင်များ အစွမ်းပြလာချိန်တည်း။ ထိုစဉ် . . .

(က) ပထဝီအစာသည် အစာမှ ရိုးရိုးသွေး၊ ရိုးရိုးသွေးမှသည် သုက်သွေးအထိ အားပေးနေပြီး ချဉ်ဆီအားကောင်းခြင်း၊ အရိုး အဆစ်ခွင်ကျခြင်း၊ အကြောသန်မာခြင်း စသည်များလည်း အ များထက် ထွန်းကားလာချေရာ သုက်သွေးသုံး တဏှာအကျင့်၌ သူမတူ စွာလာပြီ။

**မှတ်ချက်**။ ။ လူဖြစ်က ဘုရင်ဖြစ်လျှင်ဖြစ် မဖြစ်ဇိမ်ခေါင်း၊ နတ်ဖြစ်က သိကြားမင်းဖြစ်လျှင်ဖြစ် မဖြစ်နတ်သမီးအများ ပေါင်းခွင့်ရနတ်သား၊ အခြားတိရစ္ဆာန်စသည်များ၌လည်း ဖို တစ်ကောင် မတစ်သင်း၊ ဤသို့ ကမြင်းခွင့်ရဘဝများစွာ ကျင် လည်ခဲ့ရရာမှ လူသားများ ‘ဇ’ ပါ၊ ဉာဉ်ပါလာကြရာ ဤပထဝီ ဆောင်၊ မဆောင်ကား လိုရင်း မဟုတ်တော့ချေ။ (အခြားလည်း နည်းတူ)

(ခ) အာပေါအစာသည်လည်း အစာမှရိုးရိုးသွေး၊ ထိုရိုးရိုးသွေးမှပင် သုက်သွေးအထိ ထိုးဝင်အားကောင်းချေတော့ရာ ချဉ်ဆီ၊ အဆစ်အမြစ် အကြောများလည်းသန်မာ၊ ခန္ဓာကလည်းစိုပြည်၊ အသားအရေများ အထူးကြည်လင်မည်။ တဏှာကား ပထဝီဆောင်ထက်ပင် သွေးသွက် ဣန္ဒြေလည်း ကလက်သောကြောင့် ထိန်းမရဇာတ် ခင်းကျင်းနေတတ်လှ၏။

**မှတ်ချက်**။ ။ ထိုဓာတ်ရှင် ၂-မျိုးစလုံး တဏှာစေး အထွက်သန်သလောက် အစွဲလည်းသန်ကြမည်။ အဆန်းကို အမြဲတမ်းတ၊ ဆန်းသမျှနောက် ဆန်၍လည်းလိုက်နေကြဦးမည်။

(ဂ) တေဇောဆောင်အစာသည် အပူခိုး သွင်းအားကြီးသော အစာဖြစ်နေရကား အစာမှသွေး တစ်ဖန်သွေးမှ သုက်သွေးအထိ ခရီး၌ သူ့တွင်ပူးတွဲပါသော ပထဝီဓာတ်၊ အာပေါဓာတ်တို့သို့ သတ္တိမျှ ဝင်သွားစေပြီး မူရင်းကား ခန္ဓာ၏ သွေးကြော၊ လေကြော စသည်များ၌သာ ခိုအောင်းနေတတ်၏။ သွေးကို လှုပ်ခါစေပြီး အသား၊ အကြောများပါ ဆတ်ဆတ်တုန်စေသော သတ္တိ သူ့၌ အပြည့်ရှိ၏။ သွေးလေသောင်းကျန်း ဆိုးသွမ်းသည့် အလျောက် ဘာမဆိုလုပ်ရဲ၏။ ပြောရဲ၊ ကြံရဲ၏။ သို့ကြောင့် သူ့အကျင့်ကား ဒေါသခိုး ကြီးစိုးသော ဒေါသကျင့်မျှသာ။

(ဃ) ဝါယောဆောင်အစာသည် လေခိုးသွင်း အားကြီးလွန်းသော အစာဖြစ်နေရကား အစာမှသွေး စသည်များကား ပါလေ

ဟန်မျှသာရှိပြီး၊ လေအားများကသာ ခန္ဓာတစ်ခွင်လုံးရှိ အကြော နှင့်တကွ အရိုး၊ အသား စသည်များအထိ ဖြန့်ကျက်နေရစ်တော့ မည်။ အတိတ်ဆောင်းကံကြောင့်ဖြစ်သော ဘဝင်လေနှင့်တကွ အင်္ဂါကြီးငယ်သို့လျှောက်သောလေ အဖို့အစုများ၌ အစောင့် ချထားသောလေ အထက်လှန်၊ အောက်လျောသော လေပို လေလျှံ အသက်ဆက် ဝင်၊ ထွက်လေတို့ကို အားပေးအားမြှောက် အဖြစ် အထူးထောက်ပံ့နေတော့သည်။

ဤလေများကြောင့် ဉာဉ်စိတ်များနိုးထ ဟိုဟိုသည်သည် လည်း ပျံ့လွင့်ရ၏။ ဉာဉ်စိတ်ထကြွမှုအားကြီးခြင်းကြောင့်လည်း ထိုလေများ ဟိုသည် ပြေးလွှားပေးနေကြရ၏။ ဤလေဆောင် သတ္တိကြောင့်ပင် မောဟသည် ဖြစ်ထွန်းပွင့်ပေါ် ၍လာရသည်။

သို့ကြောင့် လေများ ထန်လွန်းသောအခါ ပျံ့လွင့်စိတ် အားကြီးလာမည် (ဥဒ္ဓစ္စ)။ လေ၌ အပူပါ တွဲပါလာသောအခါ ပူပန်စိတ်သို့ ခရီးစဉ်မည် (ကုက္ကုစ္စ)။ လေများ အားကြီးလိုက် တန့်လိုက်အခါ ဇဝေဇဝါ ချီတုံချတုံစိတ် ဖြစ်လာမည် (ဝိစိကိစ္ဆာ)။ လေများ အားပျော့ မဆော့တော့သောအခါ တွေဝေငေးမော နေမည် (မူရင်းမောဟ)။ အဘိဓမ္မာတို့၏ ဆိုင်ရာများ သဘာဝ ဓမ္မမှ ဆင်းသက်လာခြင်း၏ ပုံပြသက်သေတည်း။

**မှတ်ချက်**။ ။ ဓာတ်ကြောင်၏ ဓာတ်ကောင် လှုပ်ရှားပုံကား အမျိုးမျိုးဖြစ်နေ၍ ဤ၌မပြသာပြီ။

အထက်ပါ အစာနှင့် ဆက်သော ဥာဉ်နှင့် အကျင့်များကို ချုပ်လိုက်သော်-

၁။ ပထဝီဆောင်၊ အာပေါဆောင် ဓာတ်ကောင်တို့၏ မူလ သဘာဝကား ကာမရာဂ တဏှာဝင် လောဘ။

၂။ တေဇောဆောင် ဓာတ်ကောင်များ၏ မူလသဘာဝကား ဗျာပါဒ အာဃာတပင်း ဒေါသ။

၃။ ဝါယောဆောင် ဓာတ်ကောင်များ၏ မူလသဘာဝကား အဝိဇ္ဇာ မုဋ္ဌသွင်း မောဟ။

ယင်းတို့သည် ဓာတ်တို့၏ သဘာဝအရလည်းကောင်း၊ ဘဝကို မိဘမဲ့ အညှီဖွား တိရစ္ဆာန်များမှ စတင်ကြရခြင်းကြောင့်လည်းကောင်း၊ တိရစ္ဆာန်သုံး ဥာဉ်နှင့် စရိုက်များဆိုရ၏။ ထိုစဉ် တိရစ္ဆာန်သော်မှ ပထဝီဆောင် ဖျံ၊ ဝက် စသည်၊ တေဇောဆောင် ကျား၊ သစ် စသည်၊ ဝါယောဆောင် အသီးနှံနှင့်အရွက်စား ငှက်နှင့် ယုန်၊ နွား စသည်များ ဥာဉ်လမ်း ခွဲတမ်းချကြမည်။ သွေးမှဖြစ်သော ဥာဉ်ခန္ဓာအလိုက် အစားအစာများဖြင့် တန်ဆာဆင်ပေးရာမှ စရိုက်ဖြစ်ပုံများတည်း။

♦ ♦ ♦

## အရင်းအနှီးများစွာဖြင့်
## အောက်သားများ အညာတက်လာသောအခါ

တိရစ္ဆာန်မှ လူဖြစ်လာရန် အခွင့်အလမ်းကား အလွန်လျှင် နည်းပါးလှစွာ၏။ မောဟက တိရစ္ဆာန်တို့ဘဝကို ထောင်ပမာ ရှေ့နောက် ပိတ်ဆီး ကာခြားပေးထား၏။ မောဟ၏ ဖုံးပိတ်ထား ခြင်းကို အခွင့်ကောင်းယူ၍ လောဘက ကြိုက်စိတ်ဖြင့်မွှန်း တွန်းခိုင်း၏။ မောဟ၏ ပိတ်ဆို့ပေးခြင်းကို အကာအကွယ်ယူ၍ ဒေါသက မုန်းစိတ်ဖြင့်မွှန်း တွန်းခိုင်း၏။

ထိုတိရစ္ဆာန်များ အိပ်၊ စား၊ ကာမ ဒို့တာဝန်အရေးသုံးပါးမှ တစ်ပါး အခြားမရှိတော့ပြီ။ ရံတစ်ခါ သူတစ်ပါးဖျက် ဘဝပျက်ကို စွဲလျက်က ရှေ့တစ်ဘဝ ဆက်ကြရ၏။ ရံတစ်ခါ မိမိက သူတစ်ပါး ကို ဖျက်ရင်းက မိမိပါပျက် ရှေ့တစ်ဘဝ ဆက်ကြရ၏။

သို့ဖြင့်ပင် အညီဖွားမှ ဥခွံဖွား၊ တဖန် ဥခွံဖွားမှ အမိဝမ်းတွင်းအောင်းဘဝများ တသီတတန်း လမ်းမဆုံး၊ မျှော်

မဆုံး ရက်ပိုင်းဖြင့်လည်း ဘဝသုဉ်း၊ လပိုင်းဖြင့်လည်းဘဝသုဉ်း နှစ်ပိုင်း ကြီးငယ်များဖြင့်လည်း ဘဝသုဉ်း၍ လုံးပါးပါးခဲ့ရချေသည်။

သို့ဖြင့်ပင် ရံတစ်ခါ ကိုယ်ကနိုင်ရာစားဘဝ၊ ရံတစ်ခါ ကိုယ်ကအစာခံ ဘဝများဖြင့်လည်း ဘုံလုံတစ်လှည့် ငါးပုံ့တစ်လှည့် လှည့်ခဲ့ရပေါင်းလည်း များလွန်လွန်းလှချေသည်။

ထိုအခါ ကြိုက်ဉာဉ်၊ မကြိုက်ဉာဉ်၊ မသိဉာဉ်များ အစွဲနာ ခွာမရ၊ ခါချရမှန်းပင် မသိတတ်ပြီ။ ကြိုက် ကြိုက်သလို၊ မကြိုက် မကြိုက်သလို၊ မသိ မသိသလို အကျင့်များလည်း ရင့်ထွားလွန်း အားကြီးနေကြပြီ။

ယင်းမူလသဘာဝ (မောဟ၊ လောဘ၊ ဒေါသ) သုံးမျိုး တို့ကို မူလအခြေတည်ထား၍ အထင်ကြီး မြတ်နိုး၊ စိုးမိုးရန် ယှဉ်ပြိုင်ခြင်း မာန၊ ငါပိုင်သိမ်းပိုက်လိုခြင်း သိမ်းပိုက်ခြင်း ဒိဋ္ဌိ၊ မနာလိုဝန်တိုခြင်း ဣဿာ နှင့် မစ္ဆရိယနှစ်ပါး၊ ရှက်ရကောင်းမှန်း ပင် မသိတတ်တော့ခြင်း၊ ကြောက်ရကောင်းမှန်းလည်း မသိ တတ်တော့ခြင်း အဟိရိက နှင့် အနောတ္တပ္ပ နှစ်ပါး၊ အာရုံလက် လွှတ် စိတ်ထမ်းပိုး ချွတ်ထားခြင်း ထိနမိဒ္ဓ နှစ်ပါး။ ထိုအညစ် တရား မူလခိုများလည်း ဆင့်ပွားလာတော့သည်။

ယင်းအညစ်များ အမှီထား၍ သံယောဇဉ်တရားကိုယ် ဆယ်ပါးစသည့် အယုတ်တရားများလည်း မူလသဘာဝဓမ္မတို့၏

လက်ဝေခံ မူလသဘာဝများအဖြစ် ထိုးဝင်လာကြတော့သည်။

တိရစ္ဆာန် လက်ငုတ် နုတ်ချွတ်ရန်ကား အလှမ်းဝေးလွန်းလှချေသည်။ ထိုတိရစ္ဆာန်တို့၏ တစ်ခုတည်းသော ထွက်ပေါက်မှာ ဥခွံဖွား ဘဝတွင် မိမိ၏ သားငယ်များအား အစာရှာဖွေပေးကမ်းခြင်း၊ ဝမ်းကျောင်းအတတ်သင်ဒါန ဤမျှလောက်သာ။ ဘေးရန် အကာအကွယ်ပေးခြင်း၊ အသွက်မွေးအတတ်သင်ဒါန ဤမျှလောက်သာ။

အကယ်တိတိ ဖိုသတ္တဝါဖြစ်နေပါမူ စားကျက်ထားပေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း ဒါနမျှလောက်သာ၊ ထိုဒါနများ၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာများပါဝင်နေသောကြောင့်။

ထိုအရင်းအနှီးတွင် လူတို့နှင့် အကျွမ်းဝင်ခွင့်ရခြင်း၊ မရသော်မှ မြင်ခွင့်ရခြင်းများ ပေါင်းမိလာသောအခါ လူအစွဲဖြင့် လူထဲ ဝင်ခွင့်ရစေခဲ့ကြပြီ။ လူ့ဘဝရောက် ပထမဆုံးသော လူ့တိရစ္ဆာန်များတည်း။

ထိုစဉ် သာသနာတော်ကြီးနှင့်လည်းကြုံမည်။ သူတော်ကောင်းလည်း ပေါင်းသင်းမိမည်ဆိုက ဗီဇမမှန်သော်မှ ဝန်းကျင်အရံကြောင့် ဒါနမှု၊ သီလမှု၊ ကိုယ်နှုတ်ဖြင့်လည်းပြု၊ စိတ်ကလည်း ဒါနဂုဏ်၊ သီလဂုဏ် ရှေးရှုတတ်လာသော လူ့တိရိစ္ဆာန်အကောင်များ သွားကြလေ နတ်ဘုံ၊ သည်ဘဝ ဆန်တက်ခွင့်မရကြသေးသော်မှ နောင်အတွက် ရိက္ခာစုဘူးကား ထားမိသွား

ကြပြီ။

သာသနာတော်ကြီးနှင့်လည်းမကြုံ၊ ကြုံသော်မှ မလှုံတတ်သော အကောင်၊ သူတော်ကောင်းများနှင့်လည်း မဆုံမိ၊ ဆုံမိကြသော်မှ မယုံတတ်သော အကောင်၊ ထိုအကောင်များကား မူရင်း စွဲ၍ ဆွဲအချ ခံရခြင်းကြောင့် ပြန်ကြလေ တိရစ္ဆာန်ဘုံ။

ဤဆိုခဲ့ပြီး ဓာတ်သဘာဝသုံးစား (ပထဝီနှင့် အာပေါ၊ တေဇော၊ ဝါယော )တို့နှင့် ဉာဉ်ထားသုံးချက် ကျင့်ကွက်သုံးဖြာဓမ္မတာတို့သည် မူလဘဝတို့၏ အနေအထားကို ပြောပြနေခြင်းသာ။ ဤသို့ပြောပြခြင်း၏ ရည်ရွယ်ခြင်းကား မူရင်းနှင့်ကင်း၍ မူဖျား ဖြစ်မလာနိုင်ခြင်းဟူသော ဝမရှိဘဲ ဝိလုပ်၍ မရပုံကို ထင်ဟပ် ပေးခြင်းတည်း။

ယနေ့ ကမ္ဘာ့ဌာန်း နည်းပြလုပ်နေကြသော ဆရာများ တပည့်တို့၏ အစားအသောက်နှင့် စားသောက်ပုံ အမူအရာများ အကဲခတ်၍ ပြုပြင်ပေးနေကြရသည်ကို သတိပြု။

ယနေ့ ထိုကမ္ဘာ့ဌာန်းနည်းပြများသည်ပင် မိမိ၏ တပည့်များ သွားလာလှုပ်ရှားနေပုံနှင့် လေယူလေသိမ်း အသံထွက်များ စနည်းနာ၍ ပြုပြင်ပေးနေကြရသည်ကို သတိပြု။

ထိုအားလုံး စရိုက်နှင့် ဉာဉ်ကို အကဲခတ်၍ ၎င်းတို့နှင့် သင့်တော်မည့်နည်းများ ပေးအပ်ရသည်ချည်းဖြစ်ရာ အစာ၊ သွေး၊ ဉာဉ်၊ စရိုက် ဆက်နွယ်ပုံကား ထင်ရှားနေချေပြီ။ ဤကား

ညဉ့်ဖြင့် အတိတ်စွဲ ပွဲထုတ်ရာ၏ တစ်စိတ်တစ်ဒေသတည်း။

♦ ♦ ♦

## သွေးမှဖြစ်သော အကျင့်များ

- ⁕ သွေးသည်အသက်. . . သွေးချင်းဆက်၍ အသက် ဆွဲဆန့်ပေးနေရခြင်းကြောင့်။
- ⁕ သွေးသည်အသက်. . . သွေးချင်းဆင့်၍ ဉာဉ်အကျင့်ရှက်လွှင့်ပေးနေရခြင်းကြောင့်။
- ⁕ သွေးသည်အသက်. . . သွေးဆိုးကြား သွေးကောင်းထား၍ သူကောင်းလူကောင်းများ ဖွားပေးနေရခြင်းကြောင့်။

အထက်၌ ဉာဉ်စိတ်မှနေ အကျင့်ခေါ် စရိုက် ဖြစ်ပေါ်လာပုံ ထုတ်ဆိုခဲ့ပြီးပြီ။ ဤ၌ကား ဉာဉ်ဆိုး၊ ဘဝဆိုးများမှ ဉာဉ်ကောင်း၊ ဘဝကောင်း ပြောင်းလွှဲထူထောင်ရပုံများနှင့် ဉာဉ်ကြောင့် သွေးများ အရောင်ပြောင်းကာ ဉာဉ်မှတစ်ဆင့် စရိုက်သို့ ကူးဆက်လာရပုံများ ထပ်ဆင့် ထုတ်ဆိုပြမည်။ သို့မဟုတ် အတိတ်စွဲဉာဉ်ပွဲဝင်ခြင်းကို ကန့်ကွက်၍ လက်ရှိဖြင့်တွဲ ပွဲထုတ်ပေးခြင်းများ။

ဉာဉ်တို့ကိုထုတ်ပြရာ၌ လူဖြစ် လူသိဉာဉ်၊ ခန္ဓာအကြိုက်လိုက်သောဉာဉ်နှင့် အတိတ်စွဲ ပွဲထုတ်ပေးသော ဉာဉ်ဟူ၍ သုံးမျိုးခွဲဝေပြခဲ့ရာ အထက်နှစ်မျိုးကား ပြီးစီးခဲ့ပြီ။ ဤ၌ကား အတိတ်စွဲ ပွဲထုတ်ပေးသောဉာဉ်အရ လူတို့ စရိုက်ကွဲလာကြရပုံ ပြသရန် အလှည့်ရောက်လာပြီ။

ယနေ့လူသားတို့သည် သံသရာ တစ်နံတစ်လျား အခေါက်ခေါက် အခါခါ အစုန်အဆန် အသွားများခဲ့ကြပြီ။ ယနေ့လူသားတို့သည် ဘာသာအမျိုးမျိုး၊ လူမျိုးအဖုံဖုံ အစုံ ဝင်ဆံ့ခဲ့ကြဖူးပြီ။

သို့ကြောင့် ယနေ့လူသားများ မျိုးရိုးဉာဉ်၊ မိဘဉာဉ်၊ ပင်ကိုယ်ဉာဉ်များ မွေးရာပါ ဗီဇဉာဉ်အဖြစ် သူ့ထက်သူ အစွမ်းပြလျက် ပွဲထွက်နေကြတော့ရာ ငရုတ်သီး ညပြန်၊ နံနက်ပြန် တီးလျက်က ရာဂသောင်းကျန်း တဏှာပန်း အကြမ်းပရမ်း ပွင့်နေကြပြီ။ လက်ဖက်သုပ် ပလုပ်ပလောင်း အုပ်လျက်ကလည်း ရာဂသောင်းကျန်း တဏှာပန်း အကြမ်းအရမ်း ပွင့်နေကြပြီ။

သည့်အတူ အသားဆီပြန်၊ ဆိမ့်အီလုံ့များ စားသုံးလျက်က ကျီးတီးကျက်တတ် မေ့မက်နေသူများ အရည်ရွှင် အချိုပေါ့ဖြစ်သော ဟင်းအမျိုးမျိုးစားလျက်ကလည်း မေ့ကြောဆွဲ၍ ပျင်းတွဲနေသူများ သို့မဟုတ် ဆတ်ဆတ်ကြဲ အဆဲကြမ်း ဒေါသသရမ်းသူများ အင်နှင့် အားနှင့် ထုနှင့်ထည်နှင့် တိုးပွားလာနေကြတော့ရာ. . .

အချိုအဆိမ့်စားသုံးသူများက ရာဂ၊ ချိုပေါ့စားသုံးသူများကလည်း ရာဂ၊ ချဉ်ပူစပ်သမားများက ဒေါသ၊ ဖန်ခါးစားသမားများက မောဟ၊ မူလဘူတ ဓာတ်သဘာဝတို့၏ ခွဲတမ်းချစကား ဤနေရာမှနေ ရုပ်သိမ်းလိုက်ပြီ။

ယင်းအစား ယနေ့လူသားများနှင့် လိုက်ဖက်ရာစကား ပြောကြားရသော်. . . အတိတ် အာရုံခံစားခွင့် ရခဲ့စဉ်တုန်းက အစွဲနာ အမာရွတ်ပမာ ထင်ကျန်နေရစ်ခဲ့ကြသော အကျင့်များစွာထဲမှ ပွဲဝင်အများဆုံး၊ စိတ်အနှစ်ခြိုက်ဆုံးသော အသိမှတ်ပြု တစ်ခု ဝသီပါအဖြစ် ယခုဘဝပါလာခဲ့ပြီး ထိုဝသီပါ ဝါသနာအတိုင်းလျှင် . . .

ရာဂပွဲ စွဲပြီးသမျှ အစွဲကြီးကြသူများက မမြင်လိုက်နှင့် ရဖို့ချည်း သိနေတော့သည်။ ဒေါသစွဲ အစွဲကြီးသူများက မမြင်လိုက်နှင့် ချဖို့ချည်းသာ သိသိနေတော့သည်။ မောဟစွဲ အစွဲနာသူများက မတွေ့လိုက်နှင့် အ,ဖို့ချည်းသာ သိသိနေတော့သည်။

ဤသို့လျှင် အာရုံအစဉ်၊ ယနေ့အမြင် ဉာဉ်ဖြင့် အတိတ်စွဲပွဲထုတ်ပေးနေကြပြီ ဟူ၍သာ ဆိုခွင့်ရှိတော့သည်။ ထိုစဉ်. . .

ရာဂ ပြင်းထန်သော ချင်ခြင်းတပ် အငမ်း၊

တဏှာသွေး အစေးပေါက် သွေးငန်းလေငန်း ဖောက်သည်အထိ ငြိကပ်နေသော အငမ်း၊

ကာမစ္ဆန္ဒ ရသမျှလို လိုသမျှရ၊ ဘာမဆို ရလိုယူလို မြူလို သည့်အငမ်း။

ယင်းတို့သည်. . . လောဘဟူသော သဘာဝသည် ခန္ဓာက တောင်းဆိုသော သွေးသားလှုပ်ရှားမှု အကြောင်းပြု၍ ဓာတ်စာ အလိုရှိခဲ့၏။ ထိုဓာတ်စာက အကြိုက်ကျသို့ ဆွဲဝင်သွား၏။ မသိမှု အဝိဇ္ဇာနှင့်အတူ ဘဝစတင်ထူထောင်စဉ်က ပါဝင်သော လောဘ နှင့်ပူးပေါင်းသွား၏။ ယင်းလောဘသည် အာရုံကျရာ တစ်စ တစ်စ လိုက်ပါမိခဲ့ရာမှ ယနေ့ ကာမစ္ဆန္ဒ၊ တဏှာ၊ ရာဂဟူသော ဘွဲ့လွန်များဖြင့် ကင်ပွန်းတပ်ခံနေရခြင်းများပင်။

သည်မျှ ဘွဲ့လွန်တို့ တသီတတန်းကြီး တန်းဆွဲခံထားရလျှင် ထိုလောဘသည် ခန္ဓာကိန်း၊ အာရုံကိန်း အနုသယအဖြစ် ဘဝ တိုင်းပါလာနေရပြီ။ ခန္ဓာကိန်းကား သွေးနှင့်အတူ အဖြစ်များပြီး သွေးလှုပ် သမျှ ဉာဉ်ဝင်၊ ဉာဉ်ထွင်သမျှ လိုက်လံကျင့်၊ လိုက်လံကျင့်သမျှ အစွဲတိုးပွား၊ ယနေ့ ဝသီပါ ဝါသနာကြီး (တဏှာဘီလူးကြီး) အစီးခံနေကြရပြီ။

ကုလားဘဝမို့ ငရုတ်သီးစားလည်း ဝါသနာပါကား အသား ကြားက ကစားပြနေပြီ။ ရှမ်း၊ ဗမာမို့ လက်ဖက်ကြိုက်လည်း ဝါသနာကြီးကား အသည်းကြားက ကစားပြနေပြီ။

တစ်ဖန်. . .

အာဃာတပြင်းထန် အခိုးသန်လွန်းသော အကြမ်း၊

ပဋိဃ ပြင်းထန် အတိုက်ထန်လွန်းသော အကြမ်း၊

ဗျာပါဒ ပြင်းထန် တယူသန်လွန်းသော အကြမ်း၊

ယင်းတို့သည်လည်း ဒေါသဟူသော သဘာဝသည် ခန္ဓာက လက်မခံသော သွေးသား ထောင်ထားခြားနားပေးမှု အကြောင်း ပြု၍ လိုရာမရမှု၊ လိုရာရပြီးသား လက်လွှတ် ဆုံးရှုံးခံရမှု၊ မလိုရာ ကလာပြီး စပ်ဖက်မှု ခံရရာမှ ထိုကိစ္စများ၌ အကြိုက်မကျသို့ ဓမ္မတာက ဆွဲဝင်သွားပြီး မသိမှု အဝိဇ္ဇာနှင့်အတူ ဘဝစတင် ထူထောင်စကပင် ပါရှိလာခဲ့၏။

ထိုမှနောက် အာရုံချရာ တစ်စတစ်စ လိုက်ပါမိခဲ့ရာ ယနေ့ စိတ်တွင်းထ ပြစ်မှားခြင်းဖြင့် အားမရကြတော့ဘဲ ခေါင်းမာစွာ ပြုကျင့်ခြင်း၊ အတိုက်အခိုက် အသတ်အပုတ်အားကြီးလာခြင်း၊ ရန်လိုမှု အမြဲထားခြင်းအထိ အဖိခံနေကြရပြီ။

တစ်ဖန်လည်း . . .

အဟိရိက- ရှက်ရကောင်းမှန်းပင် မသိ တတ်နိုင်သော အမိုက်၊

အနောတ္တပ္ပ- (နောင်တစ်ဖန် ပြန်ခံရဦးမည်ကိုပင်) ကြောက် ရကောင်းမှန်း မသိတတ်နိုင်သော အမိုက်၊

မောဟ- အာရုံကြော ဇောမဝင် မြင်လျက်က မမြင်မိ၊ ကြားလျက်က မကြားမိ စသည်များအထိ မှုင်သက်နေသော အမိုက်၊

ယင်းတို့သည်လည်း အဝိဇ္ဇာဟူသော ဉာဏ်ဖြင့်မသိ (သညာက္ခန္ဓာရှိ သညာကပြောသော အသိဖြင့်ပင်) အာရုံမိရာ စိတ်လိုက်ပါစေရာမှ အာရုံ ဝတ္ထုတို့၏ အတွေ့အထိ ပညတ်သိ သိရာသို့ ဆွဲဝင်သွားပြီး အကြိုက်ကျမှု မကျမှုတို့နှင့်အတူ ဘဝ စတင်ထူထောင်စက ပါလာသော မောဟနှင့်ပူးပေါင်း၏။ ထိုမှ နောက် အာရုံဆွဲရာ ထိုမောဟ တွဲလွဲခို ပါမိချေရာ ယနေ့ မသိ တွင် အမိုက်တွဲ အမိုက်ထဲ အမည်းစွဲ ဝင်ခံနေကြရပြီ။

အစဉ်အလာကား ဝါသနာ၊ ဉာဉ်၊ စရိုက်ဖြစ်သော်လည်း ယနေ့ ဝါသနာသွေး မထမီကပင် ဉာဉ်ပွင့် ဉာဉ်မဝင့်မီ အကျင့်ဦး နေကြတော့ပြီဖြစ်ရာ . . . ဤနည်းဖြင့်ပင် ရာဂပူး ဘီလူး တစ် ပိုင်း၊ လူတစ်ပိုင်း အရိုင်းစိုင်းနေကြပြီ။ ဤနည်းဖြင့်ပင် ဒေါသခဲ သရဲတစ်ဝက်၊ လူတစ်ဝက် ဖြစ်နေကြပြီ။ ဤနည်းဖြင့်ပင် မောဟ စီး တင်ကျီးတငေး၊ လူတငေး ဖြစ်နေကြပြီ။

ထိုနည်းဖြင့်ပင် "ကိုယ့်လူ မင်းလည်းလူ၊ ငါလည်းလူ၊ လူလူချင်း ငါ့ကုလားက ခေါ်ပါတယ်ပြောပြီး စားတဲ့ ဖဲသမားလို မလုပ်စမ်းပါနဲ့။" အပြောတွင်ကျယ်နေကြရာ ရုပ်ကသာလူ၊ စိတ်ကား လူစိတ်ဟုတ်၊ မဟုတ် သရုပ်စစ်ကြည့်သင့်ကြပြီ။

♦ ♦ ♦

## အကြောင်းမဲ့သွေးက အကြောင်းမဲ့များ မွေးဖွားပေးခဲ့ရာ

သတ္တဝါတို့၏ အစသည် မသိရာမှပင် စတင်ကြရရိုးရှိရာ ပြင်ပဘူတရုပ် လေးပါးတို့ကို အခြေခံ၍ သံသေဒဇခေါ် အညှိမှ ဘဝစကြရ၏။ အတိတ်အကြောင်းမဲ့တည်း။

ထိုစဉ် မိုးဦးလေဦးကျ အပူခိုး၊ အအိုက်ခိုးများ ထကြွနေခြင်း။ သစ်ဆွေးသစ်ခြောက်နှင့် ရွက်ခြောက်များ မိုးမိရာမှ ပုပ်ရိလာခြင်း။ နေ့ ညနှစ်ပါးတို့၏ အပူအအေးများက ကစားပေးခြင်း။ ထိုအကြောင်းမဲ့ အခြေခံအချက်များ၏အကြားမှပင် အစဦး ဘဝ စတင်ခဲ့ကြရရာ မသိရာမှ စတင်လာခြင်း ဖြစ်ရတော့၏။

တစ်ဖန် ထို ကံ၊စိတ်အကြောင်းမဲ့ ဥတုတစ်ဖွဲ့တည်းဖြင့် ဖြစ်ခွင့်ရ ဘဝသည်လည်း လူမဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်သော်မှ ခန္ဓာသေး၍ အသိ သိရုံလေးမျှသော အသေးစားတုပ်၊ ပျ၊ ပိုး လောက်ငယ်လေးများ (ရေဖြစ်ကလည်း ရေညှိမှီ ပိုးငယ်လေး

များ) မှ စတင်ကြရရာ ဘဝဟူသည် ထိုမသိရာမှ စတင်ခြင်း ဘွင်းဘွင်းပေါ် လာရတော့၏။

ထိုတိရစ္ဆာန်၌ မသိခြင်း မောဟက အခြေခံ၊ ခန္ဓာရသဖြင့် ဓာတ်စာရလိုခြင်း၊ ဝမ်းကျောင်းမှု လောဘတွင် ခန္ဓာရသဖြင့် နေရာမှန်ရလိုခြင်း အသက်မွေးမှု လောဘများက အရံအဖြစ်ဖြင့် ဘဝ ဖြစ်ထွန်းစေကြရ၏။ ယင်း လိုမှုကြောင့်ပင် မလိုမှုဒေါသ လည်း တန်ပြန်အဖြစ်ဖြင့်လည်းကောင်း၊ ထမ်းပိုးထမ်းအဖြစ်ဖြင့် လည်းကောင်း ဖြစ်ပွင့်လာပြန်ရာ . . .

သညာက္ခန္ဓာ၏ မှတ်တမ်းအရ ဝိညာဏက္ခန္ဓာက အသိလုပ်ရခြင်း- **အဝိဇ္ဇာ**။ မိမိခန္ဓာရှိ သွေးသားတို့၏ အလိုအရ အကြိုက်ကျပေးနေရခြင်း- **လောဘ**။ မိမိခန္ဓာက လက်မခံ သည်ကို မကောင်းဟူ၍ အသိအမှတ် ပြုပေးနေရခြင်း- **ဒေါသ**။ ထို တိရစ္ဆာန်၌ ဤစိတ်သုံးမျိုးမျှသာ ထွန်းကား၏။ အစသော် သွေးတောင်းညဉ် နောက်သော် အကျင့်၊ ထို့နောက် ဝါသနာဆင့် ဆင့်လာတော့သည်။

ထို့နောက် ဖျံ၊ ဝက် စသည်ဘဝ အရများလာကြသော အခါ ရာဂစရိုက် အားကြီးလာမည်။ ကျား၊ သစ်စသည်ဘဝ အရများလာကြသောအခါ ဒေါသ စရိုက်အားကြီးလာမည်။ အအိပ်ကြီးသော တင်ကျီးငှက် စသည်ဘဝ အရများလာကြ သောအခါ မောဟစရိုက်အားကြီးလာမည်။

အလေ့မှာအလာများ ခဏပြီးခဏ အာရုံဝင်စားခဲ့ရာမှ အားလွန်ကျင့်များ ထွန်းကားလာခြင်းတည်း။

**မှတ်ချက်**။ ။ ထိုတိရစ္ဆာန်များ၌ပင် စရိုက်လွန် (အကျင့်လွန်) တစ်ခုကောင်းမျှမက နှစ်မျိုးပူး သုံးမျိုးပူး ဘက်စုံထူးများလည်း ဖြစ်ပွားနှင့်နေကြပြီး သုံးမျိုးစလုံးပင် နောက်ခံ၊ ထိုသုံးမျိုးစလုံးပင် ရှေ့ထွက်အားဖြင့်လည်း အုပ်စုလိုက် အစွမ်းပြနေကြပြီ။

ဤနည်းဖြင့် တိရစ္ဆာန်ဘဝပေါင်း ထောင်ပေါ် သိန်းဆောင်း ဂဏန်းပေါင်း မရေတွက်နိုင်ခဲ့ကြပြီ။ ဤနည်းဖြင့်ပင် တိရစ္ဆာန်တို့၏ အလေ့အထ ဉာဉ်ပါရာ အကျင့်ချ 'ဇ' ပြနေကြပြီ။ အဝိဇ္ဇာ(မောဟ)၊ လောဘ၊ ဒေါသ သုံးမျိုးကား တိရစ္ဆာန်တို့ မူပိုင်လက်သုံးများတည်း။

ထိုစရိုက်သုံးမျိုး အတိုးအပွားဖြင့်ပင် ဤလူ့ပြည်ဘက် ခရီးဆက်ခဲ့ကြရာ လူဆိုသော်လည်း သညာပေါ်တွင် သတိတင် ရုံမျှသာရှိပြီး အသိဉာဏ်ပညာများ မယှဉ်မိကြသေးသမျှ လူ့ အရာကား မဝင်ဖြစ်ကြသေး။

အတိတ်စွဲ ဉာဉ် အနုသယ အစီအရင်ဖြင့် ဘဝတွင် ဇာတိသွေးများ အရင်းထည့် များနေသေးသမျှ တိရစ္ဆာန်မှလည်း အရာမကျကြသေး။ ဤအချိန်ခါမျိုးသည် စပ်ကူးမပ်ကူး ကာလ မျိုးပင်တည်း။

ဤ၌ ခန္ဓာစဉ်သွေးနှင့် ဉာဉ်စရိုက်သွေးများ ခွဲခြားသိသင့်

လာကြပြီ။ ထိုစဉ် သွေးသည် အစာမှဖြစ်သော အရည် (အာပေါဓာတ်) ဖြစ်၏။ ထိုအရည်ကား မိမိဌာနရှိနေနှင့်ပြီးသော အစာဖတ်များ နှူးပေးရာ သွားရည်၊ အစာဖတ်များမှပါသော ကစီဓာတ်ရည် ထိုအစာဖတ်များ ချက်လုပ်ရာမှ ပါဝင်လာကြသော ဆီ၊ ငံပြာရည် စသည်များနှင့် ရိုးရိုးရေများ ပေါင်းစပ်မိကြရာမှ ဖြစ်ပေါ်လာ၏။

ယင်းကို အစာများအတွင်း ပါဝင်သော ထုံးဓာတ် (ပထဝီအာပေါတွင်းမှပါ၏) လေဓာတ် (တေဇော ဝါယောတွင်းမှ ပါဝင်၏)၊ နှစ်မျိုးအား အစာအိမ်ခေါ် ပါစကတေဇော ဓာတ်ပေါင်းအိုးကြီးဖြင့် ချက်လုပ်ပေးလိုက်ရာ ထုံးနှင့် နနွင်းရောက သွေးရောင်ပေါ်ပေါက်ရသည်ပမာ အနီရောင်အဖြစ်ဖြင့် သွေးလွှတ်ကြောများသို့ စီးဝင်၏။ ထိုမှတစ်ဆင့် ခန္ဓာတစ်ခွင်လုံး လှည့်ပတ်လျက်က အရိုးဓာတ်ပါသွေးကျများ အရိုးကြားမှာထားခဲ့၊ အသားဓာတ်ပါသွေးမျိုးကျများ အသားကြားထားခဲ့ စသည်ဖြန့်ပို့၏။ (က) ထိုစဉ် အာရုံတစ်ခုဝင်လာသည်ကို ဆင်ခြင်ကြည့်မိရာမှ ဒေါသစိတ်ထန်ပြင်းစွာ ဖြစ်ပွားလာသောအခါ ဘဝင်လေအမှုတ်ကြမ်းခြင်း၊ သွေးလည်ပတ်နှုန်း အပူလွန်အားဖြင့် လည်ပတ်ရခြင်းများကြောင့် နှလုံးသွေး မည်းနက်လာ၏။ ထိုနှလုံးသွေးအရောင် ပြောင်းအတိုင်း အသားရောင်များလည်း မည်းလာ၏။

စက္ခုဝိညာဉ်၊ သောတဝိညာဉ် စသည်ညာဉ်များ စခန်းချ

ရာ မျက်နှာတစ်ပြင်လုံးကား ပို၍ထင်ရှားစေ၏။ ထိုဒေါသ စိတ်ထွက် ကြမ်းသဖြင့် အခိုးလွှတ်ကြမ်း၊ သွေးလွှတ်ကြမ်းများပါ ကြမ်းတမ်းလာသောအခါတွင်မူကား မျက်လုံးများ အရောင်လက်ခြင်း၊ မျက်ရည်ထွက်ခြင်းအပြင် အသားများပါ ဆတ်ဆတ်တုန်ခါ လာတော့၏ (ဖို၊ မချင်းတွေ့ကြရာ၌ အသုံးပြုသော ရာဂသွေးများလည်း နည်းတူ)။ ရိုးရိုးသွေးကို ဒေါသလွန်ညာဉ် သွေးအဖြစ် ပြောင်းလဲအသုံးပြုပုံတည်း။

(ခ) တစ်ဖန် အာရုံတစ်ခုဝင်လာပါသည်ကို လက်ခံ ဆင်ခြင်ကြည့်မိရာမှ လောဘစိတ်ထန်ပြင်းစွာ ထကြွလာသောအခါတွင်လည်း ဘဝ၏ အမူရာပြ အစိတ်အပိုင်းဖြစ်သဖြင့် ဘဝင် (ဘဝင်) အမည်ရသော လေလှုပ်ခတ်ခြင်း၊ သွေးစီးနှုန်းမြန်ဆန်လာခြင်း၊ အပူဓာတ် အားကောင်းလာခြင်းများကြောင့် နှလုံးသွေးလည်း ပုံမှန်ထက်ကဲ ရဲတက်လာ၏။

နှလုံးသွေး အရောင်ပြောင်းသွားသောအတိုင်း အသားရောင်များလည်း နီရဲလာတော့၏။ စက္ခုဝိညာဉ်စသည် ညာဉ်အများစု စခန်းချရာ မျက်နှာပြင် နီရဲခြင်းကား ပို၍ပင် ကဲလာစေ၏။ ရိုးရိုးသွေးကို လောဘလွန်ဉာဉ်သွေးအဖြစ် ပြောင်းလဲအသုံးပြုပုံတည်း။

**မှတ်ချက်**။ ။ ဤစိတ်ဓာတ် နှစ်မျိုးတို့သည် တက်သွေးကို

ဖြစ်စေတတ်ကြရာ သွေးတက်လျှင် စိတ်ထက်၊ တစ်ဖန် စိတ်ထန်လျှင် အကျင့်သန်ကား ဓမ္မတာပင် မှတ်လေ။

(ဂ) တစ်ဖန် အာရုံတစ်ခုလာရောက်တိုက်ခိုက်သည်ကို ဆင်ခြင်ကြည့်ရာတွင် ထိုဆင်ခြင်စိတ်က အာရုံကို အမိမဖမ်းနိုင်ခြင်း၊ အာရုံကပင် မပီပြင်ခြင်း၊ ထိုအချိန် ထိုအာရုံနှင့် ထိုဆင်ခြင်စိတ် မထိတထိ ဖြစ်နေချေရာ ကောင်း၏ ဆိုးသည် မဆုံးဖြတ်နိုင်၊ သို့ကြောင့် ကြိုက်သွေး၊ မကြိုက်သွေးများလည်း 'ဇ' မပြနိုင်ရကား ကောင်းသည်လည်းမဟုတ်၊ ဆိုးသည်လည်းမဟုတ် သမရိုးကျအဖြစ် ကြားနေ ထားပေးလိုက်ရပြီ။

ထိုစဉ် ငေးငိုင်မပျက်သော ဆင်ခြင်စိတ်ဆိုက သွေးများလည်း ညှိုးနွမ်း ပျစ်ချွဲ ညစ်မွဲ နေမည်သာ။ ပြန့်ကျဲသော ဆင်ခြင်စိတ်မျိုးဆိုက သွေးများလည်းဖြူဖတ်၊ ဖြူရော် အနီပြေးပေါ်ရုံသာ။ မဝေခွဲနိုင်သော ချီတုံချတုံမျိုးဆိုက သွေးများလည်း နီကြောင် ဖြူဖတ် တစ်ဝက်စီ ပတ်နေမည်သာ။ ရိုးရိုးသွေးကို မောဟလွန် (ဝိတက်လွန်) ဉာဉ်သွေးအဖြစ် ပြောင်းလဲ အသုံးပြုပုံတည်း။

**မှတ်ချက်**။ ။ ဤမောဟသွေးကား ကျသွေးဖြစ်နေ၍ စိတ်မထန် အကျင့်မသန်ဖြစ်မည်။

ယနေ့ ထိုသွေးဆိုး သွေးတိုးမျိုး လူတစ်ဦး တစ်ဦးစီ၌ပင် ပူးတွဲပါဝင်နေချေရာ. . .

"ဟိုလူ မျက်နှာကြီး မဲသွားပြီ။" နားထောင်လိုက် ဒေါသသံ ပွက်ပွက်ညံလာနေပြီ။ "ဟိုလူမျက်နှာကြီး အဆီတက် ရဲထွက်လာပြီ။" နားထောင်လိုက် လောဘသံ စာစာညံလာနေပြီ။ "ဟိုလူ့ မျက်နှာကြီးက မွဲခြောက်လို့။" ကြည့်လိုက် မထုံတက်သေး၊ ဘာသံမှ မပေး။ ထိုအသံ ထိုဟန်များအတိုင်းလျှင် ဉာဉ်ဆိုး နှိုးဆော်ရာ စိတ်ခေါင်းညိတ် တစ်ဖန် စိတ်အမိန့်ပေးရာ ကိုယ်လိုက်ပါကာ ပြုကျင့်ပေးနေကြရရာ လူသားတို့ခမျာ . . .

ဘာကြံကြံ လူသားဉာဏ်မပါ ရာဂ၊ ဒေါသ၊ မောဟတို့ ပြောရာနှင့် ပြီးနေကြရရှာပြီ။ ဘာပြောပြော လူပြောမဖက် ရာဂ၊ ဒေါသ၊ မောဟတို့ ဝင်အစွက်ဖြင့် ပြီးစီးနေကြရရှာပြီ။ ဘာလုပ်လုပ် လူဟန်မပေါက် ရာဂ၊ ဒေါသ၊ မောဟတို့ အနှောက်ဖြင့် ထိုးဖောက်ပေးနေကြရရှာပြီ။ လူ့အရာမဝင် လူစဉ်မမှီသေး လူသွေးနှင့် ဝေးနေသေးသော လူ့အမည်ခံများပင်တည်း။

ဤစရိုက်ဆိုး ဉာဉ်သွေးသုံးမျိုးတို့သည် သံသရာမြေ ခြေချကတည်းက သွားလေရာ ကိုယ်နှင့်မကွာ ပူးတွဲပါနေချေရာ သင်သည် ယခင်ဘဝက ဉာဉ်စရိုက် သိလိုလျှင် သင်၏ကလေးဘဝကို ပြန်အောက်မေ့ကြည့်လိုက်ပါ။ ရှေးရှေ့ဘဝများက ဉာဉ်စရိုက်များ သိလိုလျှင် သင်၏ကာလသား၊ သမီးဘဝ ပြန်ငုံ့ကြည့်လိုက်ပါ။ ယခုဘဝ လက်တွေ့ဉာဉ်စရိုက်များ သိလိုလျှင် သင်အိမ်ထောင်ကျပြီးနောက် သေအထိကို ကြည့်နေပါ။

ထိုတွင် ယခင်ဘဝ၏ ဉာဉ်ထား စရိုက်ဖွင့်သည် လူလား မမြောက်မီ ကလေးအရွယ်၌ ဇပြနေတတ်လှ၏။ ကာလသား၊ ကာလသမီးများဘဝ အပျိုဘော် လူပျိုဘော် သွေးများ ထကြွ လှုမ်းမိုး လာသောအခါတွင်မူကား ယခင့်ယခင် မူလလက် ဟောင်းများ 'ဇ' ပြလာကြပြီး ယခုဘဝ လူအဖြစ် နေရာဝင်ယူစ ပြုလာကြတော့ပြီ။

ထိုမှနောက် လင်နေရာ၊ မယားနေရာများမှနေ လူတစ်လုံး သူတစ်လုံး ကိုယ်ပိုင်ဘဝ ကိုယ်တိုင်ကိုယ်ကျ ရှုန်းကြရ၊ ကန်ကြ ရသော အခါတွင်မူကား သိုင်းပညာရှင်တစ်ဦး တစ်ဖက်ရန်သူ ကိုင်ဆောင်လာသော လက်နက်ဖြင့်ပင် ထိုရန်သူအား ခုခံအနိုင် ယူနေပါသည်ပမာ၊ ကြုံရာကျပန်း ရလမ်းစ အရထမ်း ဖြစ်လာ ကြတော့ရာ မူလဉာဉ်စရိုက်များ သီးခြားမပြနိုင်ကြပြီ။ မိမိဘဝ အလှပြ သ, မနေနိုင်ကြပြီ။

* နှလုံးသား မရင့်ကျက် ချဉ်ဆီမတက်သေးသောကလေး
  ဉာဉ်သစ်မကျ ဘဝဟောင်းနှင့် ဉာဉ်ဟောင်းမျှ။
* နှလုံးသားရင့်ကျက် ချဉ်ဆီတက်များ
  ဉာဉ်သစ်လည်းကျ ဇလည်းပြ မူရင်းဟောင်း လက်ကမချ။
* နှလုံးသွေးပွက် ချဉ်ဆီထွက်များကား
  ဉာဉ်လည်း ရှုန်းရှုန်း၊ ဇရှုန်းရှုန်း ဗလုံးဗထွေး နိုင်လွန်းလှ။

ဤသည်တို့မှာ ယေဘုယျ သုံးသပ်ချက်များသာ ဖြစ်ကြ၏။

ထူးချွန်သူ လူတစ်ချို့တစ်ဝက်ကား ဤသုံးသပ်ချက်များနှင့် ကွာခြားနေကြမည်သာ။ လာရာလမ်းလည်းမတူ၊ ဆုံရာ၌လည်း မတူ ပါရမီအပါးအထူလည်း မတူကြသောကြောင့်။

♦ ♦ ♦

## လူဖြစ်လျှင် လူလိုလုပ်၊ လူရှပ်နှင့် တူကြပါစေ

ဘဝသည် မိဘနှစ်ဦးတို့အကြား ခေါင်းထိုးဝင်သွားရုံဖြင့် ရနိုင်၏။ လူဖြစ်လိုလျှင် လူ့မိဘနှစ်ဦးကြား ခေါင်းသွင်းပေးထား လျှင်ပြီး၏။ သို့တိုင်လည်း လူ့ဘဝရတိုင်း လူမဖြစ်၊ လူကျင့်ကျင့်မှ သာ လူဖြစ်ရိုးရှိ၏။ စကြာမင်းဖြစ်ထိုက်သော ကံပါသော်လည်း စကြာမင်းအကျင့်ဖြင့် စကြာလမ်း ခင်းပေးမထားသော် မဖြစ်၊ ထားလိုက်မှသာ ဖြစ်သည့်ပမာ။

တိရစ္ဆာန် ကျင့်သည် ကြိုက်လျှင်လိုက်၊ မကြိုက်တိုက်ခိုက် မသိမိုက်စမြဲ။ လူကျင့်သည် ကြိုက်တိုင်း မလိုက်၊ မုန်းတိုင်း မတိုက်၊ မသိတိုင်းလည်း မမိုက်။

(က) ထိုသို့ ဖြစ်ရန်မှာ ဓမ္မ၊ အဓမ္မ၊ တရား၊ မတရား ခွဲခြားသိ အသိရှိပေးနေရမည်။

(ခ) အတ္ထ၊ အနတ္ထ အကျိုးရှိ၊ အကျိုးမဲ့ နှစ်ပါးလည်း ခွဲခြားသိ

အသိရှိပေးနေရမည်။

(ဂ) ကုသလ၊ အကုသလ အပြစ်မဲ့၊ အပြစ်ရှိ နှစ်ပါးလည်း ခွဲခြား သိ အသိရှိပေးနေရမည်။ ထိုသို့ အသိရှိစေလိုလျှင် ဉာဉ် ပြောင်းပေး။

၁။ အကြိုက်တွေ့ ကြိုက်ဖို့ရာလောက်သာသိသော ရာဂဉာဉ် ရာဂစရိုက်မှ သဒ္ဓါစရိုက်အဖြစ်သို့။

၂။ အမုန်းတွေ့ တိုက်ခိုက်ဖို့ရာလောက်သာသိသော ဒေါသဉာဉ် ဒေါသစရိုက်မှ ပညာစရိုက်အဖြစ်သို့။

၃။ အာရုံမတွေ့၊ အမေ့ကောက်နေဖို့ရာလောက်သာသိသော မောဟဉာဉ်၊ မောဟစရိုက်မှ အတွေးအခေါ်သို့။

အဆိုးသုံးပါးသတိဖြင့်ဟန့်တား၊ အကောင်းသုံးပါး သတိဖြင့်ပင် မျှားခေါ်ပေးရန်တည်း။ ထိုသို့ ဟန့်တားခြင်း၊ မျှားခြင်းအလုပ် သတိက အလုပ်လုပ်ရာ၌ စေ့စေ့စပ်စပ် မပြတ်အမှတ်ရနေစေခြင်းဖြင့် အတွေးဖြစ်မှ ဝင်ခွင့်ရသော သညာသိ၊ ပညတ်သိ၊ အဝိဇ္ဇာသိခေါ် မိရိုးဖလာသိကို ဟန့်တားပြီးဖြစ်စေသည်။

ရှုကွက်တွင်းက ပေါ်လာသမျှအတွေ့ သတိက မပြတ်အောက်မေ့ပေးခြင်းဖြင့် အမှတ်မှဖြစ်သော ပညာသိ၊ ပရမတ်သိ၊ ဝိဇ္ဇာသိခေါ် ကိုယ်ပိုင်သိကို ထင်ပေါ်သထက် ထင်ပေါ်စေသည်။

ထိုမှတစ်ဆင့် ရှုကွက်နှင့် မိမိ အလွန်ရင်းနှီးသော မိတ်ကောင်းပမာ ပြတိုင်းရှု၊ ရှုတိုင်းပြအဖြစ်သို့လည်းကောင်း၊ ပျောက်

လျှင်မျှော် ခေါ်, ပြန်ရောက်လာသည်အထိသို့လည်းကောင်း ရင့်ကျက်၊ ပေါင်းစည်း၊ ကျွမ်းနှီးလာချိန်သို့ ရောက်လာလျှင်ကား သတိနောက်ဝီရိယ အကူအထောက်လိုက်၍ ထိုသတိ ရှုကွက်တွင်းသို့ စူးစူး စိုက်စိုက်သွင်း၊ ရဲရဲတင်းတင်းဝင်၊ စိတ်ပါလက်ပါ ဆင်ခြင်ပေးလိုက်ပါသော် စိတ်ဖြစ်ဉာဉ်သည် မိရိုးဖလာသိ (ဝင်မှန်းသိရုံ ထွက်မှန်း သိနေရုံ)မှ ဖြစ်ပျက်မြင် သမာဓိရှင်၏ အသိမျိုးသို့ ထိုးဝင်လာခဲ့ပြီ။

ယင်းကိုပင် စိုက်မြဲသတိ၊ ဖိမြဲဝီရိယတို့ဖြင့် ဆင်ခြင်ပေးနေပါသော် ဖြစ်ပျက်မြင် သမာဓိရှင်၏ အမြင်အသိမှ ခွဲထွက်လာကာ ရုပ်နှင့်နာမ် (အထိနှင့် အသိ)တို့၏ မရောမယှက် သူ့အကွက်ကျနှင့်သူ အလုပ်လုပ်ပေးနေကြပုံ၊ သူတွက်၊ ကိုယ်တွက် ထိုအကွက်ကို အပေးအယူနှင့်ဖက် ကြောင်းကျိုးဆက်ပေးနေကြရပုံ။

ထိုအကွက်ထဲမှပင် အဖြစ်၏ ရိပ်ပျောက်ပျောက် ကုန်ဆုံးနေပုံ တွေ့နေရခြင်း၊ အပျက်၏ ထိုးကျ ပျက်စီးသွားပုံများကို တွေ့နေရခြင်း၊ အဖြစ်ရော အပျက်ပါ ဘာမှရေရေရာရာ မရှိကြပုံများကို တွေ့နေရခြင်းဖြင့် ယင်းတို့၏ သဘာဝလက္ခဏာများ တိုးဝင်လာပုံ အချိန်ကုန်လိုက် ရှုကွက်အားစိုက်ကြည့် ဖြစ်ပြီးပျက်မှတစ်ပါး အခြားမရှိပုံ စသည်များ မီးခိုးကြွက်လျှောက် တွေ့သိခွင့် ရစေတော့ရာ . . .

သမာဓိရှင်၏အမြင် မိရိုးဖလာညာဉ် အမြင်များမှ ပညာရှင်၏ အမြင်ထား ဘွားကနဲကြီးရောက်သွားပြီ။ ကိုယ့်အကြောင်းကိုယ် ကောင်းကောင်းကြီးအသိရှိလာပြီ။ ကိုယ့်အကြောင်းသိသဖြင့် သူ့အကြောင်းနှင့်တစ်ကွ တစ်လောကလုံး အကြောင်းလည်း ကောင်းကောင်းသိလိုက်ပြီ။

ဓမ္မ၊ အဓမ္မ တရား၏၊ မတရား၏ အသိ ခွဲခြားသိဖြင့် သိသိ လာနေပြီ။ အနတ္တ၊ အတ္တ အကျိုးမဲ့အလုပ်၊ အကျိုးရှိအလုပ် ဟုတ်တိပတ်တိ သိသိလာနေပြီ။ အကုသလ၊ ကုသလ အပြစ်ရကိစ္စ၊ အပြစ်ကင်းကိစ္စ ဒိဋ္ဌပတ္တသိဖြင့် သိသိလာနေပြီ။ သို့ကြောင့် လူဖြစ်ခန်း အလှမ်းမဝေးပြီ။ လူ့အရာဝင် နေရာစဉ်နေပြီ။

အန္ဓဗာလပုထုဇဉ် ကန်းကလည်းကန်း၊ မိုက်ကလည်းမိုက်၊ စိတ်ညစ်ကိုယ်ပေစရာတွေကလည်း ဗလပျစ်နှင့် လူမစစ်သေးသော လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းလူသားမှ ကလျာဏပုထုဇဉ် ကောင်းတော့လာပြီ။ သို့သော် ကိလေသာက နေရာချဲ့နေတုန်းဆိုသော လူတစ်ပိုင်း နတ်တစ်ပိုင်း လူသားသို့ ကူးဝင်မိလာသောကြောင့်။

အကယ်တိတိ. . . ထိုမှတစ်ဆင့် ဘဝသည်ဖြစ်ပျက်အစဉ်တို့ကို တစ်ကွက်ပြီး တစ်ကွက် ဆက်၍ အသက်ရှင်နေချေရာ ထိုဖြစ်ပျက်စဉ်ကို ဖြစ်ပျက်မြင် သမာဓိညာဉ်ဖြင့် လမ်းဆုံးအထိ

လိုက်လံကြည့်မိလျှင် ဖြစ်ပျက်လည်းဆုံး၊ ဘဝလည်းသုဉ်းဖြင့် ဘာမှမရှိရာမှလာသဖြင့် ဘာမှမရှိရာသို့ ပြန်သွားခြင်း ရှင်းရှင်းလင်းလင်းကြီး အမြင်ဆိုက်သွားပါမူကား ဖြူစင်သော မိမိ ပင်ကိုယ်သိမှုသာရှိတော့သော ရန်သူဆို ဟန့်တား၍ မိတ်ဆွေဆို တံခါးဖွင့်ပေးထားသော အရိယာ ရေအလျင်သို့ ကူးဝင်သွားသော လူသားစစ်စစ်ဖြစ်သွားပြီ။

**သမ္မောဓိပရာယနော** - အထက်အထက်ခရီးသို့သာ အပြီးဆက်မည့်လူသား။ **သတ္တက္ခတ္တုပရမော** - လူမှုနတ်ဘက် တလှ့င်လှ့င် တလူလူ တက်မည့်လူသား။ **ဝေသာရဇ္ဇပတ္တော** - ဘာသာဝါဒ ရေးရာများ၌ ရဲရင့်ပွင့်လင်း အမြင်ရှင်းသည့်လူသား။ ထို၍ စသည် ဂုဏ်ထူးများနှင့် ပြည့်စုံလုံလောက်သွားပြီ ဖြစ်ခြင်းကြောင့်။

၌ဆိုခဲ့ပြီး ပညာရှင်၏ အမြင်ခရီးတွင်း၌ပင်. . .

(က) မိရိုးဖလာသိ သညာသိတို့မှ ဖြစ်ပျက်မြင် သမာဓိရှင်၏ အသိ၊ ရုပ်၊နာမ်ကွဲ ကြောင်းကျိုးသိ၊ လက္ခဏာအမြင် ပညာရှင်၏အသိ ဝင်လာချိန် တရား၌ယုံသော သဒ္ဓါ စတင်လာပါပြီ။

(ခ) တစ်ဖန် ရုပ်၊နာမ်တို့၏ ဖြစ်ပြီးပျောက်၊ ပွဲအစနှင့် ဗျောခေါက် တစ်ချိန်တည်းပဲဆိုသော အမြင်ပေါက်လာချိန်တွင်ကား တရားတော်၏ ဧဟိပဿိကသို့ သဒ္ဓါယုံ ခါးဆုံချ၍

ဝင်သွားပြီ။

(ဂ) ထိုမှနောက် ခန္ဓာအတွင်းပိုင်းကျကျအထိ စိုက်ချထားသောသတိ ထိုးဖောက်ဝင်မိသွားရာမှ ထိုရုပ်နှင့် နာမ်တို့၏ အပျက်မျှကိုချည်း မြင်သိလာရချိန်အခါတွင်မူကား မိမိ၌ချစ်သော ကာမ တဏှာ၊ သူ့အပေါ်၌ချစ်သော ကာမ တဏှာ အနားမလာရဲ သဒ္ဓါက လမ်းခွဲ လွှတ်လိုက်ပြီ။

(ဃ) ထိုမှနောက် ဝိပဿနာ (ကိုယ့်အကြောင်းကို သိရန် အထူးရှုကြည့်ပေးရသောအလုပ်)ဉာဏ်တို့၏ အထွဋ်အထိပ်ရောက်ရှိ သွားသောအခါတွင်မူကား သတိသည် ကိလေသာအတားများကို နိုင်နင်းစွာ ထိန်းချုပ်ပေးလာနိုင်သဖြင့် ဉာဉ်လည်း မထ၊ 'ဇ'လည်း မပြရဲ၊ စရိုက်များလည်း ခွာရှဲသွားကြရရာ ပင်ကိုယ်သိသည် အားကုန် ရှင်သန်လာပြီ။ ပညာသိကား အထူးရင့်ကျက်လာပြီ။ စိတ်သည်ကား ဖြူစင်စပြုလာပြီ။ အာရုံကောင်း လမ်းကြောင်းပြုလည်း သဘောမျှအသိ အမြင်ရှိလာပြီ။ အာရုံဆိုး ထိုးပြုလည်း သဘောမျှအသိ အမြင်ရှိလာပြီ။

ထိုအချိန်သည် ဓမ္မဂုဏ်၌ အယုံ သာ၊ ဘဝတဏှာကိုပါ အလာမခံလိုသော နေရာတည်း။ (ထိုတရားရှင် တဏှာမှ သဒ္ဓါသို့ သည်မျှ ပြောင်းလဲပေးနိုင်ခဲ့လျှင် ဒေါသမှ ပညာ၊ မောဟ (တွေ၊ ပျံ့၊ ငေး) မှ သမ္မာဝိတက်သို့ ပြောင်းလဲပေးရန်ကား အထူးအား

စိုက်ရန် မလိုပြီ။ သဒ္ဒါ တဏှာ ပြောင်းလဲရာ၌ပင် အတွဲလိုက် အတွဲလိုက် ပြောင်းပွဲဆင်ပြီး ဖြစ်သောကြောင့် . . . ။)

**လူဖြစ်တုန်း လူ့အလုပ် လုပ်သဖြင့် လူရုပ်နှင့်တူသွားခြင်းများတည်း။**

♦ ♦ ♦

## သွေးပြေးကိုကြည့် ကိုယ့်အရေးကိုယ်သိကြကုန်

* သွေးသည်အသက် . . . သွေးချင်းစက်၍
အသက်တိုရှည် ဖြစ်စေသည်ကြောင့်။

* သွေးသည်အသက် . . . သွေးနှင့်ဖက်၍
ဉာဉ်၊ စရိုက်ထွက် အသက်ဝင်စေသည်ကြောင့်။

ဤလူ့ဘုံသည် ကုန်သည်တို့ဈေးကွက်ချရာ ဖုန်။ ဤလူ့ဘဝသည်ကား ဘာမဆို အရယူနိုင်သော ငွေရှင်၊ ကြေးရှင် ပိုင်သူများ။ ဘဝသည် ဓာတ်လေးပါး ပုံကြမ်းခုတ်၍ အရုပ်ဖော်ပေးနည်းဖြစ်သော ဓာတ်ကောင်ဘဝ တိရစ္ဆာန်မှစရသော်လည်း ထိုတိရစ္ဆာန် ဘဝကား စေလိုရာစေနိုင်သော ဘဝမျိုးမဟုတ်ချေ။ ဤလူ့ဘဝသည်သာ စေလိုရာစေနိုင်၏။

လူသည် စေလိုရာစေနိုင်သော ရုပ်၊နာမ်သတ္တိထူးများ လက်ဝယ်၌ကိုင်ခွင့်ရကြပြီး ထိုးဖောက်သိမြင်နိုင်သော ဉာဏ်နှင့်

အသိနောက် လိုက်ပါ ဖြည့်ကျင့်ပေးနိုင်သောရုပ် ပူးတွဲပါရှိ၏။ နှိုင်းချင့်စရာ သုခ၊ ဒုက္ခ အမျိုးအစား နှစ်ခုစလုံးလည်း လူ့ဝန်းကျင်ဘေး၌ ပုံပေးခံထားရ၏။

ထိုမှအပြန် တိရစ္ဆာန်ကား ရုပ်သာရှိပြီး ဉာဏ်မရှိ၊ သုခကင်းဘိ ဒုက္ခမျှသာအတိ။ အထက်အရပ် ဘုံစံနတ်ကား ဉာဏ်သာရှိပြီး ဘုတရုပ်မရှိ၊ သုခတင်းပြည့်၊ ဒုက္ခကားမရှိ။

လူ့ဘုံသည်ကား ဉာဏ်ပါသော ရုပ်၊နာမ်စုံ ခံစားရာ ချမ်းသာ ဆင်းရဲ အတွဲလိုက်ရှိနေသည့်အပြင် အထက်ကလာသူ၊ အောက်ကတက်လာသူများလည်း ခြေချင်းလိမ် ရှုပ်ယှက်ခတ် ကြုံဆုံနေရ၏။ အထက်တက်မည့်သူ အောက်ပြန်မည့်သူများ၏ ရိက္ခာများစု လူစုနေကြသည်ကိုလည်း တွေ့နေရ၏။ အကြွေးပေးရန်လာသူ အကြွေးတောင်းရန်လာသူများနှင့်လည်း နေ့စဉ် ဆက်ဆံခွင့်ရနေ၏။ သင်တန်းပြပေးမည့်သူ သင်တန်းတက်လိုသူများကလည်း ဝန်းကျင်ရပ်မခြား ပတ်လွှားနေသေး၏။

လူ့ပြည်သည်ဇုန်၊ လူ့ပြည်သည် ပဒေသာဘုံ၊ လူသည် ပဒေသာ ကုန်တည်း။ ရောင်းဝယ်ဖလှယ်ရာ၌ ဈေးမှန်၊ကြေးမှန် ရသွားသူများကား သွားကြလေ သူဌေးနေရာ။ ရောင်းမှားဝယ်မှား ဖလှယ်မှားများကြောင့် ကုန်ရှုံးသွားသူများကား သွားကြလေ ဆင်းရဲသားရပ်ကွက်။

ထိုစဉ် လူ့ပြည်ရောက်သဖြင့် လူ့အလုပ် လုပ်သူများအ

တွက် အထက်၏အထက် တစ်ဆင့်ပြီးတစ်ဆင့် ဝင့်တက်ခွင့်ရသွားကြရာ လူအလုပ်ကား မရှုံးသော ကိန်းသေတရားတည်း။

တိရစ္ဆာန်ပြည်မှ အရင်းအနှီးအဖြစ် ရင်းနှီးပြီးသားသော လောဘ (ရာဂ)၊ ဒေါသ၊ မောဟ ဉာဉ်၊စရိုက်များ၊ ဉာဉ်စရိုက်များအရ ထွန်းကားနေသော သွေးနှင့် သွေးရောင်များကို အထက်ကပင် ပြဆိုခဲ့ပြီးပြီ။

တစ်ဖန်လည်း တိရစ္ဆာန်မျိုး ထိုဉာဉ်၊စရိုက်ဆိုးများကို သတိဖြင့် ဟန့်တားသင့်ရာ ဟန့်တား၊ အားပေးသင့်ရာ အားပေးလျက်က ဉာဉ်ကောင်း စရိုက်ကောင်းများဘက် တက်လာခဲ့ရပုံများကိုလည်း ထိုအထက်ကပင် ပြပြီးဖြစ်ခဲ့ပြီ။ ဤ၌ကား စရိုက်ကောင်းထွန်း ဉာဉ်ကောင်းများ သွန်းလောင်းပေးမှုကြောင့် သွေးများပါ အရောင်ပြောင်းလဲလာကြပုံ ပြရန်ရှိတော့သည်။

ထိုသို့ အကျင့်ပြောင်း၍ ဉာဉ်ကောင်းမွေးထုတ်ပေးရာ၌. . .

(က) သူ့စရိုက်နှင့်အလိုက် နည်းမှန်တစ်ခုချင်းလိုက်၍ တစ်ခုချင်း ပြောင်းလဲပေးခြင်း၊

(ခ) သူ့စရိုက်နှင့်အလိုက် နည်းမှန်တစ်ခုထီးတည်းလိုက်၍ အားလုံးပြောင်းလဲပေးခြင်း၊

နှစ်မျိုးရှိ၏။ ထိုတွင် စရိုက်တစ်ခု နည်းတစ်ခုဖြင့် အလဲအလှယ်ပြုစုနည်းက သမထသက်သက်၏အလုပ်။ စရိုက်သုံးခု

နည်းတစ်ခုတည်းဖြင့် အလဲအလှယ်ပြုစုနည်းက သမထတွင် ဝိပဿနာပါ တွဲဖက်သော အလုပ်။

သို့ကြောင့် အထက်ကဆိုခဲ့ပြီး ဉာဉ်ပြောင်း၍ စရိုက် ကောင်း ဖြစ်လာပုံကား ဝိပဿနာနည်းအရ ကျင့်ရင်းသိ၊ သိရင်းကျင့်လျက်က ရင့်ကျက်မှုအလိုက် ဉာဉ်၊စရိုက်တို့ ပြောင်းလဲလာပုံ ပြဆိုသောနည်း မှတ်လေ။

သမထနည်းအရကား . . .

(က) ဗုဒ္ဓါနုဿတိ မှ ဥပသမာနုဿတိ အထိ နည်း ၆-မျိုးဖြင့် တဏှာမှ သဒ္ဓါသို့။

(ခ) မေတ္တာပွားနည်း တစ်ခုတည်းဖြင့် ဒေါသမှ ပညာသို့။

(ဂ) အာနာပါနပွားနည်း တစ်ခုတည်းဖြင့် မောဟနှင့် မိစ္ဆာဝိတက်များမှ သမ္မာဝိတက်သို့။

ဤသို့လျှင် သတ္တဝါနှင့်လက်နက် တန်ရာတန်ရာဖက်၍ ပစ်ခတ်နှိမ်နင်းပုံပမာ၊ စရိုက်တို့၏ အနုအကြမ်းလိုက်၍ ပြောင်းလဲ ပေးတတ်ကြရာသည်။

**မှတ်ချက်**။ ။ တဏှာအား အသုဘ ဆယ်ပါးတို့ဖြင့် အကြမ်းသတ်သတ်နည်း သီးခြားပြထားခြင်း ရှိနေသော်လည်း ဤစာစဉ်ကား အပြောင်းအလဲ စာစဉ်ဖြစ်နေ၍ တဏှာနေရာ သဒ္ဓါအစားထိုးဖြင့် ပြလိုက်သည်။

ထိုသို့ အထက်ကဆိုခဲ့ပြီး နည်းတစ်ခုတည်းဖြင့် အားလုံး

ပြောင်းလဲပေးသောကြောင့်ဖြစ်စေ၊ ဤဆိုခဲ့ပြီး သူ့ဆိုင်ရာစရိုက် သူ့ဆိုင်ရာ နည်းဖြင့်တိုက်၍ ပြောင်းလဲပေးသောကြောင့်ဖြစ်စေ မူလစရိုက်များ တစ်စတစ်စပြို၍ လူ့စရိုက်များ အလိုလိုကိန်း တည်လာသောအခါတွင်မူကား . . .

ချင်းချင်းနီ သွေးများနေရာ သွေးဝါက နေရာဝင်ယူပြီ . . . သဒ္ဓါ အားကြီးလာခြင်းကြောင့်။ မည်းမည်းနက်သွေးများနေရာ ပတ္တမြား အရောင်ထွက် ဝင်းဝင်းလက်လက်သွေး သွေးက နေရာဝင်ယူပြီ . . . ပညာအားကြီးလာခြင်းကြောင့်။ ဖြူရော်မှုန်မွဲ သွေးပျစ်ချွဲနေရာ ကြည်လင်တောက်ပ နီရောင်ပြ သွေးက နေရာဝင်ယူပြီ . . . အတွေးမှန်လာခြင်းကြောင့်။

* အသားတော်ဝါ ချိုကြည်သာ
  သဒ္ဓါကောင်းလို့ မှတ်ကြကုန်။
* အသားတော်ဝါညက် သွေးဝင်းလက်
  ပညာထက်လို့ မှတ်ကြကုန်။
* အသားတော်စို ရောင်နီခို
  မှတ်ဉာဏ်ပိုလို့ မှတ်ကြကုန်။

ထိုမှအပြန် မူလသွေးဆိုး အထိုးကြမ်းရာမှ ဖြစ်သော သွေး တို့၏အရောင် ဖြစ်နေခဲ့ပါမူ . . .

* မျက်နှာနီရဲ မျက်ရည်ဝဲ တဏှာဆွဲလို့ မှတ်ကြကုန်။
* မျက်နှာကြီးမဲ မျက်မီးစွဲ ဒေါသဆွဲလို့ မှတ်ကြကုန်။

* မျက်နှာမှုန်မွဲ မျက်ခွံတွဲ မောဟဆွဲလို့ မှတ်ကြကုန်။

အထက်ပါတို့သည် လူ၌ စိတ်ပြောင်းတိုင်း သွေးရောင်နှင့် အသားအရေများ၏ အရောင်များပါ လိုက်လံပြောင်းလဲ ပေးနေရပုံများဖြစ်ကြသည်။

တစ်ဦးထီးတည်း သမထနည်း တစ်နည်းတည်း ရှုလျက်က ဝိပဿနာဘက် တက်လာစဉ် ပထမ မူလသွေးရောင်များအတိုင်း ရှိပြီး အတွေးသိနှင့် မှတ်သိ (သညာနှင့် သတိ)တို့ နယ်လုနေချိန် သီလပိုင်း (အကျင့်ပိုင်း) ကာလအတွင်း ဝင်လာချိန် မောဟ၏ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ ဝင်ဖိစီးနေခြင်း ချီတုံချတုံ အနှောက်ခံနေရခြင်း များနှင့်အတူ မတင်မကျစိတ်များ ပြန့်ပွားနေချေရာ မျက်နှာသည် သုန်မှုန်နေတတ်၏။ အမူအရာလည်း နွေးကွေးနေတတ်၏။ ထိုင်းမှိုင်းတစ်လှည့်၊ မာတစ်လှည့်ဖြင့်လည်း စိတ်အတက်၊ အကျ ဖြစ်နေ၏။ မောဟစရိုက်အတိုက်ခံနေရပြီ။

ထို့နောက် စိတ်များ တုတ်တပြက် ခားတပြက်ကြားမှပင် အခိုက်တည် အတည်များလာပြီး ဝိပဿနာ၏အဝင်ဝ ရုပ်၊ နာမ်ကွဲ ကြောင်းကျိုးသိ ဖြစ်လာနေချိန် မျက်နှာတစ်ပြင်လုံး ဒေါသရောင် လွှမ်းနေချေပြီ။ အချို့ စိတ်တိုနေတတ်သေး၏။ အသွားအလာပို၍ ငိုင်ကျလာ၏။

ဘဝအဆက်ဆက်မှသည် ယမန်နေ့အထိ မိမိသိခဲ့သော အသိများနှင့် ဆန့်ကျင်လာသော အသိမျိုး ယနေ့ တိုးမိနေသော

ကြောင့် ဖြစ်၏။ ဝေဒနာက ချဲ့ကား၊ သညာက လှည့်စား၊ ဝိညာဉ်က လိမ်စား၊ တစ်ဖက်အာရုံများကလည်း ညှို့စား၊ အစားခံခဲ့ရာမှ ယနေ့ ကိုယ့်စိတ်နှင့်ကိုယ်၊ ကိုယ်ပိုင်သိ သိလာချိန် အနုဿယ ဉာဉ်များနှင့် ဝိပဿနာဉာဉ်တို့ တိုက်ကွက်အကြား စိတ်ရောက်သွားခြင်းကြောင့်လည်း ဖြစ်ဟန်တူ၏။ ဒေါသစရိုက် လွှမ်းမိုးနေချိန်တည်း။

ထိုမှတစ်ဆင့် ဝိပဿနာဉာဏ်စဉ်များ၏ အစစ္စာသော သမ္မသနဉာဏ် (အမှန်အတိုင်း သုံးသပ်နိုင်လာပြီဖြစ်သော လက္ခဏ အမြင်ပေါက်ဉာဏ်)ဝင်လာသည်နှင့် ထိုစိတ်ပို၍ပင် ယောက်ယက်ခတ်လာ၏။ သွေးများအတက်အကျ မြန်ဆန်လာခြင်းကြောင့်လည်း မျက်နှာရှိ သွေးရောင်များ ဖျော့လာလိုက်၊ မည်းသွားလိုက်ဖြစ်နေ၏။ စိတ်များလည်း နွေးသွားလိုက်၊ တက်လာလိုက် ကစားနေတတ်၏။

စရိုက်သွေးက ထပြသော သမထ၏ အာရုံနိမိတ်များကလည်း (အာရုံလိမ် မြင်ယောင်၊ ကြားယောင်၊ ပြင်ပနိမိတ်များ) ဝင်နှောက်လာတတ်၏။ စိတ်မနိုင်သော် သို့မဟုတ် စရိုက်ဆိုးသုံးမျိုး တစ်မျိုးမျိုး အားကြီးနေသော် ရူးပင်ရူးသွားတတ်သေး၏။ ဝိတက်စရိုက်ရှေ့မှုနေ ကြိုတိုက်နေပြီ။

ထိုမှတစ်ဆင့် ဖြစ်ပျက်မြင်ဉာဏ် (ဥဒယဗ္ဗယဉာဏ်)ဝင်လာချိန် သတိ၏ မှတ်ချက် မှတ်အားများက အလွန်အမင်း

ထက်သန်လာခြင်းကြောင့် ဖြစ်ပျက်များ ပိုမြန်ဆန်လာ၏။ တွေးချိန်၊ ငေးချိန်မရတော့လောက်အောင် ပြကွက်များက မြန်ဆန်နေချေရာ အမှတ်မှ အမှတ်သို့ချည်း ဆက်တက်နေရတော့၏။

ထိုအချိန် စရိုက်ဆိုးသွေးများ ငုတ်စပြုသွားကြပြီဖြစ်ရာ စိတ်သည် ရွှင်သွက်လာ၏။ စိတ်ကြောင့်ဖြစ်သော အရောင်အလင်းများ ဝမ်တွင်း၌၊ အချို့ စိတ်တွင်း၌ အထင်အရှားဖြစ်ပေါ်လာ၏။ အားကြီးသူများ ပြင်ပအထိပင် ထွက်ပြူလာတတ်သေး၏။

ယင်းနှင့်အတူ မိမိ၏ ကမ္မဋ္ဌာန်းအလုပ်၌ နှစ်သက်အားရသဘောကျလာခြင်းမှဖြစ်သော ပီတိ၊ စိတ်စဉ်ရွှင်လန်း ကိုယ်မပင်ပန်းရာမှဖြစ်သော ပဿဒ္ဓိများနှင့်အတူ လုပ်ခအကျိုးခံစားခွင့် ကိုးမျိုး ထိုးဝင်လာရာ လိုချင်နှစ်သက်စိတ်နှင့်အတူ ဘဝနိကန္တိက လောဘ၊ ဤလူ့ဘဝအား နှစ်သက်သောလောဘသည် မွေးရာပါ အခွင့်အရေး ရယူလက်ခံခြင်းအဖြစ် ဝင်ချလာ၏။ ရာဂစရိုက် လိုက်လာပြီ။ စရိုက်ဆိုးသုံးမျိုးတို့ ကမ္မဋ္ဌာန်းသမားအား လိုက်လံနှောင့်ယှက်ရာ၏ ဇာတ်ဝင်ခန်းတည်း။

နိကန္တိက၏ လုပ်ခ ကိုးမျိုး လက်ထိုးခံနေချိန် ရှုကွက်ကြားက ဖြစ်ပျက်များ မှုန်ဝါးဝါး။ သတိ၏ အလုပ်ခိုကိုး ကြိုးစားလာချိန် ရှုကွက်ကြားက ဖြစ်ပျက်များ အထင်အရှား။ စရိုက်ဆိုးသုံးမျိုးတို့၏ ခေါင်းဆောင် နိကန္တိတဏှာနှင့် စရိုက်ကောင်း သုံးပါး၏

ကိုယ်စားလှယ် သတိတို့ ခန္ဓာစဉ်ရှိ စိတ်၊ ဝိညာဉ်ကို ဤနေရာ၌ အပြိုင်အဆိုင် စည်းရုံးသိမ်းသွင်းနေကြပုံဖြစ်၏။ နိကန္တိ တဏှာက အလင်းရောင် ပီတိ စသည့်ကိုးပါးနေလမ်းသို့ မြားပြ ဆွဲဆောင်နေ၏။ မှတ်ချက်ယူ သတိက မြင်တွေ့နေကျ ဖြစ်ပျက်မြင် လမ်းအတိုင်း မြားပြဆွဲခေါ်၏။

စရိုက်ဆိုး အပိုင်အကိုင်ခံထားကြရသော စိတ်ပိုင်ရှင်များ သည်မှာနေခဲ့ကြ။ စရိုက်ဆိုး အထိုးမကြမ်းသော စိတ်ပိုင်ရှင်များ ကား ထိုအချိန် ဆင်ခြင်ဉာဏ် ဝင်လာမြဲ။

ဟင်း . . . ဒါကြီးက သွားရင်းသွားရင်းက လမ်းစပျောက်၊ အင်း . . . ဒါကျတော့ သွားရင်းသွားရင်းက ပိုထင်ရှားလာ။ တန်တော့ . . . ဒါလမ်းမှန် ဖြစ်ရမယ်၊ ဟိုဟာ လမ်းမှားပဲ။

ထိုအသိအမြင်များ ဝင်လာကြကာ ရှုနေကျ ဖြစ်ပျက်မြင်ကို သာ လက်မလွှတ်စတမ်း ဖမ်းရှုတော့၏။ ရှုသလောက်လည်း ပိုရှင်း၊ ပိုလင်းလာ၏။ ပို၍သွက်လာပြီး ပို၍ကြည်လာ၏။ ပို၍လည်း ကြည့်ကောင်းလာ၏။ စရိုက်ဆိုးမလိုက်သာဘဲ တဏှာ၏ ဆန့်ကျင်ဘက် သဒ္ဓါစရိုက် အပြီး လိုက်လာခြင်း ကြောင့်တည်း။

ထိုမှနောက် ထိုသဒ္ဓါစရိုက် အားကိုးလျက်က မုဒ္ဓေတုဌ် သမ္မာဝိတက်စရိုက်၊ ပဋိသင်္ခါ၌လည်း သမ္မာဝိတက်စရိုက်များ အားကောင်းလာ၏။ သင်္ခါရုပေက္ခာ၌ကား ပညာစရိုက် အား

ကောင်းလာကာ ပညာစရိုက်မှ ပညာသို့ကူးရန် ဟန်ပြင်ဆင်နေပြီ။ မဂ်ဟဲ့ဆို ပညာဝင်ပြီ။

ဤသည်တို့မှာ စရိုက်ဆိုးမှ စရိုက်ကောင်းသို့ နည်းတစ်နည်းတွင် ဝိပဿနာ အစီအရင်ဖြင့် ပြုပြင်ပြောင်းလဲပုံ အကြမ်းစားများဖြစ်ကြ၏။ ဤအတိုင်းချည်း အားလုံး မမှတ်သင့်။ တစ်ဦးနှင့်တစ်ဦး လာရာလမ်းချင်းမတူလျှင် ဆုံရာ၌လည်း တူလိမ့်မည်မဟုတ်။ ဆုံရာ၌ မတူလျှင်လည်း ကြုံရာ၌လည်း တူလိမ့်မည် မဟုတ်ချေ။

တစ်ဖန်လည်း ကမ္မဋ္ဌာန်းခွင် စဝင်ကတည်းက သတိအသုံးချပုံ အပျော့၊ အပြင်း စိတ်ပါ၊ စိတ်မပါ လိုက်၍လည်း တစ်ဦးနှင့်တစ်ဦး တွေ့ပုံ တူကြလိမ့်မည် မဟုတ်ပြီ။ အချို့ ဉာဏ်စဉ်ငုတ်တချည် ပေါ်တလှည့်နှင့် အချို့ ဉာဏ်စဉ် စင်သော်မှ မှုန်ပြပြ၊ အချို့သာ ကျကျနန၊ ဉာဏ်တို့၏ ဓမ္မတာအစဉ်ကား ပုံမှန်သာ။

ထိုသို့ ဉာဏ်တို့၏ အဆင့်အလိုက် စိတ်ပြောင်း၊ စိတ်ပြောင်းလာသလောက်လည်း သွေးများ အရောင်ပြောင်းလာတော့ကာ အသားအရေများပါ ပြောင်းလဲလာပုံကို အသားဖြူသူများသည် ဆေးရောင်အနု၊ အရင့် အဆင့်ဆင့် လက်ခံသော ပိတ်ဖြူပမာဖြစ်ရာ အသားဖြူသူများ၌ ပို၍သိသာ၏။ ညိုသူ၊ မည်းသူတို့၌ကား အမူရာပြမျှသာ ထင်ရှားမည်။ ထို

ညှိမည်းတို့ကိုကား ပြောစကားအသံ၊ အသွားအလာဟန်၊ ကိုယ်ခန္ဓာလှုပ်ရှားပုံသဏ္ဌာန် ယင်းတို့ဖြင့် ချိန်တိုက်ကြည့်ရုံသာ။

ထိုစဉ် ဝိပဿနာတို့၏ အထွဋ်အထိပ်ဉာဏ်ဖြစ်သော သင်္ခါရုပေက္ခာ ဉာဏ်တွင်းသို့ ဆင်းလာသူ မည်သူမဆို စိတ်တည်ငြိမ်နေသလောက် ကန္ဒြေအားလုံး တည်ငြိမ်ခဲ့ညားနေသည်။ လောကဓံ အကောင်း အဆိုး ဘာကဝင်တိုးတိုး အတုန်အဖြုံမရှိ ပင်ကိုယ်သိဖြင့်သာ ပြီးပြေသွားမည်။ ထိုမှရှေ့ ခန္ဓာဉာဏ်လွန်မြောက် မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်၏တံခါးပေါက် ဖျောက်ကနဲရောက်သွားသူများကား . . .

ပို၍ပင် အသားအရေများ ကြည်လင်လာကြမည်။ ပို၍လည်း ကိုယ်အမူရာ၊ နှုတ်အမူရာများ ယဉ်ကျေးသိမ်မွေ့လာကြသည်။ သင်္ခါရုပေက္ခာဉာဏ် ရင့်ကျက်ပိုင်းမှ မဂ်မကျမီအတွင်းရှိ ကမ္မဋ္ဌာန်းသမား၏ ထိုင်ပုံကိုကြည့်လျှင် ကျောက်ဆင်းတု တစ်ဆူကဲ့သို့ သပ္ပာယ်တည်ငြိမ်လှသည်။ မျက်နှာ အသွင်အပြင်များလည်း ကိလေသာကင်း၊ အကြည်အလင်းဖြင့် ကြည်ညိုစဖွယ် ကန္ဒြေကိုဆောင်နေသည်။ ပြောဟန်၊ ဆိုဟန်များလည်း သမ္မာရင့် ဝါရင့်ကြီးများ၏ လေသံနှင့် သဘောထားများ ပြွမ်းနေတော့သည်။ စိတ်တို့၏ ရွှင်ခြင်း၊ သွက်ခြင်းများနှင့်အတူ သွေးရောင်များလည်း လက်လက်ပြနေသည်။

အကယ်တိတိ . . . ဉာဏ်အားလုံးတို့၏ အထွဋ်အထိပ်

အရဟတ္တမဂ် ဖိုလ်အထိ ချိတ်မိသူများ ဖြစ်ကြပါမူကား ဖြူသူတို့၌ ထန်သီးမှည့်၏ ဝင်းဝင်းဝါပမာ သဒ္ဓါသွေး၊ သဒ္ဓါရောင်များ အမြဲ လွှမ်းမိုးနေတော့မည်။ စိတ် ကိလေသာမဝင် ဖြူစင်သလောက် လည်း အတွင်းနေ နှလုံးသွေးများလည်း လက်လက်တောက် နေကြမည်။ ထိုအဆင့် မရောက်မီ အနာဂါမ်၊ သကဒါဂါမ်၊ သောတပန်တို့၌လည်း သူ့နေရာ သူ့စိတ်ထားများနှင့်အတူ အမူ အရာ၊ ဟန်၊ သဏ္ဍာန်များ အသွင်ပြောင်းခြင်း၊ သွေးသားများ၏ အရောင်များ အသွင်ပြောင်းခြင်းများ ထင်ရှားစေမည်။

သွေးသည်အသက်၊ သွေးချင်းဆက် အသက်တို့ရှည် ဆက်နေသောကြောင့်တည်း။ သွေးသည်အသက်၊ သွေးဖြင့်ဖက်၊ ဉာဉ်စရိုက်ထွက် အသက်ဝင်နေသောကြောင့်တည်း။

**သွေးပြေးကိုကြည့် ကိုယ့်အရေး ကိုယ်သိကြလေကုန်။**

♦ ♦ ♦

## ဘာသာသွေး အလေးပေးကြကုန်

လူ့အသက်သည် သွေး . . . သွေးမရှိ အသက်မရှင်နိုင်။ လူ့မျက်လုံးသည် ဘာသာတရား . . . ဘာသာမရှိလျှင် သွားလမ်း မမြင်နိုင်။ လူ့အစားအစာသည် ကိုယ်ကျင့်တရား . . . လူ၌ကိုယ်ကျင့်တရား မထွန်းကားသမျှ လူ့အမြင် မြင်ဖို့နေနေ သာသာ လူဟူ၍ပင် အမည်မခံထိုက်ပြီ။

ထို လူ၊ ဘာသာ၊ ကိုယ်ကျင့်များ၏ တာဝန်ခံကား သဒ္ဓါတရားတည်း။ သို့ကြောင့်လျှင် လူ့ဥစ္စာတို့တွင် သဒ္ဓါတရားသည် အမြတ်ဆုံးဟူ၍ ဘုရား ဟောတော်မူခဲ့သည် မဟုတ်လော။

ထိုသဒ္ဓါသည် ညစ်ကြေးမတင် စိတ်ဖြူစင်သဖြင့် တင့်တယ်ခြင်း အသွင် ဆောင်ပေးတတ်သော သောဘနရာသိ (ဘဝ တင့်

တယ်ရေးအုပ်စု)နှင့်တွဲ၏။ အညစ်ဝင် အပြစ်သင့် ဖြစ်စေသော အကုသလရာသိ ခေါ် အယုတ်တရားများနှင့် မည်သည့်အခါမျှ မတွဲဟုဆိုလို၏။

ဘဝကိုတင့်တယ်လှပစေသော ဖြူစင်အေးငြိမ်းစေသော မိမိအတွက်သာမက အများတို့ကိုပါ ကယ်တင်နိုင်စွမ်းရှိသော ထိုသောဘနရာသိ ခေါ် ဘဝတင့်တယ်မှု ပြုလုပ်ရေးများကိုကား တွဲရုံမျှမက သူကပင် ဆွဲခေါ်ဦးမည်။

သဒ္ဓါသည် မှန်ကန်မြင့်မြတ်သော တရားတော်၌သာ ယုံကြည်တတ်သော အလေ့ရှိ၏။ အမှန်တရား၌ သဒ္ဓါတရားက ယုံကြည်နေသော် အမှတ်ရမှု အောက်မေ့မှု မပြုဘဲမနေနိုင်။

သဒ္ဓါနှင့်သတိ မျက်လုံးနှစ်ဖက် ဘက်စုံရှိနေသော် မကောင်းမှုပြုကျင့်ရာ၌ မရှက်ဘဲမနေနိုင်၊ မကောင်းပုံနှင့် ရိုင်းစိုင်းယုတ်မာ မတင့်တယ် မဖွယ်ရာကို မိမိကိုယ်တိုင် မြင်သိနေရသောကြောင့်။

သဒ္ဓါနှင့်သတိ မျက်လုံးနှစ်ဖက် ဘက်စုံကြည့်နေသော် မကောင်းမှု တစ်ဖန်ပြန်လည်ခံရမှာ၌ မကြောက်ဘဲမနေနိုင်၊ တစ်ဖက် မကျေနပ်သဖြင့် တင်သောကြွေး တစ်နေ့ပြန်လည်ပေးချေရမည်ကို ပြေးမြင်နေရသောကြောင့်။

သဒ္ဓါနှင့်သတိ မျက်လုံးနှစ်ဖက်ဖြင့် ကြည့်မိနေသော် မည်သည့်အရာကိုမျှ ရယူလိုမှု၊ ပိုင်ဆိုင်မှု မပြုလိုတော့။ ပြုတိုင်း

ပျက်၍ ပျက်တိုင်းပြုပေးနေရမည့် အရာများချည်း ဖြစ်နေရာ ဒုက္ခမခံလိုတော့ခြင်းကြောင့်။

သဒ္ဓါနှင့်သတိ မျက်လုံးနှစ်ဖက်မြင်ရှိနေသော် မည်သည့် အရာကိုမဆို စိတ်မကျေချမ်းမှု မဖြစ်တော့။ မိမိက ကြိုက်သည် ဖြစ်စေ၊ မုန်းသည်ဖြစ်စေ တစ်ဖက်ကား သူ့သဘောဓမ္မတာ အမူရာအတိုင်းသာ ဖြစ်နေကြသည်ကို သိလာရသောကြောင့်။

သဒ္ဓါနှင့်သတိ နှစ်ဖက်မြင်သာရှိနေခဲ့သော် ကောင်းမြှူ ဆိုးတိုက် နှစ်ခု မည်သည့်အရာမျှ မမူတော့။ ကောင်းကောင်းဆိုး ဆိုး လက်တွင်းမရောက် အငွေ့ချဖြင့် ပျောက်ပျောက်သွားသည် ကို မြင်သိနေရသောကြောင့်။

သည့်အတူ သဒ္ဓါနောက်၌ပညာ၊ သတိနောက်၌လည်း ဝီရိယ သမာဓိတို့ အကူအထောက် ဝင်လာကြကာ တိရစ္ဆာန် ညဉ်၊ တိရစ္ဆာန်ကျင့် အကျင့်များခဲ့သဖြင့် မတင့်မတယ်ဖြစ်နေ သော စိတ်ကလေး တင့်တယ်အေးဆေး စိတ်ဖြူဖွေးလေး ဖြစ် လာစေရန်အထိ ဝိုင်းဝန်းပြုပြင်ပေးလိုက်ကြသောအခါ . . .

ဝေဒနာ၊ သညာ၊ သင်္ခါရတို့ အေးငြိမ်းလာသလောက် စိတ် ကလေးလည်း အေးငြိမ်းလာတော့သည်။ ဝေဒနာစသည် နာမက္ခန္ဓာတို့ ပေ့ါပါး လာသလောက်လည်း စိတ်ကလေးလည်း ပေ့ါပါးလာပြီ။ ဝေဒနာစသည် နာမက္ခန္ဓာတို့ ဖြောင့်မတ် လာ သလောက်လည်း စိတ်ကလေးလည်း ဖြောင့်လာခဲ့ပြီ။ ဝေဒနာ

စသည် နာမက္ခန္ဓာတို့ ခံ့ကျန်းလာသလောက် စိတ်ကလေး လည်း ခံ့ကျန်းလာခဲ့ပြီ။ ဝေဒနာစသည် နာမက္ခန္ဓာတို့ လေ့ လာရေးလုပ်သလောက်လည်း စိတ်ကလေးလည်း လေ့လာနေ ပြီ။

သဒ္ဓါတွင် ပညာ၊ သတိမှာ သမာဓိ၊ ဝီရိယက ကြားဝင်ဖြည့် ပေးနေသဖြင့် ထိုသို့ စိတ်ကလေးဝင့် တင့်တယ်တယ်ရှိလာသော အခါ လူဂုဏ်တန် အဆင့်ရောက် လူကြီးလူကောင်းတစ်ယောက် သည် မိမိ၌ သိက္ခာကျစေပြီး တစ်ဖက်၌ ထိခိုက်နစ်နာစေမည့် မကောင်းမှု ဒုစရိုက်များ လုံးဝ မလိုက်စားတော့သည်ပမာ . . .

ထိုစိတ်ကလေးလည်း နှုတ်ဖြင့် လွန်ကျူးရသော မကောင်း မှု လေးခုစလုံး သူမပြု။ ကိုယ်ဖြင့် လွန်ကျူးမှုရသည့် မကောင်းမှု သုံးခုစလုံး သူမပြု။ စိတ်ဖြင့် လွန်ကျူးရုံမျှဖြင့်ရသည့် မကောင်းမှု သုံးမျိုးစလုံး သူမပြု။

ထို ကံ သုံးဆင့် အမှုဆယ်မျိုး မကောင်းကျင့် မတင့်တယ် အမှု အဆိုးတို့ကို မတွေ့တုန်း လုံ၊ မကြုံတုန်း ကင်း၊ ပက်ပင်းကျ ပျက်ယွင်းမျိုးပင်မဟုတ်။ ပက်ပင်းပေး အခွင့်အရေး အဘယ်မျှ ရနေနေ စိတ်၌ ပူဆာတောင့်တခြင်း လောဘ၊ မုန်းငြိုးပြစ်မှား ခြင်း ဒေါသ စသည် အယုတ်ထူ အပူပွားများ ကင်းပါးနေသော ကြောင့် ထိုစိတ် တုန်လှုပ်ခြင်းပင် မရှိတော့ရကား စိတ်မလှုပ်၊ ကိုယ် နှုတ် မကျူးသာ။ မကောင်းကျူး အထူး ရှောင်ခွာနိုင်လာပြီ။

သဒ္ဓါ၊ သတိ သွေးဆေးနှစ်လက်ကြောင့် ထိုစိတ်ကလေး ဤမျှအထိ သက်သာလာခဲ့သော် . . . မိမိအောက် ဒုက္ခမျိုးစုံ ရောက်နေသူ တွေ့က ဖောက်စိတ်အစား ထောက်စိတ်ထား၍ သနားလာတော့ပြီ။ မိမိအထက် အဆင့်မျိုးစုံ တိုးတက်နေသူ တွေ့က ဝမ်းနာစိတ်အစား ဝမ်းသာစိတ်များဖြင့် အားကျလာပြီ။

ထိုမျှအထိ အသိတိုးတက် စိတ်ရင့်ကျက်လာပါမူကား . . . သဒ္ဓါနှင့် သတိတို့သည် ဝီရိယ၊ သမာဓိ နောက်ကူဖြည့်၍ သဒ္ဓါနှင့် မကွေမကွာ တွဲဖက်ရမည့် ပညာအား သုတသိ၊ စိန္တသိ၊ ဘာဝနာသိ တို့အစား မဂ်သိ၊ ဖိုလ်သိများဖြင့် အထွဋ်အထိပ်ထိ မြှောက်စား ပေးလိုက်ကြတော့သည်။

သဒ္ဓါ၏ ဤကွင်းဆက်များကို ထောက်မျှော်ကြည့်လိုက်သော် သဒ္ဓါသည် လမ်းမှားပြောသော ဆရာသမား၌ ယုံကြည်ခြင်း၊ ကိုယ်ကျင့်မဖက် ဆရာ့စကားသက်သက်ဖြင့် ယုံကြည်ခြင်း ရှိသော ဘာသာများနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း ကောင်းကောင်း ရိပ်မိသင့်ကြပြီ။

ကျွဲ၊ နွားသတ်၍ ကောင်းသည်၊ မြတ်သည်ဟု ယုံခြင်းသည် တင့်တယ်ရာ၌ယုံသော အယုံမျိုးမဟုတ်ကြ။ တိရစ္ဆာန်သည် လူသားများ စားသုံးရန် ကမ္ဘာ့ဟင်းသီး၊ ဟင်းရွက်ဟု ယုံခြင်းသည် တင့်တယ်ရာ၌ယုံသော အယုံမျိုး မဟုတ်ကြ။

ထို သဒ္ဓါသည် မှန်ကန်မြင့်မြတ်သော တရားတော်၌သာ

နားသက်၏။ မဖောက်မပြန် မှန်ကန်တည့်မတ်သောတရား အတွေးဖြင့်မပြ။ ကျင့်မှပြသောတရား။ သစ္စာထိုက်သောတရား။ ဆရာ့ထံ နည်းခံ ကိုယ်ပိုင်ဉာဏ်ဝင်မှ မြင်သောတရား လိုက်နာလျှင်လိုက် နာသလောက် အမြတ်ဆောင်း တစ်ကြောင်းတည်း လမ်း တန်းပို့ပေးသောတရား။ ထိုတရားများအကြား သဒ္ဓါနားသက် နေသော် ထိုတရားတော်များအတွင်း၌ ထင်းထင်းကြီး ရပ်တည်နေကြသော ဘုရားနှင့်အရိယာသံဃာများအပေါ်လည်း ယုံပြီးသားပင် ဖြစ်တော့သည်။

* သဒ္ဓါနောက်တွင် ပညာဝင်
ဂုဏ်ဝင်သုံးပါး ယုံပြီးသား။
* သတိနောက်မှာ တွဲဖက်ပါ
သိက္ခာသုံးပါး လုံပြီးသား။

သဒ္ဓါအလျင် အရည်ဝင်နေသော ထိုဘာသာသွေး မိဘတို့ အလေးပေးသင့်ကြပြီ။ သွေးသည်အသက် သွေးဖြင့်ပင် ဘဝ အသက်ဆက်၊ သွေးဖြင့်ပင် ဘာသာကိုလည်း အသက်သွင်းကြရမြဖြစ်ရာ စင်စစ် ထိုမျှ တန်ကြေးရှိသောသွေး၊ သားရှင်၊ သမီးရှင် မိဘတို့ အလေးမပေးဘဲ မနေသင့်။

ရင်သွေးလှူ ပုံဖော်မည့် မိဘတို့သွေးများကို အပျော်သုံး သုံး၍ ဖြုန်းမပစ်ကြပါကုန်လင့်။ ဘိုးဘွားတို့ရင်မှ ရွှေစင်သွင်း၍

ဆင်းလာသော နွယ်စဉ်သွေးများကို မျိုးပျိုးရာသုံး၍ မျိုးရုပ်လုံး ဖော်ကြပါကုန်။

ယနေ့အချိန်သည် လူမျိုးပေါင်းစုံတို့နှင့် ရောနှော၍ ကလဖန် အထိုးခံ နေကြရသောအချိန် ယနေ့အခြေနေသည် ဘာသာပေါင်းစုံတို့၏ ဖြားယောင်းသိမ်းသွင်းခြင်းကို ခံနေကြရသောအချိန်။ ဤအချိန် ဤအခြေနေမျိုးသည် အေးဆေးစွာ စိတ်ချလက်ချ နေရမည့်အခါမျိုးများမဟုတ်။ အမေ့ဖောက်၍ အတွေ့နောက် လျှောက်နေရမည့် အခါမျိုးလည်းမဟုတ်။ ထိုအနေမျိုးတို့သည် အညာနေ ပျူလူမျိုးများ ငုတ်တုတ်ကြီးကပင် မျိုးလုံးပျောက်ရ ပုံပမာ. . . ။

ဗုဒ္ဓဝါဒီတို့၏ တကယ့်မျိုးကောင်း၊ မျိုးစစ် ဘာသာသွေးအနှစ်ကို သွေးချင်း အစာကျွေး၍ မျိုးပေးလိုက်၊ အမည်ချင်းပြောင်း၍ ဆောင်းယူလိုက်၊ စကားချင်းလွှဲ၍လဲယူလိုက်ဖြင့် အယူခံနေကြရာ နောက်ဆုံး မြန်မာကြီးမှန်း သိနေလျက်သားနှင့် မြန်မာမျိုးပြုတ် ငုတ်တုတ်ခံရဖို့မလွဲတည်း။

* သွေးချင်းရော သဘောကွဲပြား ပြောကွဲပြား
ဇောတွဲများလည်း ကွဲတော့သည်။

* လူချင်းနှော ရမ္မက်ကြီးသူ မက်ကြီးသူ
ပစ္စည်းယူယူ လူဆွဲဆွဲ
သူလိုရာလွှဲတော့သည်။

အလွန်ချိုမွှေးသော ဇန္ဓရသရက်မျိုးသော်မှ ခွေးတောက်မြစ်နှင့် အမြစ်ချင်းတွဲ၍ အလဲအလှယ် လုပ်ယူလိုက်သောအခါ သရက်ချိုမှ သရက်ခါး ဖြစ်သွားသေးရာ စွဲစရာစိတ်၊ သဲစရာ၊ ကဲစရာ ဉာဉ်၊စရိုက်များ ပူးတွဲပါနေသော လူ့နှလုံးသားလည်း လူချိုမျိုးမှ လူခါးမျိုး မဖြစ်မရှိပြီ။

* သရက်ချိုမျိုး ခွေးတောက်ထိုး
အမျိုးပျက်ခဲ့သည်။

* လူမြင့်မြတ်မျိုး မျိုးညံ့ခိုး
အမျိုးပျက်ဖို့သေချာပြီ။

ထိုသို့ အမျိုးမှောက်ရာမှ အမျိုးရော၊ ဘာသာရော၊ တိုင်းပြည်ပါမှောက် ကိုယ့်နေရာကိုယ် မပေးဖျောက်ရန် ကာကွယ်ကြဖို့ လူတိုင်း တာဝန်ရှိကြသည်။ တစ်ဦးအရေး၊ တစ်မိသားစုအရေး၊ တစ်နေရာ တစ်ဒေသအရေးများမဟုတ်၊ တစ်တိုင်းပြည်လုံးအရေး ဖြစ်နေသောကြောင့်။

ထိုသို့ တာဝန်သိသိ သစ္စာရှိရှိကာကွယ်လိုကြပါလျှင် . .

(က) မိမိရင်မှဖြစ်သောသွေး မျိုးချင်းတူ ရွေး၍ သားသမီး သန့်သန့်လေးများ မွေးထုတ်ပေးကြပါကုန်။

(ခ) နှလုံးသွေးချင်းလဲရာမှ စွဲခိုဝင်လာကြသော သားသမီးလေးများကို ကလေးငယ်ဘဝကပင် ဗုဒ္ဓဘာသာ၏ အလေ့အထများ အိမ်ရာအဝင် ဆင်ယင်ပေးကြပါကုန်။

(ဂ) လူလားမြောက်၍ ဘာဝသွေး မဖောက်မီ ဘာသာဝါဒ၏ အတွင်းထားများကို စာတွေ့၊ လက်တွေ့ပေါင်းစပ်၍ သုတသိ၊ စိန္တသိ၊ ဘာဝနာသိမှသည် ပဋိဝေဓသိသို့ ထိုးဆိုက်သည့်တိုင်အောင် ပညာ့အမွေ ပေးထားကြပါကုန်။

ထိုသို့ သွေးမှပင် သန္ဓေဖောက်၊ လူဘာဝရောက်သည်နှင့် ကောက်ပြုပြင် အရွယ်မဝင်မီ ပြင်ပြီး ဆင်ပြီး ဖြစ်စေသော် . . . ထိုသားများ ရှူးစမ်းဟဲ့ဆိုတောင် ရှူးယောင်မပြကြတော့ပြီ။ ထိုသမီးများ မိုက်စမ်းဟဲ့ဆိုလည်း မိုက်စွန်းထဲ လဲကျမသွားကြပြီ။

ယနေ့ မသိနိုးနား သားငယ်သမီးငယ်လေးများ၏ လမ်းလွှဲလိုက်မှားခြင်းများကား သိသော်မှ မလွန်နိုင်သောထုံးကြောင့်၊ မရုန်းနိုင်သော ဗွက်ထဲ ပက်လက် လဲသူလဲ၊ မှောက်လျက် လဲသူလဲဖြင့် အလဲမှား အတွဲမှားနေကြခြင်းများသည် မိဘတို့တာဝန် ပျက်ကွက်နေကြခြင်းကြောင့်။

* မကောင်းဘက်လား စောင့်ကြိုတား မိဘများ၏ တာဝန်ပဲ။
* ကောင်းရာထင်လင်း မြားပြခင်း မိဘရင်း၏ တာဝန်ပဲ။
* တတ်သင့်၊ တတ်ရာ သင်ပြပါ မိဘဆရာ တာဝန်ပဲ။
* တတ်ပြီးအလုပ် ရင်းနှီးထုတ် မိဘလက်ငုတ် တာဝန်လွှဲ။
* အချိန်ရွယ်တက် မျိုးချင်းဖက် မိဘမျိုးဆက် တာဝန်လွှဲ။

ယနေ့ခေတ်က ကျောက်ခေတ်၊ သံခေတ်မဟုတ်ကြတော့။ ဒုံးပျံခေတ်၊ ဂြိုဟ်တုခေတ်ဆိုကာ ကလေးများ သူများဒုံးပျံ

ကိုယ့်ဒိုးပုံလုပ်၍ မိဘတို့ကလည်း ငုတ်တုတ်ကြည့်နေကြသော်
ကလေးဒိုးကား သူများဒိုးပုံများလို အထက် တက်မည်မဟုတ်။
လှုပ်ရင်း လှုပ်ရင်းနှင့် ငုတ်တုတ်ပျောက်ဖို့ချည်းသာ။

♦ ♦ ♦

## ၁။ သွေးပေးရွေး၍ သီးသန့်မွေးထုတ်ခြင်း

သကျ၊ သာကီယခေါ် မြန်မာတို့၏ မူလမျိုးစပ်လုပ်ငန်းသည် တစ်ပါးမျိုးဘက် မရောစွက်ကြဘဲ မိမိတို့သွေးချင်းဖွားသားချင်းတူ မောင်နှမချင်း ပေါင်းဖက်ရာမှ စတင်ခဲ့ကြသည်။

ယင်းတို့တွင် မိန်းကလေးက ၄-ယောက်၊ ယောက်ျားလေးက ၃-ယောက် ရှိနေကြရာ အကြီးဆုံးမိန်းကလေးကို အစ်မကြီးအမိအရာ (အားလုံးသဘောတူ)ထားကြပြီး ကျန်သုံးဦးစီကို ရွယ်စဉ်လိုက်၍ အိမ်ထောင်ဖက်ကြပြီး ပြည်တည်ခဲ့ကြရာ ပြည်လည်း ကပ္ပိလဝတ် (ကပ္ပိလဝတ္ထု- ကပီလရသေ့ ညွှန်ပြရာမြေ) ဟူ၍ ထီးထီးပေါ်လာစေခဲ့ကြပြီ။ လူမျိုးလည်း သာကီဝင်မင်းမျိုးဟူ၍ တစ်သီးတခြား ပေါက်ဖွားလာစေခဲ့ကြပြီ။

ထိုမှနောက် ပြည်သူအဆက်ဆက်၊ ဘုရင်အဆက်ဆက်

(ဤအတိုင်းချည်း တစ်ပါးသွေးခြားဆို ရိုးတူ၊ မျိုးကွဲ အခြားဆွေစဉ် မျိုးဆက်များနှင့်ပင် မတွဲဘဲ) မိမိတို့ဘတူ၊ မိကွဲချင်း လက်ဆက်၍ မျိုးစဉ်ဆွေဆက်ကို လက်မပျက် ထိန်းသိမ်းလာခဲ့ကြသည်။

ထိုမှနောက် ဘုရင်များတွင် ကိုယ်ဘုန်းမဟုတ်၊ ဘိုးဘွားမိဘတို့၏ ဘုန်းဖြင့်ပင် ဘုရင်လုပ်လာသူ။ ပြည်သူများတွင် အတည်ရှင် မိဘဖွား မဟုတ်၊ အရှင် မိဘနှစ်ပါးတို့မှ ဖွားမြင်လာသူ၊ ထို ကောက်သင်းကောက် ဘုရင်နှင့် ကြွေပျက် သားသမီးတို့လက်ထက် ရောက်သောအခါ . . .

ဘုရင်ကလည်း မြင်မြင်သမျှ တော်တိုင်းချည့် ကောက်ယူပေါင်းသင်းနေတော့ရာ မင်းသွေး၊ မင်းဆက်က နည်းနည်း၊ အချို့ သူဌေးသမီး၊ အချို့ဇီးသီးသည်၊ အချို့အကြော်သည်မယင်းတို့အား ချပေးသမျှ သန္ဓေသွေး စပ်ကြားကလေးများချည်း မွေးလာနေတော့သည်။

ပြည်သူများဘက်ကလည်း နီးလွန်းလျှင်စပ်၊ ကပ်မိလျှင် မခွာ တဏှာဆွဲရာ စိတ်ယောင်ပါလျက်က မျိုးခြား၊ ရိုးခြား၊ ဘာသာခြားများကိုပါ လက်ခံပေါင်းသင်းလာကြတော့ရာ တစ်ဖက်ကဖျော် အပျော်မိ မွေးဖွားပေးရာကျ တစ်ဖက်အရည်လှည့်ချည်း ဖြစ်သွားကြတော့သည်။ သို့နှင့်ပင် ယနေ့ အောက်ပြည် အောက်ရွာများ၌ အချို့ မည်သည့်အမျိုးပါဟူ၍ သတ်သတ်မှတ်မှတ်

ပြောစရာမရှိပြီ။ အထက်၌လည်း အပျော်အောက် ပျောက်လိုက်နေကြသည်များ တစ်စတစ်စ များပြားလာနေပြီ။

* မြန်မာ့သွေးအုပ် မျိုးခြားစုပ်
ငုတ်တုတ်ပျောက်ဖို့ သေချာပြီ။
* ရုပ်လည်း ယိမ်းတိမ်း စိတ်ယိမ်းတိမ်း
ကိုယ်ပိုင်သိမ်းဖို့ ခက်လာပြီ။
* မျိုးကွဲ မျိုးပြား ချုပ်စပ်ကြား
ကပြားတစ်မျိုး တိုးလာပြီ။

သွေးသည်အသက်၊ သွေးဖြင့်ပင် ဘဝတိုမှ ဘဝရှည်ဖြစ်အောင် ဆက်ပေးနိုင်ကြပြီး ရင်၌ဖြစ်သော နှလုံးသွေးအတွင်း စိတ်ကစားရင်းနှင့်ပင် ယုံကြည်ရာ ဘာသာ ထွန်းကားလာစေသည်။

ယနေ့ ဖို၊ မ ချင်းတွဲ၍ မျိုးချင်းလွဲ၊ ဘာသာချင်း လွဲယူနေသူများ ဤအချက်ကို ကောင်းကောင်းကြီး တွက်ချက်လာတတ်ကြပြီ။ အပျော်မင်၊ အအေးကြိုက် တိုင်းရင်းသား မြန်မာမျိုးတို့ကား အိပ်ငိုက်၍ကောင်းတုန်း။

ငါတို့ ပျဉ်းမနားရောက်စက သမီးငယ်လေးတစ်ဦးနှင့် ဆုံခဲ့ရဖူး၏။ ထိုသမီးငယ်ကား မိခင်ကဗမာ၊ ဖခင်က မူစလင်ဘာသာဝင်ကုလားမှ မွေးဖွားလာသူဖြစ်ပြီး သူ့အထက်၌ အစ်ကို၊ အစ်မများစွာ ရှိသည်ဆို၏။ ယင်းကား အငယ်ဆုံး အထွေးဆုံး ဖြစ်သည်ဆို၏။

ယင်းတို့တွင် အထက်အစ်ကို၊ အစ်မအားလုံးကား မူဆလင်ဘာသာ၌သာ သက်ဝင်ယုံကြည်နေကြပြီး ယင်းကား ထူးထူးခြားခြား ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်နေ၏။ သို့နှင့် ထိုသမီးငယ် (ကျောင်းဆရာမလေး)၏ မိဘများအကြောင်း စပ်စုကြည့်မိလေရာ . . .

မိခင်ဖြစ်သူ ဗမာမသည် အစသော် ပျော်ရပြီးရောဖြင့် လင့်အလို ကြည်ဖြူ လင့်ဆန္ဒအားလုံးသဘောတူ လိုက်ပါကာ နေခဲ့သည်ဆို၏။ အသက် ၄၀ ကျော် သွေးအားများ ငြိမ်စပြုလာချိန်မှစ၍ ဘာသာရေး၌ စိတ်ဝင်ဆံ့လာခဲ့ရာ မူရင်း မိမိ၏ မိဘရိုးရာ ဗုဒ္ဓဘာသာသို့သာ စိတ်ပြန်လည်နေသည်ဆို၏။

သို့နှင့် လင်ဖြစ်သူအား ဗုဒ္ဓဘာသာ ကိုးကွယ်ခွင့်၊ ဘုရားနှင့် ပန်းအိုးများ အိမ်ဦး၌ထားခွင့် ဆန္ဒတောင်းခံရာ ကုလားကြီးကလည်း သဘောတော့တူသည်ဆို၏။ သို့သော် ပတ်ဝန်းကျင်က မူဆလင်ဝန်းကျင် ဖြစ်နေတော့သဖြင့် ဝန်းကျင်၏ဒဏ် မလွန်ဆန်နိုင်ရကား . .

ဗုဒ္ဓဘာသာ ကိုးကွယ်လိုက ကိုးကွယ်ပါ။ သို့သော် ငါမသေခင် လူမြင်သူမြင်တော့ မလုပ်ပါနှင့်။ ဘုရားပန်းအိုး ထိုးလိုက ထိုးပါ။ သို့သော် ငါမသေခင် လူမြင်ကွင်း မထားပါနှင့်။ ဤခြွင်းချက်များဖြင့် ခွင့်ပြုပြီး ဤခြွင်းချက်များအတိုင်းပင် နေထိုင်ကြသောဟူ၏။

ယင်းကို ကောက်ချက်ချ ကြည့်ကြရအောင် . . .

ထိုမိခင်သည် ဗုဒ္ဓဘာသာ၊ မြန်မာတို့၏ အညာလွယ်တတ်သော သို့မဟုတ် မူလမျိုးရိုးကပင် မျိုးမစစ်သဖြင့် မျိုးမချစ်တတ်သော မျိုးညှံ့ဖက်သဖြင့် ယုံကြည်ချက် မပြင်းထန်သော အလေ့ရှိသူပီပီ ချော့ပေါင်းလျှင်ကြည်ဖြူ အကြိုက်မိ ဘာမှမပြုစုဖြင့်မျက်စိ ဇွတ်မှိတ်၍ မျိုးခြားဆွဲတိုင်း ပျော်ပျော်ကြီး၊ မေ့မေ့ကြီး၊ မက်မက်ကြီးဖြင့် လက်ဆက်ခဲ့၏။

သို့ကြောင့် ယင်းမှမွေးသော အထက်အထက် ကလေးများ သွေးများရာ အသက်ပါသွားခြင်းဖြစ်ပြီး၊ ဤသမီးငယ်ကျသော် သွေးချင်းခွဲ မိမိဘက်မိမိ စိတ်မြဲလာခြင်းကြောင့်၊ ထို အဖြေများ ပေါ်လွင်၍လာ၏။ သွေးသည်အသက်ဆိုသော စကား၌ သက်သေခံချက် တစ်ပါးတည်း။

တစ်ဖန်လည်း . . . ငါတို့ ဇင်းကျိုက်တောင်မှ ဆင်းလာခဲ့ပြီး ဖူးကြီး၊ သံသုမာတောင် (မိကျောင်းတစ်ကောင် ကျောစင်းနေသည့် သဖွယ်ဖြစ်၍ သံသုမာရတောင်)သို့မသွားမီ တစ်လတိတိ ရန်ကုန်ရှိ ငါတို့၏ဥပဇ္ဈာယ်ဆရာ အဘဝိမလကျောင်း (ဘောက်ထော် သာသနာ့ဗိမာန်ကျောင်း) သီတင်းလည်းသုံး၊ တရားဟော၊ တရားပြဖြင့် ဓမ္မဒါနခန်းလည်းချ ဆောင်ရွက်နေစဉ်. . . “မေရီ”ဆိုသော သမီးငယ်တစ်ဦးနှင့် ဆုံခဲ့ကြရ၏။

ယင်းကား အမေကား ကရင်ဗုဒ္ဓဘာသာ၊ အဖေကား

အင်္ဂလိပ် လူမျိုးမှ ဖွားမြင်လာသူ သမီးငယ်လေးတည်း။

ထိုသမီးငယ်လေးကျ မွေးကတည်းက ဗုဒ္ဓဘာသာ၌သာ စိတ်ဝင်စားခဲ့သည်ဆို၏။ ဖခင်က ခရစ်ယာန်ဘာသာဝင်ဖြစ်စေလို၏။ မိခင်ကလည်း သဘောတူ၏။ သူ့ဆိုင်ရာ ဝတ်ကျောင်းမှ ဖာသာကြီးနှင့် သာသနာပြု အမေရိကန်သီလရှင်များကလည်း လာရောက် စည်းရုံးကြသည်ဆို၏။

သို့သော် ဘယ်လို စည်းရုံး စည်းရုံး စိတ်ကူးကြည့်၍ မရခဲ့ဆို၏။ ဘယ်လို လက်ဆောင်များပေးပေး အားမကျ၊ ဘုရားရှိခိုးကျောင်းသို့ အတင်းအကြပ်ခေါ်သော်လည်း ခေါင်းခါ၊ နောက်ဆုံး ထိုဖာသာကြီးနှင့် အမေရိကန်သီလရှင်များက လက်လျှော့သွားကြရသည် ဆို၏။

သို့သော် ယင်းသမီးငယ်လေး ကံမကောင်းသည်မှာ ဗုဒ္ဓဘာသာမိခင်က ကွယ်လွန်သွားပြီး ခရစ်ယာန်ဘာသာဝင် ဖခင်ကြီးနှင့်သာ ယခုတိုင် အတူနေ ဖြစ်နေတော့ရာ . . .

ခရစ်ယာန်ဘာသာတရားနှင့် နီးကပ်လွန်းလှ၏ မစပ်။ ဗုဒ္ဓဘာသာတရားနှင့်လည်း ဝေးကွာနေလွန်းသဖြင့် မဟပ်မိ။ လမ်းခုလတ် စပ်ကြား၌ သောင်တင်၊ လူသက်လည်း မဝင်၊ လမ်းလည်းမမြင် နေရာတည်း။

ယင်းကို ကောက်ချက်ဆွဲကြည့်ကြရအောင် . .

ထိုမိခင်သည် စကတည်းကပင် အချစ်နှင့်ဘာသာရေး

ခွဲခြား၍ မွေးမြူခဲ့ဟန်တူ၏။ တစ်ဖက်ကလည်း ခရစ်ယာန်တို့၏ ယဉ်ကျေးသော ဓလေ့အတိုင်း အတင်းရော အဓမ္မပါ သွေးချူ မူခွဲ၊ နှလုံးသွေးထဲ ဘာသာသွေး ဆွဲသွင်းမပေးခဲ့ခြင်းလည်းပါ နိုင်၏။ သို့ကြောင့်လျှင် သွေးများရာ ဘာသာ စကားပြော၊ သွေး သဘော သားသမီးများက စိတ်ဖြင့်ပင် လှစ်လျှော်၍ ထုတ်ဖော် ပြောနေခြင်းတည်း။

ဤဆိုခဲ့ပြီး သာဓကနှစ်ခုတို့ကို ထောက်ဆ၍ ယနေ့ ဘာသာရေးကို လမ်းပြအရာထား၍ အခုဘဝ ချမ်းသာရုံလေး မျှဖြင့် အားမချ၊ နောင်ဘဝ လုံခြုံရေးများအတွက်ပါ အင်အား ပြလျက်ကလည်းကောင်း၊ လောကီစည်းစိမ် ဇိမ်ခံရေးမျှဖြင့် အားမချ၊ လောကုတ္တရာ၏ အမြဲတမ်းဇိမ်ကျ အမြဲတမ်းလည်း ချမ်းသာရာရစေသော မဂ်ဖိုလ်တို့၏အရသာ၊ အစွဲလွတ်မြောက် ခြင်း၏ အရသာ လက်ပါ ဖြစ်ရေးအထိ အင်အားပြလျက်က လည်းကောင်း၊ အကြည့်မှား၊ အမြင်မှား၊ အသိမှား မဖက်၊ အကြည့်မှန်၊ အမြန်မှန်၊ အသိမှန် သုံးချက်တို့ဖြင့် အကွက်ရိုက် တစ်ကြောင်းတည်းလမ်း တန်းဆိုက်စေမည့် အကျင့်ခန်း မိဘရော သားသမီးတို့ပါ တန်းဝင်သာကြစေရန်. . .

ပျော်သွေးပေါ် ပျော်ပျော်ခံစား သို့သော် ပေးသွေး၊ ယူ သွေး ဆန့်ကျင်ဘက် အရွေးမမှားကြလေလင့်။ ကာမကိုကာမ ဖြင့်သာ ခံစား ဓမ္မချင်း အလျော်အစားအထိ နယ်ကျွံမသွားကြ

လေလင့်။

* မျိုးချစ်ထက်သွေး သားကလေး
  မွေးပေးကြစမ်းပါ။
* မျိုးနစ် ပျက်သွေး အဖက်ပေး
  မွေးရေးရှောင်ကြပါ။
* ဘာသာစီးသွေး သမီးအေး
  ရွေးမွေးကြစမ်းပါ။
* ဘာသာထုတ်ပေါင် သွေးထုတ်ပေါင်
  သုံးဆောင်မစားရာ။
* မျိုးချင်းယှဉ်ထုတ် သားမွေးအလုပ်
  ထုတ်လုပ်ပေးကြပါ။
* ဘာသာတူချင်း သွေးစီးဆင်း
  ယုံချက်ပြင်းမည့် အရင်းရှာ။

လူတို့၏ စိတ်သည် နှလုံးသွေး အကြည်အနောက်လိုက်၍ ကြံဆ တွေးတောခွင့် ရနေ၏။ နှလုံးသွေးသည်လည်း ဘဝင်လေ ပင့်ရိုက်အား၏ အပျော့ အပြင်းလိုက်၍ ကြည်ရ နောက်ရ၏။ ဘဝင်လေသည်လည်း စိတ်ကစားခြင်း၊ ကံထမ်း လော်မာခြင်း၊ ဥတုဖောက်ပြန်ခြင်း၊ အာဟာရက ဓာတ်မှန်မဆက်ခြင်း လေးပါး အတိုင်း လှုပ်ရှား တိုက်ခိုက်ပေးနေရပြန်၏။

သို့ဆိုသော် အရင်းသည် မိမိ၏စိတ် ဆိုသည်အကြောင်း ကောင်းကောင်းကြီး သဘောပေါက်ထိုက်ကြပြီ။ စိတ်ဆန်းလျှင် ကံဆန်း၊ ဥတု၊ အာဟာရများကပါ လိုက်လံဆန်းလာနေသော ကြောင့်တည်း။

စစ်ထဲဝင်လျှင် ကိုယ့်တပ်အကြောင်း ကိုယ်ကောင်းကောင်း သိရမည်။ ရှေ့တန်း၊ ထောက်ပို့ စက်ပြင် မိမိဘယ်၌ ဝင်ထား သည်ဆိုသည်ကို။ လက်နက်ကိုင်လျှင်လည်း ကိုယ့်လက်နက် အကြောင်း ကိုယ် ကောင်းကောင်းသိနေရမည်။ လက်နက်၏ အထာ၊ လက်နက်၏ အစွမ်း၊ လက်နက်၏ကိရိယာအလုပ်ခန်း စသည်များကို။

သည့်ပမာ ဗုဒ္ဓဘာသာအဖြစ် ယုံကြည်၍ဖြစ်စေ၊ မိရိုးဖ လာအရဖြစ်စေ မည်သူမဆို မိမိဘာသာ၏ အတွင်းခန်းထဲရှိ ပစ္စည်းများ၊ မိမိဘာသာ၏ ပို့ပေးနိုင်အား သတ္တိ၊ မိမိဘာသာ၏ ရန်သူဖျက်အား အစွမ်း ထိုသုံးချက် ကိုယ်တိုင်ကျင့်၊ ကိုယ်တွေ့ မြင် ကိုယ်တွေ့ပေါ်တွင် ဉာဏ်ဖြန့်တင်လျက်က သွေးဖက် သားမြှုပ် သားသမီးများ မွေးထုတ်နိုင်ကြပါမူ. . .

သင် နောက်တစ်ခေါက် ဤလူ့ပြည်လာခိုကိုး ဤအမျိုးက အသင့် စောင့်ကြိုနေပါမည်။ သင် နောက်တစ်ခေါက် ဤလူ့ပြည် လာရောက် ဤဘာသာက အသင့် စောင့်ရှောက်မည်။

♦ ♦ ♦

## ၂။ အလေ့ချ၍ အထ ပုံသွင်းပေးခြင်း

သီဟိုဠ်ပြည် မျိုးပျက်၍ ဘာသာ အသက် မဆက်ဖြစ်နေချိန် သီဟိုဠ်ပြည်၏ နေရာအားလုံးလိုလိုကို ကျေးကုလား (တမီလ်)များက သိမ်းပိုက်အုပ်စိုးထား၏။ သီဟိုဠ်ပိုင်အဖြစ်ကား ကလျာဏီမြစ်အနီး တစ်ကွေ့နှင့် ရောဟနတိုင်းငယ်လေးမျှသာ ကျန်တော့ရာ ကိုယ်ပိုင်ကား ဇီးရွက်ပမာဏ၊ နိုင်ငံခြားသားပိုင်ကား ဗန်းစကောကြီး ပမာဏပင်။

ထိုအချိန် ကလျာဏီမြစ်ကွေ့ နယ်ကျဉ်းလေးထဲ၌ 'ယဋ္ဌာလတိဿ' က မင်းပြု၏။ ရောဟနတိုင်း မဟာဂါမ ဗဟိုထား၍ကား 'ကာကဝဏ္ဏတိဿ' က မင်းပြုအုပ်ချုပ်ကာ ဗုဒ္ဓဘာသာသီဟိုဠ်လူမျိုး သန့်သန့်ချည်း စုစည်းထိန်းချုပ် ပေးထား

ကြ၏။

'ယဋ္ဌာလတိဿ' ကား 'ဒေဝါနံပိယတိဿမင်း' ၏ ဆွေစဉ်မျိုးဆက် မင်းသွေး။ 'ကာကဝဏ္ဏတိဿ' လည်း ထို 'ယဋ္ဌာလတိဿမင်း' ၏တူတော် မင်းသွေး။

တစ်နေ့ နန်တွင်းရေး အခြေပြု၍ ကလျာဏီပြည်ကြီး ရေဘေး အသင့်ခံရအံ့ဆဲဆဲ ယဋ္ဌာလတိဿသည် ပုဏ္ဏားအမတ်များ၏ စကားအရ သမီးတော် ၁၂-နှစ်ပြည့် ဒေဝီလေးအား ရေစာချသည်ဆိုကာ လှိုင်းဆင့်တက်လာသော ရေလုံးကြီးများထဲ အိုးကြီးတစ်လုံးတွင်း ထည့်၍ မျှောလိုက်ရာ ထိုသမီးတော်ဒေဝီကား ဆိုက်ဆိုက်မြိုက်မြိုက် ကာကဝဏ္ဏတိဿမင်းထံ၌ ဆိုက်သွားတော့၏။

အိုးတွင်းပါလာသော ရွှေပေလွှာအရ ယဋ္ဌာလတိဿ၏ သမီးတော်ဖြစ်ကြောင်း သိရပြီး ထိုကာကဝဏ္ဏတိဿကပင် မိဖုရားကြီးအရာမြှောက်၏။ ဘာကြောင့် ချက်ချင်းတော်ကောက် ချက်ချင်းမြှောက်သနည်း။ မိမိလည်း ဒေဝါနံပိယတိဿဆက် မင်းသွေးမျိုးထက်။ ဒေဝီလည်း ဒေဝါနံပိယတိဿဆက် မင်းသွေးမျိုးထက်။ နှစ်ဖက်စလုံးလျှင် ဘာသာတူ၊ မျိုးမကွဲ၊ ရိုးတစ်ရိုးထဲ ဖြစ်နေကြခြင်းကြောင့်တည်း။

* သွေးတူ ဘေးတူ အယူမျှ
ချူမရ အညှာခိုင်။

* သီးဆိုင်တူ အကူမ
  အတူတကွ သဒ္ဓါလှိုင်။
* ဘဝရဲ့ မဏ္ဍိုင်
  ကံခိုင်ခိုင် ရိုက်သွင်း . . .။
* အရေးထား သွေးခြားထက် ယုံချက်ပြင်း
  ထိုးဖောက်စစ်ဆင်ခြင်း၌ အလုံးအရင်း။

ထိုကာကဝဏ္ဏတိဿ၊ ဒေဝီတို့မှ သားတော်နှစ်ယောက် ဖွားမြောက်လာခဲ့၏။ အကြီးကား "ဂါမဏိအဘယ"၊ နောင်ဖခင် စော်ကား၍ "ဒုဋ္ဌ"၊ နှစ်ခုပေါင်း "ဒုဋ္ဌဂါမဏိအဘယ"။ အငယ် ကား "သဒ္ဓါတိဿ"၊ ယုံချက်ကကြီး ဉာဏ်ပညာကလည်း မီး တောက်။ ထိုသားတော်နှစ်ပါး အကြီးကား ငါးနှစ်၊ အငယ် သုံးနှစ် အသက် ရလာချိန် . . .

ဤအချိန်ကား ရွှံ့၊ ဖယောင်းပမာ လိုရာရာပုံလောင်း ကောင်းကောင်းရလာချိန် ထိုအချိန်တွင် သံဃာတော်များအား နန်းတော်သို့ နို့ဃနာဆွမ်း ပင့်ကျွေး၏။ သားတော်နှစ်ပါး၏ ထမင်းခွံမင်္ဂလာပွဲအတွက်ဖြစ်၏။ သံဃာတော်များ ဆွမ်းဘုဉ်း ပေးပြီးသောအခါ သံဃာ့ဆွမ်းကျန်များကို ရွှေခွက်ထဲထည့်၍ ဝိဟာရဒေဝီကိုလည်းကျွေး၏။ သားတော်နှစ်ပါးကိုလည်း ကိုယ် တော်တိုင်ကျွေး၏။

ကဲ . . . သားတော်တို့လည်းစားကြ သည်နို့ဃနာဆွမ်းကို

စားပြီး သာသနာတော်အား ပစ်ပယ်လျှင် ဤဆွမ်းသည် အဆိပ်သဖွယ်သင့်ပါစေ။ ဤသို့ သစ္စာဆို၍ခွဲ၏။ သားတော်နှစ်ပါးကလည်း ကျေနပ်ကြည်ဖြူစွာဖြင့်ပင် လက်ခံစားသုံးကြသည်ဆို၏။ အသိဝင်လာစအချိန် သိစရာအဓိကကိုချိန်၍ လက်ဦးစွာ ထည့်သွင်းပေးထားလိုက်ခြင်းတည်း။

ထို့နောက် ထိုသားတော်နှစ်ပါး အကြီးကား ၁၂-နှစ်၊ အငယ်ကား ၁၀-နှစ်မြောက် ရောက်လာချိန်၊ ဤအချိန်ကား ဘာဝသွေး ပြည့်ကာစ (ကာလသားသွေး အရည်ပြည့်လာချိန်) အတိတ် ကာမ ကုသိုလ်စေတနာတို့က လက်ရှိကာမနှင့်စပ်သော ဝတ္ထု၊ အာရုံများ လက်ခံရန် နှိုးဆော်လာချိန် . . .

ထိုအချိန်တွင်လည်း အမျှော်အမြင်ကြီးသော ကာက ဝဏ္ဏတိဿမင်းကြီးသည် သံဃာတော် ငါးရာအား နန်းတော်သို့ ဆွမ်းပင့် ကျွေးပြန်၏။ ကျွေးပြီးသောအခါတွင် ထိုသံဃာ့ဆွမ်းကျန်များကို သားတော် တစ်ပါး တစ်ပါးအတွက် သုံးပန်းကန်စီ ထည့်လျက် ကိုယ်တော်တိုင်ပင် ကျွေးတော်မူ၏။

"ကဲ သားတော်တို့ သည်ထမင်းကို သားတော်တို့ကိုယ်တိုင် သစ္စာဆိုစားကြရမယ်။ ကဲ လိုက်ဆိုကြ။"

"ငါတို့သည် ဘိုးဘေးစဉ်လာမပျက် ဆင်းသက်ကိုးကွယ်လာသော သံဃာတော်အရှင်မြတ်များအား ဘယ်သောအခါမျှ မျက်ကွယ်မပြုကြပါ။ ဂရုမမူ၊ မကြည်ဖြူ မလျှုဒါန်းဘဲလည်း မနေ

ကြပါ။ အကယ်၍ နေမိခဲ့ပါမူ ဤထမင်းသည် အစာမကြေ အဆိပ်သဖွယ် ဖြစ်ပါစေသတည်း။"

ဤသစ္စာစကားကို မင်းကြီးက ရှေ့ကတိုင်တည်ပေး သားတော်နှစ်ပါးက နောက်ကလိုက်ဆို ပြီးသည်နှင့် ပထမ ထမင်းတစ်ပန်းကန်စီကို စားစေ၏။ သားတော်နှစ်ပါးလည်း ကျေနပ်ကြည်ဖြူစွာ သစ္စာဆိုလျက်က ထိုထမင်းပန်းကန်ကို အကုန်အစင် စားသုံးပြကြ၏။

နောက် ဒုတိယတစ်ပန်းကန်. . .

"ငါတို့ ညီတော်နောင်တော်နှစ်ပါး မည်သည့်အခါမှ မသင့်မတင့်မဖြစ်ကြပါ။" ဤသစ္စာစကားကိုလည်း မင်းကြီးက ရှေ့က နေ တိုင်တည်ပေးလိုက်ရာ သားတော်နှစ်ပါးလည်း နောက်က လိုက်ဆိုကြပြီး ပြီးသည်နှင့် ဝမ်းသာအားရ အကုန်အစင် စားသုံးပြကြ၏။

ထို့နောက် တတိယတစ်ပန်းကန်. . .

ဤနောက်ဆုံး ထမင်းပန်းကန်ကား ကံစမ်းမဲပမာ သားတော်နှစ်ပါး၏ အလိုနှင့် စိတ်ဓာတ်များကို စမ်းသပ်ကြည့်သည့် ထမင်းပန်းကန်များဖြစ်ကြရာ. . .

"ငါတို့သည် ဝေလိဂင်္ဂါမြစ်၏ မြောက်ဘက် တစ်ခြမ်းရှိ သီဟိုဠ်တစ်ကျွန်းလုံးအား သိမ်းပိုက် အုပ်ချုပ်နေကြသော ကျေးကုလား(ကျေးကျွန်အရာတည် ဒမီဠ မျိုး)များနှင့် ဘယ်

သောကာလမှ စစ်မတိုက်ကြပါ။”

သည်အချိတွင်မူကား ဖခမည်းတော်ကြီးကသာ တိုင်တည်ပေးနေပြီး မည်သည့်သားတော်ကမှ လိုက်မဆိုကြပြီ။ လိုက်မဆိုကြသည့်အပြင် အငယ်ကား ထမင်းပန်းကန်ကိုပင် လွှင့်ပစ်ပြီး ထသွားသည် ဆို၏။ အကြီးကား ပန်းကန်တွင်းနေ ထမင်းစေ့အားလုံးတို့ကို စိစိညက်ညက်ကျေသည်အထိ အားမာန်ပါပါ နှိပ်ချေထားခဲ့ပြီး ထသွားသည်ဆို၏။

ထသွားရုံမကသေး။ အကြီးသည် အိပ်ရာထက်တွင် ခြေမဆန့်၊ လက်မဆန့် ခွေခွေခေါက်ခေါက်ကြီးအိပ်ကာ ဆန္ဒပြနေတော့သည်ဆို၏။ ထိုအချိန် မယ်တော်ဒေဝီ ဝင်လာပြီး . . .

“သားတော်ရယ် အိပ်ထာဘဲ ကျကျနန စန့်စန့်ရန့်ရန့်ထားအိပ်ပါလားကွယ်” ချော့မော့ပြောဆိုရာ . . .

“အို မယ်မယ်ကလည်း ဝေလိဂင်္ဂါမြစ် တစ်ဖက်ကမ်းလုံးလည်း ကျေးကုလားတွေက အုပ်စိုးနေကြတယ်။ ပြီး ဂေါ်ဠသမုဒ္ဒရာကြီးကလည်း အိမ်နားကပ်လို့။ သည်လောက် ကျဉ်းကျဉ်းကျပ်ကျပ်လေးထဲ သားတော် ဘယ်လိုလုပ် ခြေဆန့်ပြီးအိပ်လို့ရပ့်မလဲ” ပြောဆိုလိုက်၏။

မယ်တော် ခမည်းတော်နှစ်ပါးတို့ သန္ဓေသွေး မွေးရာပါအဖြစ် ပေးလိုက်သော ဇာတိသွေးနှင့် ပတ်ဝန်းကျင်အတွေ့အကြုံ ပြုံဝင်မလာမီ ငါးနှစ်သားက ပုံသွင်းပေးလိုက်သော

မျိုးချစ်သွေးများက ချက်ချင်းပင် ထ, ၍ ဇ, ပြလာကြခြင်းတည်း။

မိဘများ ပုံသွင်းပေးလိုက်ကြသော ဤဇာတိသွေး၊ မျိုးချစ်သွေးများကြောင့်ပင် နောင်သောအခါ (သားတော်ကြီး ဒုဋ္ဌဂါမဏိ အသက်-၂၀ခန့်ရောက်လေသောအခါ) သီဟိုဠ်တစ်ကျွန်းလုံးနီးပါးမျှ အုပ်စိုးထားသော ကျေးကုလားများအား အပြီးအစီး ချေမှုန်းနိုင်သည်အထိ အောင်ပွဲရသွားစေခဲ့သည်။ အသိဝင်ကာစ၊ အရွယ်ဝင်ကာစ မိမိတို့ လိုရာ ပုံစံသက် အကွက်ချ၍ ပုံသွင်းပေးခဲ့ကြရာမှ ရလာသော အောင်ပွဲများပင်တည်း။

ယနေ့ကော သည်လိုလုပ် သည်အတိုင်းမဖြစ်ဘူးလားမေး။

ရွှံ့မျိုး၊ ဖယောင်းမျိုးတို့၏ သဘာဝမည်သည် ယခင်တစ်မျိုး၊ ယခုတစ်ဖုံ၊ နောင်ကျတစ်နဲ မူကွဲသည် မရှိပမာ။ ကလေးငယ်လေးများ၏ ကလေးသဘာဝမည်သည်လည်း မူမကွဲကြပါ။ ကလေးသည် ကလေးသာဖြစ်ပြီး ကလေးသိသည်လည်း ကလေးသိမျှသာဖြစ်ပါသည်။ ကလေးက လူကြီးကြီးလို သိတတ်သည် (သိသည် တတ်သည်)ကား သောင်းပေါက်၍ တစ်ယောက်မရှိကြပါ။

ပုံစံပြရပါမူ ငါတို့ရန်ကုန် (သက်န်းကျွန်း) လူအဖြစ်နေစဉ်က ငါတို့၏ ခြေရင်းဝယ် မွန်လူမျိုး ဦးစံပွင့်နှင့် ပအိုဝ့်လူမျိုး မအေးကြိုင်တို့ လာရောက်နေကြ၏။ ၎င်းတို့၌ ထိုစဉ်က သားသုံးယောက်ထွန်းကား၏။ သားကြီးအုံးမြင့်က သုံးနှစ်ခန့်၊ အလတ်

ကုလားက နှစ်နှစ်၊ အငယ် လှစိုးက တစ်နှစ်ခန့်ရှိကြရာ အကြီး နှစ်ယောက်ကား အဖွားဖြစ်သူ (ဒေါ်အေးကြိုင်၏အမေ) ဒေါ်လှ သွယ်နှင့် နေကြရ၏။ အိပ်တော့လည်း အဖွားနှင့်ပင် အိပ်ကြရ ၏။

ထိုစဉ် အဖွားသည် အိပ်ရာမဝင်မီ ဘုရားရှိခိုးသောအလေ့ သင်ပေး၏။ အဖွားသည် အိပ်ရာဝင်ပြီး မအိပ်မီ ပုံပြင်ပြော၍ သိပ်ပေး၏။ ဘုရားရှိခိုးအလေ့ စိတ်၌ အမြဲမွေ့နေစေရန်ကိုကား ဘုရားရှိခိုးပြီးတိုင်း မုန့်ကျွေး၏။ နံနက်ဈေးသွားရင်းကပင် တစ်ခု မဟုတ်တစ်ခု ကြိုတင်ဝယ်လာခဲ့၏။

ညစဉ် ခုနှစ်နာရီအချိန် အဖွားနှင့်အတူ မြေးနှစ်ဦးတို့ ဘုရားရှိခိုးကြပြီ။ အဖွားသင်ပေးတိုင်း လိုက်ဆိုပြီးသည်နှင့် ထိုမြေးနှစ်ဦး မုန့်စားကြရပြီ။

ထိုနည်းအတိုင်း တစ်နှစ်ခန့်ရှိလာသောအခါ ထိုမြေးနှစ် ယောက် ဘုရားရှိခိုးများလည်း အလွတ်ရနေကြပြီ။ ဘုရားရှိခိုးပုံ အချိုးအစားလည်း ပုံသေလာကြပြီ။ ထိုအချိန် အဖွား မခိုင်းရပြီ။ အကယ်တိတိ အဖွား အလုပ်မအား၍ ဘုရားရှိမခိုးနိုင်လျှင်ပင် ထိုမြေးများက နှိုးဆော်ကြ၏။ ကြာသော် မြေးများ ပူဆာသဖြင့် ထိုအဖွားလည်း မအားဘဲ မနေသာတော့ပြီ။ မြေးတို့နှင့်အဖွား အပြန်ပြန်အလှန်လှန် ဝိုင်းကြီးချုပ် ထိန်းချုပ်ပြီးသား ဖြစ်သွားကြပြီ။ အမွေပေးကောင်းသော အဖွားပေတည်း။

တစ်ဖန်မြေးများ အိပ်ရာဝင်လာကြပြီ။ အိပ်ကား မအိပ်ဖြစ်ကြသေး။ ထိုအချိန် ရှေးအခေါ် ရှေးစကားပြောခလေ့၊ ယခုအခေါ် ပုံပြောခြင်းဖြင့် စိတ်ဓာတ်ရေးရာ ပုံသွင်းပေးပြန်၏။ "သူများမနာလို ကိုယ်အကျိုးထိ" ပုံပြသက်သေစကား။ "အပျင်းထူ လူပျက်၊ ဘဝစည်းစိမ်မတိုးတက်" ပုံပြသက်သေစကား။ "စိတ်ထားကောင်း မင်းလောင်းခ ဘုရင့်ရွှေထီးရ" ပုံပြသက်သေစကား . . .

စသည် ကလေးများအားကျစရာ၊ အတုယူစရာ၊ လိုက်နာစရာ ပုံပြင်လေးများ တစ်ညတစ်မျိုး ပြောဆိုပေးလျက်က သိပ်၏။ ကြာသော် ထိုကလေးများ လူ့အသိ လေ့ကျက်မိလာကြပြီ။ အထိန်းအကျောင်းကောင်းသော အဖွားပေတည်း။

ထိုမြေး၊ ထိုအဖွားများ ရံတစ်ခါ ရိုက်နှက်ဆုံးမရသည်အထိ ရန်ပွဲဖြစ်ပွားကြရ၏။ ထိုအခါ မြေးအုန်းမြင့် လက်သုံးစကားမှာ မရိုက်နဲ့၊ နာသွားမှာပေါ့ဟူ၏။ ထိုစကား အဖွားလှသွယ်က ၎င်းအား ရိုက်သည်ကို ကိုယ်ချင်းစာရန် သတိပေးသည်သို့ ရှိတော့သည်။

သည့်အတူ ထိုဦးစံပွင့် ဒေါ်အေးကြိုင်တို့၏ အိမ်ခေါင်းရင်းနေ ဦးလှဖေ ဒေါ်လှညိုတို့၌လည်း သမီးကြီးကုလားမနှင့် သားအောင်မျိုးဟူ၍ ထိုစဉ်က နှစ်ဦး(သုံးနှစ် နှစ်နှစ်ခန့်)ရှိလေရာ အဖွားဖြစ်သူ ဒေါ်လှငယ်(ဦးလှဖေ၏မိခင် မိတ္ထီလာဝမ်းတွင်း

နယ် ရှန်းပင်ကုန်းရွာဇာတိ)က နည်းတူအလေ့အကျင့် လုပ်ပေးရာ ကလေးများ ည ၇-နာရီလောက်ဆို "အရှေ့တိုင်းစကြာဝဠာ နေကြတဲ့သတ္တဝါတွေ" အစချီကာ မေတ္တာပို့သံ ကြားနေကြရပြီ။ ကြားရသူများ ပီတိဖြစ်ကြရပြီ။ အလေ့ထကောင်းဖြင့် သွေးလောင်း၍ မွေးမြူပေးခြင်းတည်း။

မည်သည့် ပတ်ဝန်းကျင် အတွေ့အကြုံမှ မဝင်မီ မည်သည့် အတွေးမျိုးမှ မတွေးတတ်သေးမီ ကောင်းသောဓလေ့ဖြင့် အတွေ့သင် အတွေးသင် ပေးထားလျှင် ထိုအတွေ့ ထိုအတွေးမျိုးကား သေရာပါ အမာရွတ်ကြီးများပမာ သေအထိ ခွာမသွားကြတော့ပြီ။

* ဓလေ့ရောထွေး မဝင်သေးမီ
  ရှေ့ပြေးပုံချ အလေ့ပြုပါ။
* အသိယောက်ယက် ဉာဏ်မထွက်မီ
  စားကျက်ဉာဏ်များ မွေးပေးထားပါ။

ငါတို့ပြည်၏ ယနေ့အခြေအနေသည် (သီဟိုဠ်စသည်များလည်း နည်းတူ) ဒုဋ္ဌဂါမဏိတို့ခေတ်ကလို ဝါလိဂင်္ဂါမြစ်၏ တစ်ဖက်ခြမ်းစာမျှပင် ဘာသာသီးသန့်၊ လူသီးသန့် မရှိကြတော့ပါ။ ဂါမဏိတို့လို ထိုးစစ် နေနေသာသာ ခံစစ်မျှပင် လုပ်ခွင့်မရ ခန်းစစ်မှ ခ,စစ်အထိ အရာကျ နေကြပါပြီ။

ဤအချိန်သည် သားရှင်၊ သမီးရှင်များ၊ သားငယ်၊ သမီး

ငယ်လေးများအား အသိဝင်စအချိန်၊ အရွယ်ဝင်စအချိန်ဝယ် အလေ့ဖြင့် လမ်းကြောင်း၊ ကောင်းသွေးများ လောင်းထားပေး သင့်ကြပါသည်။ ဤအချိန်သည် သားရှင်၊ သမီးရှင်များ မွေး ဖွားခြင်း၊ ကျွေးထားခြင်း တာဝန်နှစ်ခုနှင့်ပင် လမ်းမဆုံးစေဘဲ အန္တရာယ်ကြားမှ လမ်းမှန်သွားနည်းများကိုပါ လေ့ကျင့်ပေးထား သင့်ကြပါသည်။

ကာလသားမည်သည် ခေတ်ကာလ ပုံစံသစ်ကို အသားချ ပေးလေ့ရှိသူများ။ ကာလသမီးမည်သည် ခေတ်ကာလ ပုံစံသစ် ကို အသီးအပွင့် ဆင့်ပေးလေ့ရှိသူများ။

မိမိ မိမိတို့ရှိ ထိုကာလသားငယ်၊ သမီးငယ်လေးများ အတန်းစုံတက်၊ ကန်းကုန်ပျက်ဖို့ လက်ထွက်မချကြသေးမီ ခေတ် ကာလကောင်းများချည်း ပုံသစ်ဆောင်း ထွက်တတ်ကြစေရန်။

ယခင်က သားသမီးနေရာ နေခဲ့ကြဖူးသော ယနေ့မိဘများ မိမိ မိမိတို့ဘဝသက်တမ်း (အရွယ်မရောက်မီ အရွယ်ဝင်စ၊ နောက် အရွယ်ရ၊ အိမ်ထောင်ကျအထိ) လာရာလမ်းကို ပြန်လည် တွက်ချင့်၍ သားသမီးများအား လမ်းကောင်းဖွင့်ပေးကြပါကုန်။ အတုမြင်ခြင်း၊ အတတ်သင်ခြင်း။

သားသမီးထွေး၊ ထိုကလေးများ၌ မျိုးရိုးဉာဉ်၊ ဗီဇဉာဉ်၊ ပင်ကိုယ်ဉာဉ် ဟူ၍ သုံးထပ်ကိန်းတည်ပြီး ရှိနေကြရာ ယင်း က လေးများ၏ ပင်ကိုယ်ဉာဉ်သို့ မျိုးရိုးဉာဉ်၊ ဗီဇဉာဉ်များ မိဘတို့က

တင်မပို့ ကြလျှင် တင်ပို့သော်မှ နောက်ကျနေလျှင် ဝန်းကျင်၏ မျိုးရိုးဉာဉ်၊ ဗီဇဉာဉ်များက သိမ်းသွင်းသွားကြပါတော့မည်။ ကျောင်းသားကြီး တို့ညဉ် ကျောင်းသားလေးတို့မြင် မြင်ရာလု၍ အတုသင်။ ကျောင်းသူကြီးတို့ညဉ် ကျောင်းသူလေးတို့ မြင်မြင် ရာလု အတုသင်၊ နောင်သော် အတုသင်ရာမှ အတုဝင်၊ ထိုအတု ကိုလျှင် မင်လာကြ သောအခါ. . .

ဘာမဆို တပ်ရာအပ် (တပ်မက်ရာအပ်) တပ်ရာမင် အ တတ်သင်ကြပေတော့မည်။ ဘာမဆို တပ်လာရာအပ်၊ တပ် လာရာဝင် လက်ထပ်ငင်ကြပေရော့မည်။ ထိုအခါကျမှ လုပ် ရက်လေခြင်း တ၊ သားသမီးတို့က ပြန်လည်၍ လှည့်ကြည့်ကြ တော့မည် မဟုတ်ပြီ။

♦ ♦ ♦

## ၃။ သညာတွင် ပညာတင်၍ သင်ပေးခြင်း

သာသနာ့ရေးရာ. . . ဘုရားအဆုံးအမ အသုံးချ၍ရသည် အထိ ခံယူထားခြင်းများ။

လောကရေးရာ. . . မျိုးရိုးဗီဇ အရှိန် ထွန်းတောက်ပ သည်အထိ ဆက်ခံထားခြင်းများ။

လူသားတိုင်း ရှေ့ဆက်ရမည့်ခရီးကား ဤသို့လျှင် မျဉ်း ပြိုင် လမ်းထား နှစ်စား ရှိနေကြပါသည်။ လူမှန်လျှင် မသွားမဖြစ် အမြင်နှင့်အဝင် အ လျင်ဆက်၍ ရှေ့တက်ရမည့်ခရီးတည်း။

သာသနာရေးရာအမြင်အတွေးမပါကြပါလျှင် လူသွား လမ်းဟူ၍ပင် မရှိနိုင်ပါ။ လောကရေးရာ မွေဆက်သွေး မပါကြ ပါလျှင် လူမျိုးသန့်သန့်ဟူ၍ပင် မရှိနိုင်တော့ပါ။

ဝါဒနှင့် ဗီဇ စီချမထားခဲ့လျှင် နောက်နောက် သားသမီး၊ မြေး၊ မြစ်(လက်ဆင့်ကမ်းစရာ) မျိုးဆက်များနှင့် မိမိကိုယ်တိုင် ဤလောကထဲ တစ်တုန့်တစ်လှည့်ဝင်လာမိချိန် ဤသာသနာ ဤလူမျိုး များဟူ၍ ရှိကြတော့မည်မဟုတ်ကြပါ။

သင်သည် သာသနာ့ဝန်ထမ်း ဤဘုရားလမ်းကြား သွားနေစဉ် သင့်မှာတာဝန်ရှိပါသည်။ သင်သည် လူဝန်ကိုထမ်း ဤလူလမ်းထဲ သွားနေစဉ် သင့်မှာတာဝန်ရှိပါသည်။ သည့်အတူ ငါသည်လည်းကောင်း၊ ငါ့အစထား အများသည်လည်းကောင်း ရှေးသူကောင်းတို့၏ ထုံးဟောင်းကို သက်သေအရာဆောင်း၍ တောင်းဆိုလာသော အရေးနှစ်ပါး ပေးထားခဲ့သင့်ကြပါပြီ။

သာသနာနှင့်ပတ်သက်၍ ဗြဟ္မာ့ဘုံနေ အရိယာဗြဟ္မာကြီးများက သာသနာတော် ဦးဆောင်နိုင်စွမ်းသော အလောင်းတော်များအား တာဝန်ချပေးရန် ချိန်နေကြဆဲပါ။ လောကနှင့်ပတ်သက်၍ နတ်ဘုံနေ အရိယာနတ်သားကြီးများက ဗုဒ္ဓနိုင်ငံတော် ဦးဆောင်နိုင်စွမ်းသော အလောင်းတော်များအား တာဝန် နှင်းအပ်ရန် ချိန်နေကြဆဲပါ။

သည်ကသာ အလာပေါ် အလားထား၍ နယ်မြေများ မျဉ်းတားမပျက် ကာခြားလျက်က စောင့်ကြိုနေကြနှင့်ရန်သာ လိုပါသည်။ ရှေးအစဉ်၌ သာသနာတော်ကြီးအတွင်းနေ ရဟန်းများက ရဟန်းဆိုပြီး ရဟန်းလို ရဟန်းကျင့် မကျင့်ကြသဖြင့်

ကျင့်ပါသော်ကော လူရိုသေ ရှင်ရိုသေရုံမျှ အယောင်ပြထားခြင်းများကြောင့် သာသနာတွင်း၌ပင် **အလဇ္ဇီ** - ရဟန်းသိက္ခာသက်ဖောက်ဖျက်ရမည်ကို လုံးဝမရှက်တော့ခြင်း။ **ဒုဿီလ -** မရှက်နောက် မကြောက်ဖွဲ့ အကျင့်မဲ့ဖြင့် ပွဲပွဲရွဲ့ရွဲ့ နေပြခြင်း။

ဤတရားဆိုး နှစ်ပါး စည်းချိုးဝင်လာခြင်းကြောင့် ရဟန်းချင်းချင်း အကျင့်မညီ၊ ရဟန်းဝတ် ချွတ်ယွင်း၊ တစ်ပါးနှင့်တစ်ပါးဦးညွှတ်ခြင်းကင်း၊ ညီညွတ်ခြင်း အလျှင်းရပ်စဲသွားခဲ့ရာ ဝါဒရိုးခြားများ အလွယ်တကူ ထိုးဝင်လာခဲ့ကြပါသည်။ ယင်းကို စင်ကြယ်စွာ ဆေးကြောသုတ်သင်ပစ်ရန် ဗြဟ္မာမင်းကြီးများသည် ဗြဟ္မာ့ပြည်နေ မောဂ္ဂလိပုတ္တတိဿလောင်းလျာအား တာဝန်အပ်နှင်းကြကာ ဤလူ့ပြည်သို့ စေလွှတ်ပေးခဲ့ကြပါသည်။

ဤလူပြည်မှာလည်း ဘုရားအဆုံးအမ စာတွေ့လက်တွေ့နှစ်ဖက်ကျဖြင့် လက်မိလက်ရ ရရှိထားတော်မူကြသော အရိယာကြီးများ ထွန်ကားနေဆဲအပြင် သာသနာလမ်းကြော တိမ်ကောပပျောက် မသွားရအောင် ထိန်းပေးထားနှင့်ပြီးများလည်း ရှိနေဆဲပင်ဖြစ်ပါသည်။ မြေနှင့်ရေ၊ မြေနှင့်မျိုး ပျိုးချရန် ရာသီကနှိုးပေးထားခြင်း။

ထိုစဉ် အလောင်းတော်ကား ဘုရားမျိုးထဲ ပဋိသန္ဓေမဝင်၊ ဗြဟ္မဏမျိုးထဲ ပဋိသန္ဓေသွားဝင်ရာ ရဟန္တာကြီးနှစ်ပါးက၊ (အဿဂုတ္တမထေရ် နှင့် ဝဏ္ဏဝဇ္ဇီမထေရ်ထင်၏) တစ်ပါးက ဘာသာ

သိမ်းသွင်းရေး တာဝန်ယူ၊ ကျန်တစ်ပါးက ဝါဒရေးရာသင်တန်း စာတွေ့လက်တွေ့ ပူးပေါင်းသင်ပြပေးရန်တာဝန်ယူဖြင့် ကော သွားသောသာသနာကြော ပေါလောပေါ်သည်အထိ စောကြော ဆောင်ကြဉ်းတော်မူခဲ့ကြပါသည်။ သို့ဖြင့်ပင် တတိယသင်္ဂါယနာ တင်ပွဲ၏ အကြီးအမှူး ဦးစီးဉက္ကဋ္ဌ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ဟူ၍ ဤကမ္ဘာဝယ် သာသနာ့ ဝန်ဆောင်တစ်ပါး ထင် ရှားလာစေခဲ့ပါသည်။

ထိုနှင့် တစ်ဆက်တည်းပင် သာသနာပြုရာဝယ် ဆရာရှိ တွဲဖက်ဒကာလည်းရှိစေရန် သိကြားမင်းကြီးနှင့်တကွသော နတ်လောကရှိ သမ္မာဝါဒီနတ်များသည် နတ်ဘုံ၌ စံစားဆဲဖြစ် သော အာသောကဘုရင်လောင်းလျာအား တာဝန်များအပ်နှင်း ကြကာ စေလွှတ်ကြပြန်ပါသည်။ သို့ဖြင့်ပင် တတိယသင်္ဂါယနာ တင်ပွဲကြီးနှင့်တကွ သာသနာ့တာဝန်ကြီးများကို လူ့ဘက်က ရာဇမိရာဇ်အာဏာစက်ဖြင့် ကမ္ဘာအဝှမ်း သာသနာ့အရောင် လွှမ်းစေခဲ့ပါသည်။

သာသနာသည် ပျောက်ကောင်းသောအရာမဟုတ်။ သာ သနာပျောက်လျှင် နေ၊လတို့ပျောက်ကွယ်သည်နှင့် ဘာမျှ မခြား နားချေ။

ယနေ့ သာသနာကွယ်ပြီ။

ထိုနေ့ ဤကမ္ဘာ အမှောင်ကြီးကျ ဘာဆိုဘာမျှ မြင်ခွင့်မရ

တော့။ ထိုအခါ လူသည် လူကျင့်စဉ် ကျင့်သော လူသားမျိုးလည်း မဟုတ်၊ လူတို့သွားရာလမ်းဖြစ်သော လူမှလူ၊ လူမှနတ်၊ လူမှ ဗြဟ္မာ၊ လူမှအရိယာဆိုသော လူလမ်းအတိုင်းသွားမည့် လူသား လည်း မဟုတ်ကြတော့ပါ။ ယနေ့ သာသနာမဲ့ ကမ္ဘာတစ်ခြမ်း လှမ်းကြည့်လိုက်စမ်းပါ။

တဏှာအလံထူ၍ အဓမ္မကာမ အရယူ ဇမ္ဗူတလူလုပ် အ ကျင့်လမ်း။ မာနအလံထူ၍ အဓမ္မဝါဒ အရယူ ဇမ္ဗူတလူလုပ် အကျင့်လမ်း။ ဒိဋ္ဌိအလံထူ၍ ကမ္ဘာ့ကာမ၊ ကမ္ဘာ့ဝါဒ အရယူ ဇမ္ဗူတလူလုပ် အကျင့်လမ်း။

ပပဉ္စခေါ် ဘဝကိုချဲ့ထွင်ခြင်း၊ သံသရာကိုချဲ့ထွင်ခြင်း ဆိုင်ရာ ထိုသော့သုံးချောင်းကို လက်တွင်းမြှုပ် ကျစ်ကျစ်ဆုပ်၍ တဏှာဖွ၍ အမြတ်ထုတ်ရမည်ကို မရှက်မကြောက် ဖောက်ပြန် ပြနေကြပါပြီ။ ယင်းမရှက်ခြင်းကို ပညာရဲရင့် ပွဲလယ်တင့် နေရာ အစားသွင်း၍ တဏှာဆွပွဲ အလဲလဲ ပွဲကျင်းပြနေကြပါပြီ။ ယင်း တို့၏ဦးခေါင်းထဲ အခိုင်အမာစွဲနေကြသည်ကား ငွေ-ငွေ-ငွေ တည်း။ သက်မဲ့ငွေက သက်ရှိလူကို သူ့အကြောင်း ကောင်း ကောင်းပြ၍ ရောင်းစား၊ ခိုင်းစားနေခြင်းပင်။

ယနေ့ သာသနာကွယ်ပြီ။

ထိုနေ့ ဤကမ္ဘာ့ လမ်းထားများပျက် ရှေ့ခရီးမဆက်နိုင်ကြ တော့ပါ။ ထိုအခါ စွဲမိစွဲရာ စွဲ၊ ဆွဲမိ ဆွဲရာ ဆွဲဖြင့် အလွဲချည်း

တွဲမိနေကြတော့ရာ ဝိနိပါတိကဘေး(စွဲရာဝင် ထင်ရာရောက် သွားလမ်းပျောက်နေသော တိရစ္ဆာန် ကျင့်စဉ်နှင့် သွားနည်းများ ပမာသောဘေး)ကျရောက်လာတော့မည်။ ယင်းလမ်းမပြင် ဘေးကြီးကိုလျှင် အမှန်ထင်ကာ အပြုဆို နှင်၊ အပြင်ဆို လက်မခံ တစ်ဦးချင်းလွတ်လပ်ခွင့်ဆိုသော ဆိုင်း ဘုတ်ကိုင်လျက်က သန်သန် ချီတက်ကြပါတော့မည်။

လူသွားလမ်းလေး ပျောက်သွားပြီ။ လူကြည့်မျက်လုံး သုဉ်း သွားပြီ။ သို့ကြောင့် သာသနာသည် ပျောက်ကောင်းသောအရာ မဟုတ်ဆိုသည်ကို သဘောပေါက်သင့်ပြီ။ ထိုသာသနာသည် ကျိန်စာတိုက်၍ အတင်းအကျပ်မခိုင်း သို့သော် ဓမ္မနှင့်အဓမ္မ မိစ္ဆာနှင့်သမ္မာ စသည်များကိုကား ခွဲခြား ပြသပေးပါသည်။

ထို သာသနာသည် ရှေ့စွဲကို မဖျက်ရ၊ အထက်မိန့်ကို မဝေဖန်ရဟူ၍ မတားမြစ်။ သို့သော် အကြောင်းနှင့်အကျိုး- ဖြစ်သော စိတ်နှင့် ရောက်ရာဘုံ စသည်များကိုကား ကိုယ်တိုင် ဝေဖန်စေပါသည်။ သို့ကြောင့်လည်း သာသနာသည် ပျောက် ကောင်းသောအရာ မဟုတ်ဆိုသည်ကို ထပ်ဆင့်၍ သဘော ပေါက်သင့်ကြပြီ။

ယနေ့ ထိုသာသနာတော်ကြီး နှုတ်ခမ်း ပန်းနား မှအစ အားလုံး တိမ်မှု၊ ကောမှု မရှိကြရလေအောင် ဘာသာသွေး မျိုးဆက် စာတွေ့လက်တွေ့တို့ဖြင့် သင်တန်းဖက်၍ လက်ဆင့်

ကမ်းသင့်လာကြပြီ။ ထိုသို့ သင်တန်းဖက်လျက် လက်ဆင့်ကမ်း သွေး ပေးအပ်ကြရာ၌ ရှင့်ဘက်၊ လူ့ဘက် ဆရာဒကာ ထို နှစ်ဖြာအတွက် ဘက်စုံ ဖြည့်ကွက် ဝင်ကြရမည်ဖြစ်ရာ . . .

မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်အတွက်က အရိယာ အရှင်သခင်ကြီးများက တာဝန်ယူ။ အာသောကမင်းတရားကြီး အတွက်က အရှင်မောဂ္ဂလိကပင် တာဝန်ယူပမာ။

ရှင်ငယ်များအား ရှင်ကြီးများက ဂန္ထဓုရဆောင်သူချင်း အမြင်ချင်း ဖလှယ်ပေးတော်မူကြပြီး သို့မဟုတ် ပရိယတ်ပညာ ဖြင့် ပုံကြမ်းခုတ်ပြီးသား အရုပ်ကို ပဋိပတ်ဖြင့်ဆေးခြယ်၊ အ ပေါက်ဖောက်၊ ပဋိဝေဓဖြင့် ကြိုးစုံတောက်လျှောက်တပ်ကာ အရုပ်ရုပ်လှည့်လည် ကပြစေသည်အထိ ပြုပြင်ပေးပြီး. . .

လူများဘက်ကိုကား ထိုနှစ်ဖက်မြင် ရှင်ငယ်များကပင် လူ အမြင်ကျ သည်လို၊ သဘောတရားလက်တွေ့ကျ သည်သို့၊ နေ့ အမြင်နှင့် ညအမြင် ခွဲခြားသင်နည်းပမာ သင်ကြားပေးကြရ ပါမည်။ ဘုရား သားတော်၊ သမီးတော် အမည်ခံထားသူ လူများအဖို့ အနည်းဆုံး ငါတစ်လုံးပယ် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ နှစ်ဆင့် ကွယ်ပြီးသော သောတာပန် အဆင့်အထိ သင်တန်းအောင်သင့် ကြပါသည်။

အပါယ်ဘေးကြောက်လျှင် အပါယ်နှင့်ဝေးရာ ပြေးပေါက် အပေါက် ဖောက်သင့်ကြပြီ။ ဘုရားသား၊ သမီးအမည်ခံ ဘုရား

ကဲ့သို့ အညာဆန်များ ဖြစ်သင့်ကြပြီ။

ထိုမျှ လူတို့ဘက်က အများစု ခရီးပေါက်နေကြလျှင် (ရှင်ကား တစ်ဘဝစံ တစ်လမ်းဆုံး လူ့ရှေ့ကစံပြ အမြင်ခံမျိုး ဖြစ်ရာ လမ်းဆုံး တောက်လျှောက် ခရီးပေါက်နှင့်ထားသင့်ကြ သည်။) မည်သည့် ဘာသာ၊ မည်သည့်လူမျိုး၊ မည်သည့်သွေးဆိုး မှ ကြားတိုးခွင့်ရစေမည် မဟုတ်တော့ပါ။ ကိုယ့်ကို ဆွဲရင်း သူလဲ၊ သူလဲရာ အသာတွဲ ဆွဲထူ ကိုယ့်လိုလူ ဖြစ်လာစေပါမည်။

သာသနာတော်ကြီးလည်း ကမ္ဘာ့တနံတလျား (အနည်းဆုံး အာရှတနံတလျား) ဘယ်သွားသွား ခရီးမသုဉ်း၊ လမ်းမဆုံး။ မြန်မာ့တနံတလျားလည်း ဘယ်သွားသွား ဘယ်အကြား ဝင်ဝင်။ ရုတ်တရက် မျက်စိဖွင့်ကြည့် "အဲ. . ရှိသေးတယ် အားကောင်း တုန်းဘဲ။" အကြည့်ဖြင့် စိတ်ချလက်ချ။ လေသံကြား နားစွင့်ကြည့် "အဲ. . ဟုတ်တယ် ဘုရားအဆုံးအမ စကား ချည်းဘဲ " အသိဖြင့် စိတ်ချလက်ချ။

ထိုသို့ သာသနာထွန်းကားရာ ဤမြန်မာ့ဒေသ ဘုရားပုံ ဟန်နှင့် ဘုရားအသံမျိုးကသာ အများသုံးဖြစ်နေကြစေရန် ယနေ့ ရှင်သား၊ လူသားများလက် တာဝန်တက်လျက်ကရှိချေပြီ။

မင်းတုန်းမင်းကြီးသည် မဝေးတော့သည့် မိစ္ဆာဒိဋ္ဌိဘေးကြီး ကာကွယ်ရေးအတွက် ရတနာပုံနေပြည်တော်ရှိ လူအားလုံးတို့ အား ဂရုဓမ္မ အမိန့်တော်ပြန်တမ်းဖြင့် တပ်လှန့်ပေးထား

ခဲ့ပါသည်။ ခြေရင်းကနေ အန္တရာယ်ပြု ခြိမ်းခြောက်နေသော သာသနာ့အန္တရာယ် ကာကွယ်တားဆီးရေးအတွက်လည်း ပဉ္စမသင်္ဂါယနာတင်ပွဲကြီးဖြင့် ရဟန်းတော်အားလုံးအား စုစည်းပေးထားခဲ့ပါသည်။

ထို့နောက် နောက်မင်းကောင်းများ လက်ထက်တွင်လည်း သဿတဒိဋ္ဌိဘေးကြီးမှ မအေးဆေးရသည့်အထဲ ဥစ္ဆေဒဒိဋ္ဌိဘေးကြီးကပါ ညာသံပေး ဝင်ရောက်လာပြန်ရာ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးဖြင့် ရှင်နှင့်လူ အတူစုစည်းထားခဲ့ရပါပြီ။

ယခုလည်း ဝါဒရေးရာ မျက်နှာစာအားလုံးတို့၌ပင် . . .

၁။ သဿတဒိဋ္ဌိဘေး- ကမ္ဘာ့ရှိုးစွဲဝါဒ ဖန်ဆင်းရှင်အားကိုးကိုယ်ကိုယ်တိုင် မကြိုးစားရသောဝါဒမှား အားပေးထားခြင်း။ အာရုံခန်း ဗန်းပြထားခြင်း။

၂။ အဟေတုကဝါဒဘေး- အတိတ်အကြောင်းခံ တော်လှန်သောအတွေး အားပေးထားခြင်း။

၃။ အနတ္ထိကဝါဒဘေး- အနာဂတ်အကျိုး မမျှော်ကိုးရန်အတွေး အားပေးထားခြင်း။

၄။ အကိရိယဝါဒဘေး- ကြောင်းကျိုး နှစ်ပါး ဖယ်ရှား ကိုယ်လုပ်နိုင် ကိုယ်စားရသည့်အတွေး အားပေးထားခြင်း။

ထိုအရေးများက ဘာသာသွေး မမိတမိ ဘာသာအရင်းအမြစ်မှ ဝေးရာကြား ခြားနားခံထားကြရသည့် လူငယ်လူရွယ်

များအတွင်း ထိုးစစ်ခင်း၍ အတင်းနင်း ဝင်လာနေကြပြီ။

ယနေ့မှ မျိုးမချ နောင်ခိုကိုးစရာ အပင် အစအနမျှ ရှိကြတော့မည် မဟုတ်ပြီ။ ယနေ့ ထိုသို့ မျိုးစေ့ချရန် မရနိုင်တော့ဘူးလားမေး။ ဘယ်အချိန်အခါမဆို၊ ဘယ်လူမျိုးမဆို၊ အကြောင်းစိုက် အကျိုးလိုက်လာမည်ကား မလွဲတည်း။

**ယောဟိ ကောစိ ဘိက္ခဝေ**

**စတ္တာရော သတိပဋ္ဌာနေ၊ ဧဝံ ဘာဝေယျ၊**

**သတ္တဝဿာနိ၊ သတ္တမာသာနိ၊ သတ္တာဟံ၊**

**တဿ၊ ဒွိန္နံ ဖလာနံ၊ အညတရံ ပါဋိကင်္ခံ**

**ဒိဋ္ဌေဝ ဓမ္မေ အညာ၊**

**သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။**

အထက်ပါ ပါဠိစကားများ၏ ဆိုလိုချက်မှာ . . .

**ယောဟိ ကောစိ ဘိက္ခဝေ**- ဘယ်လိုလူ ဝင်လုပ်လုပ် အာမခံပေးထားပြီး၊

**သတ္တဝဿာနိ သတ္တမာသာနိ သတ္တာဟံ**- ခုနစ်နှစ်ပတ်လုံး သို့မဟုတ် ခုနစ်လ သို့မဟုတ် ခုနစ်ရက်တို့ပတ်လုံး အများဆုံးမှ အနည်းဆုံး ကာလတိုလေးများဖြင့်ပင်ဟူ၍ အချိန်ပါ အာမခံပေးထားပြီး၊

**စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ**- သတိပဋ္ဌာန်လေးပါးတစ်ပါးပါး မိမိအတွက် အားထားခွင့်ရရာကို သတိမပြတ် သတိ

ချင်းစပ်၍ထပ်၍ ပွားနေချေသော်ဟူ၍ ပွားစရာ ကိရိယာ၊ ပွားရမည့်နည်းလည်း အပြီးအစီး ညွှန်ကြားချက်ပေးထားပြီး၊

**တဿ ဒွိန္နံ ဖလာနံ အညတရံ ပါဋိကင်္ခံ-**

(က) **ဒိဋ္ဌေဝ ဓမ္မေ အညာ**

(ခ) **သတိဝါ ဥပါဒိသေသေ အနာဂါမိတာ**- သတိလက်မချ ဘာလုပ်လုပ်၊ ဘယ်လိုနေနေ အမှတ်ရရဖြင့်နေသော ထိုသူ့ အတွက် ဤအကျိုးထူးနှစ်ချက် တစ်ချက်ချက် ချက်ချင်း အဖြေမှန်ထွက်လတ္တံ့ဟူ၍ ရရှိလာမည့်အကျိုးထား နှစ်ပါးကို လည်း အထင်အရှား အာမခံပေးထားခဲ့ပြန်ပါသည်။

ယင်း အကျိုးထူး တရားနှစ်ပါးကား . . .

(က) **ဒိဋ္ဌေဝ ဓမ္မေ အညာ**- ယခုကျင့်ဆဲကာလ၌ပင် အရဟတ္တမဂ် ချက်ချင်းကြီးလက်လာအံ့။

(ခ) **သတိဝါ ဥပါဒိသေသေ အနာဂါမိတာ**- အစွဲနည်းနည်း ဝင်နေသေးလျှင်တော့ အနာဂါမ်ပဲ။

ဤသို့လျှင် အတိအလင်း အာမခံ ပေးထားပြီး ရှိနေချေရာ ယနေ့ ရှင်တို့ လူတို့ ဘုရားပေးသောအလုပ် မလုပ်လျှင် အားကိုး ပေ့ါလို့၊ အားထုတ်လျက် အလင်း မလက်လျှင်တော့ ဝီရိယလျော့ လို့ပဲ မှတ်ကြကုန်။

အထက်ပါ ဘုရားရှင်၏ အာမခံချက်နှင့် လိုက်ဖက်ရန် မိမိတို့ဘက်က အားထွက်ထားကြရမည်မှာ . . .

**သဒ္ဓါ** - ဘုရားစကား၊ ဆရာသမားစကားနှင့် မိမိသတ္တိများအပေါ် အယုံပြင်းပေးကြပါ။

**ဆန္ဒ** - ဘုရားလက်သုံး၊ အရိယာတို့လက်သုံး ဤကျင့်ထုံးကို ကျင့်သုံးလိုမှု ဦးစီးပြုကြပါ။

**ဝီရိယ** - ခက်လည်းရဲရဲ၊ လွယ်လည်းရဲရဲ စိတ်ချလက်ချဖြင့် ပွဲဝင်ပြုကြပါ။

ထိုသုံးချက်တို့ပင်။ ထိုသုံးချက်တို့ကသာ သင့်စိတ်နောက် အမြဲလိုက်ပါနေကြသော် သင့်လက်ထဲရှိ သတိကား မစွဲ မရှိ။ မမြဲ မရှိ။စွဲ၏။ မြဲ၏။ ရှိရတော့သည်သာ။

♦ ♦ ♦

## သဒ္ဓါလက်နက် ဤသုံးချက်ဖြင့် ထက်စေအောင်သွေးပါ

၁။ ငါသည်. . .

မယားအလုပ် လုပ်ကိုင်ပေးရင်းကသာ သေခဲ့ရဖူးသေး၏။ တရားအလုပ် လုပ်နေရင်းဖြင့်ကား တစ်ခါဘူးမှ မသေခဲ့ရဘူးသေး။ သို့ကြောင့် ငါ တရားအလုပ် အားထုတ်မည်။ အကယ်တိတိ. . . တရားအားထုတ်ရာတွင် အခြေထူးလျှင်လည်း ထူးရော့၊ အခြေမထူး သေဖူးသည်မှ ရှိရှိပေ့။ ဤသို့လျှင် ဆင်ခြင်ဉာဏ် ဝင်လျက်က သဒ္ဓါအား တိုးတက်စေရမည်။ ထိုနှင့်မှ သဒ္ဓါတက်မလာသော် ဤသို့လျှင် ရှေ့ဆက်လက် ဆင်ခြင်ပါ။

၂။ ငါသည် . . .

တစ်ပါး တခြားအလုပ် လုပ်ပေးနေရင်းကသာ သေခဲ့ရဖူးသေး၏။ ငါ့ကိစ္စ ငါလုပ်နေရင်းဖြင့်ကား တစ်ခါဖူးမျှ မသေခဲ့ဘူးသေး။ ရှိစေတော့ . . . သို့ဆိုလျှင် ငါသည် ငါ့ကိစ္စ ငါလုပ်တော့မည်။

အကယ်တိတိ. . . ငါ့ကိစ္စ အရာပြ ဓမ္မအလုပ် အားထုတ်ရာတွင် အခြေထူးလျှင်လည်း ထူးရော့၊ အခြေမထူး သေဖူးသည်မှ ရှိရှိပေ့ါ။

ဤသို့လည်း ဆင်ခြင်ဉာဏ် ဝင်လျက်က သဒ္ဓါစက် အသက်ဆက်ပေးပါလေ။ ထိုသို့ အားဆင့်လျက်ကမှ အားဝင့်တက်မလာသော် ဤလိုလည်း ဆက်ဆင်ခြင်ပါ။

၃။ ငါသည်. . .

ကာမဂုဏ်အရသာများ သုံးဆောင်ခံစားရင်းကသာ သေခဲ့ရဖူးသေး၏။ ဓမ္မရသ၊ ဝိမုတ္တိရသထုံ ဓမ္မဂုဏ် ခံစားရင်းမှကား တစ်ခါဘူးမျှ မသေခဲ့ဘူးသေး။ ရှိစေတော့. . . သို့ဖြစ်လျှင် ယခု ဓမ္မဂုဏ်ခံစားရမှု အားပြု၍ နေတော့မည်။

အကယ်၍များ. . . ဓမ္မဂုဏ် လမ်းစအနေ အခြေထူးလျှင်လည်းထူးရော့၊ အခြေမထူး သေဖူးသည်မှ ရှိရှိပေ့ါ။

ဤသို့သာ ဆင်ခြင်ဉာဏ် တစ်ချက်ပေါ် တစ်ချက်ဆင့် အားချင်းပင့်၍ မြှင့်တင်ပေးနေသော် ဘုရားအပေါ်၊ တရားအပေါ်၊ သံဃာအမည်ရ ဆရာသမားအပေါ် ယုံကြည်ရင်းစွဲ ရှိသူ

များပီပီ ငုတ်နေသောသဒ္ဓါအား ဧကန်လျှင် အထင်အရှား ဖြစ်ထွန်းပွင့်ပေါ်လာစေမည်။ ထိုသဒ္ဓါအားများနှင့်အတူ ကိုယ့်သတ္တိကိုယ့်အစွမ်းအစ၌ ယုံကြည် စိတ်ချသော သဒ္ဓါလည်း ဖြစ်ပွားလာစေမည်။

တစ်ဖက်မယုံရာမှ ဟုတ်မှဟုတ်ပါ့မလား ချုန်း အခွင့်ရေး တစ်ဝက် လက်လွတ်ဆုံးရှုံးနေပြီ။ ကိုယ့်ကိုကိုယ် မယုံရာမှ ဖြစ်မှဖြစ်ပါ့မလား ချုန်း အောင်ပွဲတစ်ဝက် လက်လွတ်ဆုံးရှုံးနေပြီ။

**မှတ်ချက်** ။ ။ ယုံမှု အစွမ်းထက်သော အရာလေးမျိုးထဲတွင် ရတနာသုံးပါးအပေါ်နှင့် ကိုယ့်သတ္တိအပေါ် နှစ်ပါးလည်း ယုံမှုသာ အစွမ်းထက်ကြောင်းထဲတွင် ပါဝင်နေကြသည်။

ထိုယုံကြည်ချက်သုံးမျိုး (ဘုရားစကား၊ ဆရာသမားစကား၊ (တရားကား စကားထဲ၌ပါပြီး) နှစ်ပါးနှင့် ကိုယ့်သတ္တိအပေါ်) တွင် ကိုယ့်သတ္တိ ကိုယ်ယုံစေခြင်းက အရင်းပင်။ ရတနာကား ယုံစွဲရှိပြီး ဖြစ်နေသော်လည်း ကိုယ့်သတ္တိကိုယ်ကား ယုံခဲသောကြောင့်။ အကယ်တိတိ. . . ထိုသတ္တိသုံးမျိုးသို့ ယုံကြည်ချက်များ တခဲနက် ထိုးဝင်လာခဲ့သော်. . .

**ဆန္ဒ** - ဘုရားရှင် အရိယာအရှင်များ ကိုယ်တိုင်သုံးပြီး ကိုယ်တွေ့နည်းအဖြစ် ချီးမြှင့်ပေးသနားထားသော တရားတော်၌ အားထုတ်လိုမှုဆန္ဒအား တဖွားဖွား ဖြစ်ပေါ်လာစေတော့သည်။

**ဝီရိယ** - ဘုရားရှင်၏ရဲရင့်ခြင်း၊ အရိယာအရှင်တို့၏ ရဲရင့်ခြင်းသို့သော ရဲတင်းစိတ်များလည်း တဖွားဖွားဖြစ်ပေါ်လာစေတော့သည်။

* သဒ္ဓါဝင်စွက် ဆန္ဒသက်
မပျက်ခိုင်မာ ပြီးသားပါ။

* ဆန္ဒဝင်စွက် ဝီရိသက်
တိုးတက်ခိုင်မာ ပြီးသားပါ။

* သဒ္ဓါ ဆန္ဒ ဝီရိယ
တစ်စမိရာ အကုန်ပါ။

သန္ဒိဋ္ဌိကဂုဏ်နှင့်ပြည့်စုံသော တရားဟူ၍ ဘုရားရှင်ကိုယ်တော်တိုင် အာမခံချက်ပေးထားသော ထိုတရားတော်၏အပေါ် ထိုသဒ္ဓါ၊ ဆန္ဒ၊ ဝီရိယများ အရင်းအနှီးထားပေးရာ၌. . .

သဒ္ဓါအား မချိမဆံ့ ဖျားနာနေစဉ်က ဖြစ်ပွားခဲ့သော ဆေးဆရာ့လက်ထဲက ဆေးတစ်ခွက်လောက် ယုံလျှင်ပင် ရနိုင်တော့သည်သာ။

ဆန္ဒအားလည်း ထမင်းဆာစဉ်က ဖြစ်ပွားခဲ့သော ထမင်းစားလိုမှု ဆန္ဒလောက် အားကောင်းလျှင်ပင် ရနိုင် တော့သည်သာ။

ဝီရိယအားကလည်း ဝမ်းနုတ်ဆေး စားထားရာမှ ဝမ်းများခန္ဓာတွင်း လှုပ်ရှားထကြွနေစဉ် အိမ်သာသွားသော ဝီရိယလောက်

ထုတ်သုံးလျှင်ပင် ရနိုင်တော့သည်သာ။

သဘာဝကပြသော ဓမ္မသည် ကျွဲပျောက်၊ နွားပျောက်ကဲ့သို့ လိုက်ရှာနေစရာမလို။ သတိလုပ်ကွက် တစ်ချက်မိ ဒက်ကနဲ ရိပ်မိနိုင်သောကြောင့်။

ယနေ့ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယလက်နက်တို့ ထက်မြက်လာလျှင် ယနေ့ပင်လျှင် ရှုကွက်ထဲရှိ ခန္ဓာ့ဖြစ်စဉ်ကပြသော ရုပ်နာမ် ဖြစ်ပျက်ကား ဘွားကနဲတွေ့ရမည်။ ထိုအခါ ဝိတက်စရိုက် သမ္မာ၏ စျာန်ဝင်အားလည်း သတိထားနှင့်အတူ အကူလိုက်လာပြီ။ စျာန်ဝိတက် အားသန်သလောက် အမှန်မြင်သိ ပညာစရိုက်ကလည်း အားဖြည့်လျက် လိုက်လာပြီ။

ထို့နောက်တွင်ကား အဟုတ်မြင်လို့ အဟုတ်ယုံ၊ သဒ္ဓါ၊ ပညာနှစ်စုံ ခြေစုံပစ်လာပြီ။ တစ်ဖန် အဟုတ်ယုံလို့ အဟုတ်သိ သဒ္ဓါ၊ပညာ လက်နှစ်ဖက်လည်း ဝင်စွက်လာတော့သည်။ သို့ကြောင့် . . .

**ဝိတက်(သမ္မာ)စရိုက်** - ရမ္မက်အမျက် အဖျက်တို့ကို ခန္ဓာမှ ပက်ထုတ်ပေးသောအကျင့်။

**သဒ္ဓါစရိုက်** - ကောင်း၍မှန်သော သမ္မာအကျင့်၌ ယုံကြည်လာရန် ကျင့်သောအကျင့်။

**ပညာစရိုက်** - စစ်၍မှန်သော ခန္ဓာ့ဖြစ်စဉ်၌ ကိုယ်ပိုင်သိ အရှိဖော်ပေးသောအကျင့်။

ထိုအကျင့်ကောင်း (စရိုက်ကောင်း) သုံးဆင့်တို့သည် လူသုံးကုန် ပစ္စည်းများဟူ၍ဆိုရချေသည်။ ထိုသုံးမျိုး စိတ်၌ကြီးစိုးနေချိန် မတရားတွေး ကင်းဝေးနေသဖြင့် ရှင်လူ၊ စရိုက်ဆိုးသုံးမျိုး စိတ်၌ ဝင်တိုးနေချိန် တရားတွေး ပြေးပြီဖြစ်သဖြင့် သေလူ။

ထိုစရိုက်ကောင်းသုံးမျိုး စိတ်ဝယ်အမြဲကြီးစိုးနေရန် အရေးကြီးလာပြီ။ လူဖြစ်သော်မှ လူသေ (အခွင့်ရေးဆုံးရှုံးရာ ပါရမီတို့ လက်လွှတ်လိုက်ရသောနေရာ အပါယ်လေးရွာသို့ သေသည်နှင့် တပြိုင်နက် သွားရမည်ဖြစ်ခြင်း ပစ္စက္ခ၌လည်း လူသိကင်းမဲ့နေခြင်းများကြောင့်) ဘဝနှင့် နေနေရခြင်းများအပေါ် နောင်တ ရသင့်ကြလှပြီ။ စရိုက်ကောင်းသုံးပါး ထွန်းကား၍ လူရှင် ဖြစ်ရန်အရေးလည်း တွေးတောသင့်ကြပြီ။

**မှတ်ချက်** ။ ။ ဘုရားသားတော် သမီးတော်များ အတွက်သာ။

ထိုသို့ လူဖြစ်၍ လူ့ခေတ်တွင်း လူချင်းပေါင်း ပေါင်းခွင့်ရရေးများမှာ . . .

(က) သညာက္ခန္ဓာမှ အချိန်ပြည့် ထုတ်လုပ်ပေးနေသော သညာသိများ ချက်ချင်းပေါ် ချက်ချင်းမြုပ်သွားစေရန် ဝီရိယ၊ သတိ၊ အသိ သုံးမျိုး စိတ်ဝယ်အမြဲ ကြီးစိုးနေစေရပါမည်။

(ခ) ဥပါဒါနက္ခန္ဓာမှ အချိန်ပြည့် ဖြန့်ဖြူးပေးနေသော ပညတ်သိများ ချက်ချင်းပေါ် ချက်ချင်းမြုပ်သွားစေရန် ဝိတက်၊ သဒ္ဓါ၊ ပညာ ထိုသုံးဖြာတို့က သတိနှင့်မကွာ အတူပါနေစေ

ရပါမည်။

ထိုသို့သာ ရှေ့တက်သုံးမျိုး နောက်ကူသုံးဖြာ စုံညီညာ နေပါမူ လူသည် လူအဖြစ်၌ တည်နေပြီ။ သေလူမှ ရှင်လူအဖြစ် ဘဝပြောင်းလာပြီ။ ကိုယ့်ကိစ္စ ကိုယ်လုပ်ရကောင်းမှန်းသိလာပြီ။

လောကတွင် ကိစ္စတိုင်း အလုပ်တိုင်းတို့၌ သကိစ္စ၊ ပရကိစ္စ ခေါ် ကိုယ်ကြီးပွားရေး၊ အများကြီးပွားရေးဟူ၍ နှစ်မျိုး နှစ်မျိုးချည်း ရှိနေကြရာ. . . သကိစ္စကား လူ့ဇုန်ဘက် ဈေးတက် ဝယ် ကိုယ်တွက် အမြတ်ကျန်ခဲ့ခြင်း အလုပ်ဖြစ်ပြီး။ ပရကိစ္စကား လူ့ဇုန်ဘက် ဈေးထွက်ရောင်း သူတစ်ပါး ကောင်း စားရေးချည်း ပင်။

**မှတ်ချက်** ။ ။ ကိုယ်ကောင်းစားလျှင် အများလည်းပြီး၊ ခရီး နှစ်ဖက် အမြတ်ထွက်စေ၏။ ကိုယ်မဲ့တေက အများမလှ နှစ်ဦး နှစ်ဝစလုံးပင် သွားခရီး အပြီးဖျက်ကြရလိမ့်မည်။ ထိုစဉ် ကိုယ့် ကိစ္စ ကိုယ့်အရေး အလေးပေးလာသူ ကိုယ်တွက် အပါယူလို လျှင်. . .

၁။ စားစရာရှိက စားပါ။ သို့သော် ကိုယ်တွက်မရ မစားပါနှင့်။
၂။ သွားစရာရှိလည်း သွားပေးပါ။ သို့သော် ကိုယ်တွက်မရ မသွားပါနှင့်။
၃။ ကျန်ကိစ္စအဝဝ လုပ်ပေးစရာရှိက လုပ်ပေးကြပါ။ သို့သော် ကိုယ်တွက်မရ လုပ်မပေးကြပါနှင့်။

## ကိုယ့်တွက်ရ၍ သူ့အတွက်ကျ စားပေးနေခြင်းများ

ထိုစဉ်. . .

၁။ လူဖြစ်လာသဖြင့် လူစာ စားပေးရခြင်းက ဘဝအတွက် လျော်ကြေး ပေးဆပ်နေရခြင်းဖြစ်ပြီး၊ ထိုလူစာ စားရင်းက ကိုယ်ပိုင်သိ အသိ ရှိလာခြင်းကား ကိုယ်တွက်ရယူခြင်းပင်။

ထိုလူစာ စားရာ၌ တာဝန်ယူကြရမည့် ဆိုင်ရာ စိတ်နှင့် မျက်စိ၊ လက်၊ ပါးစပ် စသည်များတွင် ထင်ရှားရာအပေါ် သတိ တင်၍ ဆိုင်ရာများ လှုပ်ရှားနေသလောက် မှတ်ချက်ယူပေးနေ သော် အစတွင် ယူမှန်းသိ၊ ကိုင်မှန်းသိ၊ စားမှန်းသိ၊ ထို့နောက် ယင်းတို့၏ လှုပ်ရှားပုံ အမူရာထားများ၊ ထို့နောက် ထို့နောက်များ တွင်ကား တဖွားဖွားအရှိ တဖွားဖွားသိအထိ ဖြစ်ပျက်စဉ် ပေါ် လွင်ထင်ရှားလာစေမည်။

ထိုမှတစ်ဆင့် ယူချင်သည်နှင့် ယူပေးနေရခြင်း၊ ယူပေး နေသဖြင့် ယူနေပုံ အသိရှိလာတော့ခြင်း၊ ခွံ့ချင်သည်နှင့် ခွံ့ပေး နေရခြင်း၊ ခွံ့ပေးနေသဖြင့် ခွံ့နေပုံ အသိရှိလာတော့ခြင်း၊ ဝါးချင် သည်နှင့် ဝါးပေးနေရခြင်း၊ ဝါးပေးနေသဖြင့် ဝါးနေပုံ အသိရှိ လာတော့ခြင်း၊ စသည်စသည့် အလုပ်ကြပ်နှင့် အလုပ်သမား အခိုင်းနှင့်အလုပ် စည်းခြားထားရာအတွင်း အတူအလုပ်ဆင်း နေကြပါသည် ပမာ. . .

ယူလိုစိတ်ကညွှတ်လိုက်တိုင်း လက်ကယူပေးလိုက်ရခြင်း၊

တစ်ဖန် လက်ကယူပေးနေသမျှ သညာက္ခန္ဓာရှိ သညာကို စားပွဲ ထိုးအဖြစ် နေရာချ၍ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်နှင့် ကန်တူး ဘဝများက (ကမ္မဘဝများက) ပယ်ပယ်နယ်နယ် ထိုင်၍ ခံစား နေခြင်း ဤမြင်ကွင်း ထင်းထင်းမြင်လာကြရမည်။ အစသော် ယူစိတ်နှင့်ယူမှု ထိုနှစ်ခု။ နောက်သော်အပေးအယူ အချိတ် အဆက် သူတို့လုပ်ကွက်။

ဤမျှအထိ သတိနောက်ကအသိ (ဝီရိယ အကူဖြည့် ကြောင့်)အသိရှိလာနေသော် ရုပ်၏အစာသည် ထမင်း ဟင်း၊ စိတ်၏အစာကား သတိဖြစ်ရာ ထိုစိတ် သူ၏အစာ သတိ စား ခွင့်ရလာခြင်းကြောင့် စိတ်ရင့်ကျက်လာစေပြီ။ စိတ်ရင့်ကျက်သဖြင့် အသိပါပွင့်ထွက်လာပြီ။ ထိုအတိုင်းသာ စိတ်အတွက် သတိအစာ သွင်းပေးနေက ကြာသော် အသိ၏အသီး၊ မဂ်ကိစ္စအထိ ဧကန် ပြီးစီးလာရမည်။

ထိုသို့ စိတ်ပင်မကြီးမှ လူ့အသိများ ပွင့်ကြသီးကြ ဖြစ်လာ ကြသော်လည်း ရုပ်အတွက် ရုပ်စာဆက်ရင်း ဘဝ၏ ကျွန်ကိစ္စ ဆောင်ရွက်ခြင်းများလည်း မလစ်ဟင်းစေရပါ။ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်တို့၏ လက်ငုတ်လက်ရင်း ဆက်လက်ပေးသွင်းခြင်းများ လည်း မလစ်ဟင်းစေရပါ။ ခန္ဓာတွင်းနေ အစာစားပိုးမျိုးတို့၏ ကံကြွေးချလုပ်ငန်း ထမ်းရွက်ခန်းများလည်း တန်းလန်းပင် ရှိနေစေပါသည်။ အစာစားရာမှ ကိုယ့်ကိစ္စလုပ်ရင်း အများအ

တွက်ပါ ပြီးစီးရပုံများ။

တစ်ဖန် ဆာလွန်လွန်း၍ စားပေးလိုက်သည် သို့မဟုတ် စားချိန်ကျ၍ စားသုံးပေးနေသည်။ သို့သော် ထို စားမှုကိစ္စအတွင်း မိမိကိုယ်တွက် သတိ သွင်းပေးမထားခဲ့ပါမူ တဏှာ၊ ဥပါဒါန်တို့ ခေါင်းထောင်ထ ကောင်းသကွဖြင့်သာ စားကြပါမည်။ ဒေါသ၊ ဥပါဒါန်က ဦးဆောင် မကြိုက်ပေါင်ဖြင့် တစ်ပွဲပြီးကြရပါမည်။

ထိုစားပွဲကား တဏှာနှင့် အပေါင်းပါများအတွက်ချည်း စားပေးနေရခြင်း၊ ဘဝကြွေးချည်း ပေးဆပ်နေရခြင်း၊ ပိုးမျိုးများသို့ချည်း ရိက္ခာပို့ တာဝန်ယူပေးနေရခြင်း စသည်များကသာ တွင်ကျယ်နေတော့ရာ ထိုပွဲ ကိုယ်တွက်မရဘဲ အလကား ပြားလျော့ဖြင့် လုပ်ပေးရသော စားပွဲတည်း။ သည့်အတူ . . .

၂။ ကိုယ်တွက်ယူ၍ ဘဝခရီးထား သွားပေးနေခြင်း။

၃။ ကိုယ်တွက်ရ၍ ကျန်လူမှုကိစ္စအဝဝ ထမ်းပေးနေရခြင်း။

ထိုနှစ်မျိုးတို့၌လည်း လှုပ်ရှားတိုင်းမှာ မှတ်ချက်ပါဖြင့် ကိလေသာတို့ အနားမယူသလို သတိကလည်းအနားမယူဘဲ ခန္ဓာခွင်ရှိ အုပ်စုကြီး ငါးခု (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ခန္ဓာများ)တို့ မနေမနား လှုပ်ရှားနေကြသလို၊ သတိကလည်း အနားမယူဘဲ တဖက်အာရုံတို့က တစ်ခုပြီးတစ်ခု လုဝင်လုတိုက် လုယူလုနှိုက်နေကြသလို သတိကလည်း အနား မယူဘဲ

တစ်ခုပြီးတစ်ခု လုတား လူးဆီးဖြင့် လူထားစည်း အပြီး ကာခြား ပေး လူသိလေး မွေးပေးနေရပါမည်။

သတိနောက်မှ သိ သိပေးနေသောအသိ လူ့ပင်ကိုယ်သိ သက်သက်ဖြစ်ပါသည်။ သညာနောက်မှ သိ သိပေးနေသော အသိ လူသိနှင့် အစွဲသိ ငြိနေသော အသိဖြစ်ပါမည်။

ထိုသို့သာ ပရကိစ္စရပ်များဖြစ်ကြသော ခန္ဓာ့ဝန်အတွက် အမှုထမ်းပေးနေရခြင်းအကြားမှလည်းကောင်း၊ ကိလေသာဝန် အတွက် အမှုထမ်းပေးနေရသည့်အကြားမှလည်းကောင်း၊ လူ ဘဝရောက်သဖြင့် လူမှုဝန်ထမ်းအဖြစ် ထမ်းကြရမြဲသော သား မယားတာဝန်၊ ဆွေမိတ် မျိုးမိတ် တာဝန်၊ တိုင်းပြည်တာဝန် စ သည်အမှုစုံ အကုန်ထမ်းပေးနေရသည့်အကြားမှလည်းကောင်း၊ ထိုအကြား ဤအကြားများမှပင် "ပုံးထမ်းရာ ရေပါပါ" ပမာ သတိဖြင့်စွက် ကိုယ်တွက်ပါ ရယူတတ်ကြပါလျှင် . . .

သည်ဘဝမှာလည်း လူဖြစ်၍ လူခရီး သွားမှာသွား အငှား ဘုံကျွန်မှုကား အနားပေးခံရပြီ။ နောင်မှာလည်း ကိုယ်ပိုင်ဘဝ ဖြင့် နေခွင့်ရ လက်ခစား ကျွန်ခံဘဝမျိုး မတိုးစေရပြီ။ တစ်ချက် ခုတ် နှစ်ချက်ပြတ် တစ်ခါထဲနှင့် အလုပ်နှစ်လုပ် ထပ်လျက်ချည်း ပြီးစီးသွားခြင်းတည်း။

ထိုသူကား ဘာသာသွေးစက် လက်ချင်းဆက်ပေးရာဖြစ် သော ဘာသာရေးသင်တန်း တက်ပြီးဖြစ်သွားပြီ။ ထိုသူကား

ဘာသာ သွေးစက် ကိုယ်ထဲမှပင် အမြဲထွက်လာနေတော့သဖြင့် ဘာသာရေး သင်တန်း အောင်ပြီးသွားပြီ။ ထိုသူကား အနည်းဆုံး ဒိဋ္ဌိ၏လုပ်ကွက် လုပ်ဖက်ချ ခံနေရခြင်းများမှ ကင်းစင်သွား တော့ပြီ။ သို့ကြောင့် ဘာသာစုံ ဝိုင်းအုံနှောက် ဘယ်လောက် သွေးထိုးထိုး သွေးဆိုးများ ထွက်ကျမလာပြီ။

လောကီတွင်းမှ ဖြစ်ပွင့်လာသောအားသည် အားသန် တော့ မာန်ဝင်၊ မာန်ထန်လျှင် ပြိုင်ပွဲဝင်စမြဲချည်း ဖြစ်တတ်ကြရာ စရိုက်ဆိုး ခေါင်းပါး၊ စရိုက်ကောင်း သုံးပါးကြောင့် ကိုယ်ပိုင် စိတ် ထားအားကြီး လူ့ရင့်မာကြီးဖြစ်လာသော ထိုသင်တန်းအောင် ဘုရားသားတော်၊ သမီးတော်များလည်း မည်သည့် လူမျိုး၊ မည်သည့် ဘာသာ၊ မည်သို့သောဝါဒခြားမျိုးက အားပြိုင်ထွက် လာပါစေ၊ မိမိဘက်က အနိုင်ချည်း ဖြစ်နေတော့ရာ ဝိသာခါနှင့် မောင်ပုည၊ ဥတ္တရာနှင့်သုမနတို့ပမာ အခြားဘာသာမှ ဘုရား ဘာသာသို့ ပြောင်းဝင်လာဖို့သာ ရှိတော့သည်။ မိမိကား နဂိုထက် နဂိုင်းထွက် ပို၍ရင့်ကျက်လာစေမည်။

သဒ္ဓါကို အလုပ်သုံးကွက်ဖြင့် အစပျိုး သဒ္ဓါနိုးက ဆန္ဒ၊ ဝီရိယ အကူရ ဓမ္မသင်တန်း တက်ရောက်ပြီး။ ပညာကို ခန္ဓာ့ လုပ်ကွက်တွင် သတိဖြင့်အစပျိုး၊ သတိဖြိုးက သမာဓိ၊ ပညာ ဖြစ်ပွင့်ကြ ဓမ္မသင်တန်းပြီး။ သဒ္ဓါ၊ ပညာ ထိုနှစ်ဖြာ နှစ်ကောင်က

နွားပမာ ထမ်းပိုးထမ်း ညီလာပါမှု ဘာသာသွေး စိတ်အေး လက်အေး နွေးစား၍ ရရတော့သည်သာ။

**ဤကား သညာတွင် ပညာတင်၍ သင်ပေးရခြင်းများ။**

♦ ♦ ♦

## သွေးမှဖြစ်သော ဘာသာစကား

ငါတို့ လူ့ဘဝဖြင့် ရန်ကုန် ကျောက်မြောင်း၊ ကွက်စိတ်ဆေးလိပ်ရုံ၌နေစဉ် ပိုင်ရှင် ဦးစံအောင် ဒေါ်ပြုံး ကား ညောင်လေးပင် ဇာတိဖွားများချည်းဖြစ်ကြပြီး ဦးစံအောင်ကား ညောင်လေးပင် တောရဆရာတော် ဦးအရိယာဝံသနှင့် ညီအစ်ကိုတော် သည်ဆို၏။

တစ်နေ့ ထို ဦးစံအောင်ပြောသော စကားတစ်ခွန်းမှာ "ငါ . . . ဘုရားသင်ပေးတဲ့စာ မတတ်ဘူး။ ဒါပေမဲ့ ဘုရားစကားတော့ အသေယုံတယ်" ဟူ၏။ ထိုစကား သွေးမှဖြစ်သော ဘာသာရေးသမားတစ်ဦး၏ ဘာသာရေးစကားဖြစ်ပြီး ထိုဘာသာရေးစကားလည်း သွေးကပြောသော ဘာသာရေးစကားပင် ဖြစ်တော့သည်။

အကယ်တိတိ ထို ဦးစံအောင် ဘာသာရေး သင်တန်းတက်၊ ဘာသာရေးအောင်ဂေဇက်ထဲ သူ့ဘဝ သူ့နာမည်ပါတွဲလျက် ထွက်လာခဲ့သော် (ပရိယတ်၊ ပဋိပတ်သမား ဖြစ်ခဲ့သော်) ကိုယ့်ကိုယ်ကို ထိန်းနိုင်သော ဘာသာရေးသမားကောင်းတစ်ယောက်မှ မိမိနှင့်နီးစပ်ရာ တစ်ပိုင်တစ်နိုင် လူများကိုပါ သိမ်းပေးနိုင်သော ဘာသာရေးသမားကောင်း တစ်ယောက် ဖြစ်မှာသေချာသည်။ မှတ်သားထိုက်၊ လိုက်နာထိုက်သော စကားတစ်ခွန်းတည်း။

ဆိုခဲ့ပြီးစကားများ အားလုံးချုပ်ကြစို့. . .

သွေးသည်အသက် သွေးစက်ချင်းဆက်၍ ဘဝဝန်ထမ်းလမ်းခရီးဘက် ထွက်ရခြင်း။ သွေးသည်အသက် သွေးနှင့်ဖက်၍ ဝါဒနာနုသယမှ ညဉ်၊စရိုက် အညွန့်ထွက်ရခြင်း။

ထိုစဉ် လူဆိုရုံ ပုံကြမ်းလောင်း အဆင့်မျှဖြစ်သော သာမန်လူသားများအဖို့ ဘဝဘဝါ ကမ္ဘာ့ကမ္ဘာများမှ အမျှင်တွဲလျက် အထဲဝင် အစွဲညဉ်အဖြစ် ပါလာကြသော ညဉ်ဆိုး၊ စရိုက်ဆိုးများကသာ လွှမ်းမိုးနေချေရာ. . .

အကောင်းထင်၍တွဲ၊ အကောင်းက သာ ကွဲ၊ အစွဲကားထင်ကျန်နေရစ်ခဲ့၊ အကြွေးစာရင်း အတေးခံခဲ့ကြရပြီ။ အဆိုးထင်၍ ဖြဲ၊ အဆိုးက သာ ပြဲ၊ အစွဲကား အထဲထင်ကျန်နေရစ်ခဲ့ အကြွေးစာရင်းကြီးနဲ့။ တွေ့နေကျမို့ နွဲ့ အတွေ့ကသာရှဲ၊ အစွဲ

ကား အသည်းထင်ကျန်နေရစ်ခဲ့ အကြွေးစာရင်းကြီးနဲ့။ နောက်ဆုံး ဘဝသာဆုံး၍ စုန်းစုန်းနစ် အညစ်ကား အညစ်ဖြင့်ပင်၊ ပေဘဝ အရောက် သွားကြရသည်။

ညစ်ရာမှပေ၊ ပေရင်းကပွေ ပေးနေကြရသော ထိုထိုဘဝများ၌ သေခါနီး၏ နောက်ဆုံးစိတ် နိမိတ်ပြရာအတိုင်းသာ တစ်ဖက်ဘဝ လိုက်ခွင့် ရရှာကြရပြီး ဝိနိပါတိကဘေးခေါ် အစွဲချရာကျ ဉာဉ်ဆိုး၊ စရိုက်ဆိုးမှ ဘဝဆိုး အဖြစ်ဆိုး ထိုးကျနေခြင်းဖြင့်သာ သံသရာခွင် (အောက်တန်းမှနေ) ကျင်လည်ခွင့်ရစေကြရသည်။

အကယ်တိတိ လူဆိုရှုံ ပုံကြမ်းလောင်းအဆင့် သာမန်လူဖြစ်ခွင့်ရလာချိန် လူအဓိပ္ပာယ်ဖော် ပုံချောကိုင်အဆင့် ကိုယ်ပိုင်ဉာဉ်၊ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အရှိ ပြည့်လာစေသည်အထိ သင်တန်းတက်မိကြပါမှုကား . . .

လူ့ဘဝတစ်ခါရောက်၊ တစ်ဘဝဆို ဆိုသလောက် ခရီးလည်းပေါက်ကြမည်။ လူ့ဘဝ လူစိတ်မွေး လူ့ဉာဉ် လူသွေးချည်းလည်း စီးဆင်းပြေးနေကြမည်။

ထို ပုံချောကိုင်အဆင့် လူ့အရည်အသွေးမြှင့်ရာ၌ လိုအပ်သော အရင်းအနှီးကား သဒ္ဓါတရားပင်တည်း။ ထိုသဒ္ဓါ နိုးကြားလာစေရန်ကား တရားနာရင်းကပင် သုတသိ၊ စိန္တသိ၊ ဘာဝနာသိအထိ နားသွင်းပေး။ ထို နိုးပြီးသဒ္ဓါ ခိုင်မြဲလာစေရန်

ကား တရားအားထုတ်ရင်းကပင် ဘာဝနာသိမှ ပဋိဝေဓသိအထိ အားပင်းပေး။

(က) သဒ္ဓါကသာ နိုးထလာမည်ဆိုလျှင် သည်ဘက်က ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့ ဝင်လာဖို့ မခဲယဉ်းတော့ပြီ။

(ခ) သည်ဘက်ကလည်း သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ ဗိုလ်တကာတို့ ဝင်လာဖို့ မခဲယဉ်းကြတော့ပြီ။

ဘက်စုံ (အဓိပတိဘက်၊ ဗိုလ်ဘက် ထိုနှစ်ဖက်) ထိုးတက်လာချေသော် သဒ္ဓါ၏ ကြည်လင်စွာ စိတ်အေးပွင့်ရာမှ ထဖြစ်လာသော ထိုယုံကြည်ခြင်း အမြဲတေသည် သတိ၊ ဟီရိ၊ ဩတ္တပ္ပစသည် ဘဝကို လှပတင့်တယ်စေသော စိတ်အလှမွေးသောဘနစေတသိက် ၂၅-မျိုးတို့နှင့်သာ သန့်သန့်ရှင်းရှင်း ဆက်ဆံတတ်ချေရာ သဒ္ဓါကား သမ္မာမဂ္ဂင်လမ်းမှတစ်ပါး အခြားလမ်းပြောင်းမပို့ပြီ။ သဒ္ဓါမှဖြစ်သော ဘာသာသွေး တစ်ကြောင်းတည်း ပြေးနေတော့၏။

**မှတ်ချက်**။ ။ ကိုယ့်ဘာသာမို့ ကိုယ်ယုံသည်၊ ကိုယ်သဘောကျလို့ ကိုယ်ယုံသည်၊ စသည် ယုံတကာ့ယုံများကား မယားချစ်နေသူ ကိုယ့်မယား ဘာလုပ်လုပ် ခေါင်းမြှုပ်၍ ယုံနေသည်ပမာ၊ တဏှာယုံ ခုန်ဆွ ခုန်ဆွ အလိုကျ၍ ဟန်ပြနေခြင်းမျှသာ။

ယနေ့ ဗုဒ္ဓဘာသာဝင်တိုင်း ကိုယ့်သဒ္ဓါကိုယ်နှိုး၍ ကိုယ့်အကျိုး ကိုယ် သယ်ပိုးနေသော သားကောင်းများ ထွန်းကားလာ

စေရန်. . .

၁။ သန့်အေးဖြူစင်သော မျိုးတူသွေးတည်ချင်း ပေါင်းသင်း၍ သန္ဓေ သွေးသွင်း သားငယ် သမီးငယ်များ ဆင်းသက် စေကြပါ။ (ကြီးဖိုနှင့် ကြက်ဖြူမကြားက သားမျိုး မဖြစ်စေရ။)

၂။ မျိုးကောင်းမှဆင်းလာသော ထိုသားငယ်၊ သမီးငယ်လေး များအား အသိဝင်စ (၃၊ ၄ နှစ်ခန့်) အရွယ်နှင့် အရွယ်ဝင် စ (၁၁၊ ၁၂ နှစ်ခန့်) အရွယ်များတွင် သုတသိ၊ စိန္တသိများ ဖွင့်ပေးကြပါ။

၃။ သုတ၏ အလေ့အထသိနှင့် အတွေးအခေါ် စိန္တသိများ အသားကျလာချိန်များဖြစ်သော (၁၄၊ ၁၅ နှစ်ခန့်) များသို့ ဝင်ရောက်လာသောအခါ ကိုယ်တွေ့သင်၍ ကိုယ်ပိုင် ပညာ ဆင်ယင်ပေးတတ်သော နည်းမှန်၊ ဆရာမှန်များထံ နည်းခံစေကြပါ။ (ဝိပဿနာနှင့်ဖွင့်မှ လူသိပွင့်သည်။)

ထိုသင်တန်းဝင်၍ ထိုပညာ ဆင်ယင်ပြီးစီးပါလျှင်. . .

ထိုလူသားကား ယောကျ်ားဖြစ်ခဲ့လျှင် စိတ္တသူကြွယ်၊ ဟတ္ထက၊ အာဠဝက မင်းသားများပမာ. . .။ ထိုလူသားကား မိန်းမသားဖြစ်ခဲ့လျှင် နန္ဒမာတာ၊ ခုဇ္ဇုတ္တရာကျွန်မများပမာ. . .။ လူသားတိုင်း စံတင် ပြောဆိုကြရသော စံရှင်များဖြစ်ဖို့ သည်က နေ အာမခံလိုက်သည်။

* မျိုးကောင်းချင်းရွေး လက်ဆက်သွေး
သန္ဓေပေး၍ မွေးကြကုန်။
* သိရှယ်ဝင်စ ငယ်ကာလ
အလေ့ချ၍ သ,ကြကုန်။
* ဘဝခန်းတည် မထမ်းမီ
စွမ်းရည်ဉာဏ်သွေး ပေးကြကုန်။
* ဘဝဖြူစင် ဉာဏ်ကြီးရှင်
စံထင်ချိန်မျိုး ပမာပုံ။

♦ ♦ ♦

## ကျမ်းပြီးနိဂုံး

**ဘာသာဝိဒိယ ပဝတ္တံ၊ လောဟိတံ သဒ္ဒံ ပစ္စယော။**
**သာပန စတ္တာရော ဇာတော၊ သံဝဗ္ဗန္တိ မိပတေယျာ။**
**တေဟိ ဗလဝတော ကိစ္စံ၊ သိဇ္ဈတိယေဝ ကိံနာမ။ ။**

**ဘာသာဝိဒိယ** - ဘုရားအစထား ဆရာ ဆရာ့စကား အစဉ်လိုက်စားခဲ့ရာမှ
**ပဝတ္တံ** - ဖြစ်ပေါ်စီးဆင်းလာသော
**လောဟိတံ** - သွေးအားများသည်
**သဒ္ဒံ (သဒ္ဒါယ)** - အသက်ချင်းနှော သွေးချင်းပြောရာမှဖြစ်သော ယုံကြည်ချက်အား
**ပစ္စယော ဉပကာရကော** - ကျေးဇူးပြု၏။
**သာပန** - ထိုယုံကြည်ချက်သည်ကား

| | |
|---|---|
| **စတ္တာရော** | - လေးပါးတစ်တွဲ ကဲဆင့်လျက်က ရှိကုန်သော |
| **ဓမ္မာ အဓိပတေယျာ** | - ဆန္ဒကြီးမှုး၊ ဝီရိယကြီးမှုး၊ စိတ်ကြီးမှုး၊ ပညာကြီးမှုးတို့ကို |
| **သံဝုဗုန္တိ** | - တိုးပွားစေကုန်၏။ |
| **တေဟိ** | - ထိုအဓိပတိလေးမျိုးတို့ကသာ |
| **ဗလဝတောပန** | - အားကောင်းလာပါမူကား |
| **ကိံနာမကိစ္စံ** | - အဘယ်ကိစ္စမဆို |
| **သိဇ္ဈတိယေဝ** | - ပြီးစီးရတော့သည်သာ။ |

**ဘာသာသွေးလှ၍ ဘာသာဝါဒ အသားကျကြပါစေ။**

မဟာဗောဓိမြိုင် ဆရာတော်
၁၃၆၄-ခုနှစ်၊ တန်ဆောင်မုန်းလဆွေ့နေ့၊
စံရိပ်ငြိမ်၊ ကျော်တော။